Golden Lion Wire Co.,Ltd

# The VOICE Daily

AIR KBZ

Vol. 4 / No. 303 | Established in 2004 | ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း (၃) ရက်၊ (Thursday, March 30, 2017)


# NCA ထက် ပြည်ထောင်စု သဘောတူညီချက်ကို မျက်နှာမူရန် သမ္မတရုံးဆို

**ရန်ကုန်၊ မတ် ၂၉**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) ကို မီးမောင်းထိုးခြင်းထက် ပြည်ထောင်စု သဘောတူညီချက် (Union Accord) ကိုသာ မျက်နှာမူကြရန် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက ပြောဆိုလိုက်သည်။

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ်ခရီးစဉ်တွင် ကချင်လူထုခေါင်းဆောင်များနှင့် ဆွေးနွေးချက်အပေါ် KIO ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ဂွမ်မော်၏ တုံ့ပြန်ပြောကြားမှုကို ၎င်းက ယင်းသို့ ပြောဆိုခြင်းဖြစ်သည်။

KIO အနေနှင့် NCA စာ 2

**NCA စာချုပ် လက်မှတ်ရေးထိုးရန် မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင်များ သဘောတူ** စာ 2

## လစာအခွန် မဆောင်သူများကို အရေးယူမည်

**ရန်ကုန်၊ မတ် ၂၉**

သက်မွေးပညာရပ်တစ်ခုခုဖြင့် လစဉ်ရရှိသည့် လစာအပေါ်မှ အခွန်ငွေ မပေးဆောင်သူများကို အခွန်ဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာန က ထုတ်ပြန်သည်။

ဝင်ငွေခွန်ဥပဒေတွင် စာ 2

## ရန်ကုန်သင်္ကြန် လုံခြုံရေးအင်အား ရှစ်ထောင်ကျော် ဆောင်ရွက်မည်




ဓာတ်ပုံ – မြင့်မိုးညီ

စာ 2

ရန်ကုန်မြို့တော်ရှိ သင်္ကြန်မဏ္ဍပ်အနီးတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များ

## ရှမ်းပါတီတို့ မှတ်ပုံတင်ရမည့်ပွဲ

စာ 4

## အကြိုတ်အနယ်ရှိဦးမည့် ချောင်းဆုံ ကြားဖြတ်ရွေးကောက်ပွဲ

စာ 4

## တွံတေးငါးကန်များတွင် အမည်မသိ ရောဂါတစ်မျိုးကြောင့် ငါးများသေဆုံး

စာ 8

## မောင်တောတွင် လက်ပစ်ဗုံးကွဲ၍ ရဲဘော်နှစ်ဦး သေဆုံး၊ ဒုတပ်ရင်းမှူးအပါအဝင် လေးဦးဒဏ်ရာရ

**စစ်တွေ၊ မတ် ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်မြေ ၄ လိပ်ရကျေးရွာအုပ်စုအနီးတွင် မတ်လ ၂၇ ရက်နေ့ ညက နယ်မြေစိုးမိုးရေး ဆောင်ရွက်နေသော အမှတ် ၅၃၆ တပ်ရင်းမှ စစ်ကြောင်းတွင် လက်ပစ်ဗုံးတစ်လုံး မတော်တဆ ပေါက်ကွဲမှုဖြစ်ခဲ့ရာ တပ်သားအဆင့်ရှိ ရဲဘော်နှစ်ဦးသေဆုံးပြီး ဒုတပ်ရင်းမှူးနှင့် အခြားစစ်သည်အချို့ဒဏ်ရာရရှိခဲ့ကြောင်း မောင်တောဒေသအတွင်း တာဝန်ထမ်းဆောင်နေသည့် တပ်မတော်အရာရှိတစ်ဦးက ပြောကြားသည်။

စင်ကာပူ နိုင်ငံထုတ် ဝ၁ စာ 27

## ရန်ကုန်မြို့လယ်တွင် ကိုယ်လုံးတီးဖြင့် ပြေးလွှားနေသည့် အမျိုးသမီးကို ရဲမေများက ဝိုင်းဖမ်း

**ရန်ကုန်၊ မတ် ၂၉**

လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်းပေါ်တွင် မတ်လ ၂၈ ရက် ည ၉ နာရီခွဲက အဝတ်အစား ဗလာကိုယ်လုံးတီးဖြင့် ပြေးလွှားနေသော အသက် ၃၀ ကျော်အရွယ် အမျိုးသမီးတစ်ဦးကို ရဲမေများက ဝိုင်းဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါ အမျိုးသမီးမှာ စာ 27



Photo by Myo Myint




# NCA စာချုပ် လက်မှတ်ရေးထိုးရန် မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင်များ သဘောတူ

**မော်လမြိုင်၊ မတ် ၂၉**

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်(NCA)တွင်လက်မှတ်ရေးထိုးရေးနှင့် ပတ်သက်၍ မတ်လ ၂၁ ရက်တွင် မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီအစည်းအဝေး ပြုလုပ်ပြီးနောက် ဗဟိုအလုပ်အမှုဆောင်များက လက်မှတ်ထိုးရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင် ပြည်တွင်းရေးရာ တာဝန်ခံ နိုင်ဝင်းလုက ပြောကြားသည်။

"အပစ်ရပ် လက်မှတ်ထိုးမှ နိုင်ငံရေး စကားဝိုင်းကိုတက်ရမှာဖြစ်တဲ့အတွက် မွန်ပြည်သစ်အနေနဲ့ နိုင်ငံရေး စကားဝိုင်းကို သွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ NCA ကိုလက်မှတ်ထိုးမှာ ဖြစ်ပါတယ်၊ NCA က ကျွန်တော်တို့ရဲ့ ပန်းတိုင်မဟုတ်ဘူး၊ NCA ဆိုတာက ကျွန်တော်တို့ နိုင်ငံရေးဆွေးနွေးပွဲသွားဖို့ တံခါးတစ်ချပ်ပဲ၊ ဒီတံခါးပေါက်ကို ဝင်မှ နိုင်ငံရေး ဆွေးနွေးပွဲကို ရောက်မယ်ဆိုတော့ ဒီတံခါးကိုဝင်လိုက်တဲ့သဘောပဲ" ဟု ၎င်းက ရှင်းပြသည်။

သင်္ကြန်ကာလပြီးပါက ဗဟိုကော်မတီ အစည်းအဝေးခေါ်ယူ၍ သဘောထားဆုံးဖြတ်ချက်ရယူပြီးနောက် ဧပြီလနောက်ဆုံးပတ်တွင် ကျင်းပမည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ညီလာခံတွင်လည်း အဖွဲ့ဝင် ၇ ဖွဲ့တို့နှင့် ဆွေးနွေးကာ ကွဲပြားသည့်အဖြေတစ်ခုရရှိလာနိုင်မည်ဟုမျှော်လင့်ကြောင်း နိုင်ဝင်းလုက ရှင်းပြသည်။

NCA မူကြမ်းကိုမွန်ပြည်သစ်ပါတီအနေနှင့် သဘောတူ လက်ခံထားပြီး၊ UNFC မှတင်ပြထားသည့်အချက် ၉ ချက်ကိုလည်း ပြည်ထောင်စုအစိုးရအနေနှင့် မူအရ လက်ခံထားကြောင်း၊ လက်ခံထားသည့် အချက်များမှာ အပြောင်းအလဲမရှိပါက လက်မှတ်ထိုးဖြစ်မည်ဖြစ်ပြီး အချက် ၉ ချက် အပြောင်းအလဲ ဖြစ်ပါက NCA လက်မှတ်ရေးထိုးမှု ကြန့်ကြာနေဦးမည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

မွန်ပြည်သစ် ပါတီအနေနှင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူ စာချုပ်ချုပ် ဆိုပြီးနောက် ပါတီ အခြေခံရပ်တည်ချက်မှာ အပစ်အခတ်ရပ်စဲရေး ပြုလုပ်ပြီးနောက် နိုင်ငံရေးစကားဝိုင်း တက်ရောက်မည့်အချက်မှာ အဓိကအခြေခံ အချက်ဖြစ်ကြောင်း၊ မွန်ပြည်သစ်ပါတီအနေနှင့် UNFC ၏ အဖွဲ့ဝင်ဖြစ်သည့်အတွက် တပ်ပေါင်းစု၏ ရပ်တည်ချက်အတိုင်း ရပ်တည်ခဲ့ရာ ယခုအခါ မိမိတို့ ပါတီ၏ ရပ်တည်ချက်အဖြစ် ပြောင်းလဲရပ်တည် သွားမည်ဖြစ်ကြောင်း မွန်ပြည်သစ်ပါတီထံမှ သိရသည်။

NCA လက်မှတ် ရေးထိုးခြင်းမပြုရသေးသည့် UNFC အဖွဲ့ဝင်နှင့် အဖွဲ့ဝင်မဟုတ်သည့်အဖွဲ့တို့ ပူးတွဲဖွဲ့စည်းထားသည့် NCCT အဖွဲ့ဝင် ၇ ဖွဲ့မှာ ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ 'ဝ' အမျိုးသားအဖွဲ့ (WNO)၊ ရခိုင် အမျိုးသားကောင်စီ (ANC)၊ လာဟူ ဒီမိုကရက်တစ်ပါတီနှင့် မွန်ပြည်သစ်ပါတီအဖွဲ့တို့ ပါဝင်သည်။ ■

# ရန်ကုန်သင်္ကြန် လုံခြုံရေး အင်အား ရှစ်ထောင်ကျော် ဆောင်ရွက်မည်

**ရန်ကုန်၊ မတ် ၂၉**

မူးယစ်ရမ်းကားမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ ယာဉ်မတော်တဆမှုများ အပါအဝင် မလိုလားအပ်သည့် ပဋိပက္ခများနှင့် အကြမ်းဖက်မှု ဖြစ်စဉ်များ မဖြစ်ပွားစေရန် ယခုနှစ် ရန်ကုန်သင်္ကြန်လုံခြုံရေးကို အင်အားရှစ်ထောင်ကျော်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းက ပြောကြားသည်။

၂၀၁၆ ခုနှစ် မဟာသင်္ကြန်တွင် အများပြည်သူ စိတ်အေးချမ်းသာစွာ ရေကစားနိုင်ရန်နှင့် မှုခင်းဖြစ်စဉ် များ မဖြစ်ပွားစေရန် မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကို ရလဒ်ကောင်းများ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေနှင့် ယင်းရလဒ်ကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ယခုနှစ် ရန်ကုန်သင်္ကြန် လုံခြုံရေးကို အင်အားတိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

လုံခြုံရေးအင်အား ရှစ်ထောင်ကျော် ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အင်အား သုံးထောင်ကျော်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား တစ်ထောင်ကျော်နှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ အင်အား နှစ်ထောင်ကျော် ပါဝင်မည်ဖြစ်ပြီး ကျန်လုံခြုံရေးအဖွဲ့ဝင်များမှာ သက်ဆိုင်ရာမြို့နယ်အန္တမှ မီးသတ်တပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအဖွဲ့နှင့် ကြက်ခြေနီများ ပါဝင်မည်ဖြစ်ကြောင်း ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောကြားသည်။

"သင်္ကြန်မှာ မူးယစ်ဆေးနဲ့လိင်စိတ်ကြွဆေး သုံးစွဲတာ၊ အရက်မူး ရမ်းကားတာ၊ တုတ်၊ ဓား လက်နက်တွေ နိုးတက်သယ်ဆောင်လာတာတွေ မရှိရအောင် လုံခြုံရေးအဖွဲ့တွေက သက်ဆိုင်ရာ မြို့နယ်အလိုက် စစ်ဆေးဆောင်ရွက်သွားမယ်၊ အရက်ဘီယာ ပုလင်းတွေနဲ့ ခိုက်ရန်မဖြစ်ရအောင် ကြွပ်ကြွပ်အိတ်ထုပ်တွေနဲ့လှယ်ပေးမယ်၊ အရမ်းမူးနေသူကို အိမ်အထိ ပြန်လိုက်ပို့ပေးမယ်၊ အများပြည်သူ စိတ်အေးချမ်းသာစွာ ရေကစားနိုင်ဖို့ လုံခြုံရေးအဖွဲ့က ဝန်ဆောင်မှု အကောင်းဆုံး ပေးသွားမယ်၊ ဝန်ဆောင်မှုထက် ကျော်လွန်လာရင် ဥပဒေအရ ထိရောက်စွာ အရေးယူသွားမယ်" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ယခုနှစ် ရန်ကုန်သင်္ကြန်တွင် မဏ္ဍပ်ကြီး ၂၂ ခုအပါအဝင် မဏ္ဍပ်ပေါင်း ၈၀ ကျော် တည်ဆောက် သွားမည်ဖြစ်ပြီး မဏ္ဍပ်တစ်ခုလျှင် ရဲတပ်ဖွဲ့ဝင် အနည်းဆုံး ၂၀ ဦးခန့်က လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ယင်းအပြင် မဏ္ဍပ်အလိုက် ငှားရမ်းမည့် ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်းများနှင့် မဏ္ဍပ် တာဝန်ရှိသူများကို လုံခြုံရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ သီးသန့်ခေါ်ယူ ဆွေးနွေး သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

"ယခင်သင်္ကြန်ဆိုတာက ရိုးရာပျော်ပွဲရွှင်ပွဲဆိုပေမယ့် အခုနောက်ပိုင်းမှာ စီးပွားရေးဘက်ဆန်လာမှု၊ နိုင်ငံရေးမငြိမ်သက်အောင် လုပ်ဆောင်မှုအချို့တွေ ရှိလာတယ်၊ နိုင်ငံ့အနောက်ဘက်၊ မြောက်ဘက်နဲ့ အရှေ့မြောက်ဘက်က မငြိမ်သက်မှုတွေကို အာရုံလွှဲပြောင်းစေနိုင်မယ့် သင်္ကြန်ကာလ အကြမ်းဖက်လှုပ်ရှားမှုတွေ ရှိလာနိုင်မလားဆိုတာကိုပါ လုံခြုံရေးအဖွဲ့က အမြဲသတိထား စောင့်ကြည့်ရမယ်၊ ဒ့ါအပြင် ပြည်ပက ဘာသာရေးလှုံ့ဆော်မှု၊ အကြမ်းဖက်သမားတွေ ဝင်ရောက်တိုက်ခိုက်လာမှုမျိုး မဖြစ်ရအောင် သက်ဆိုင်ရာ မြို့နယ်ခရိုင်အလိုက် လုံခြုံရေးအထူးတင်းကျပ်ဆောင်ရွက်သွားရမယ်" ဟု ဗိုလ်မှူးကြီး တင်အောင်ထွန်းက ဆက်လက်ပြောကြားသည်။

၂၀၁၆ ခုနှစ် သင်္ကြန်ကာလတွင် ရန်ကုန်တိုင်းဒေသကြီး၌ လူသတ်မှုမဖြစ်ပွားခဲ့သော်လည်း ယာဉ်တိုက်မှု ၁၆ မှု၊ ခိုက်ရန်ဖြစ်ပွားမှု ၁၁ မှု၊ ခါးပိုက်နှိုက်မှု ၄၅ မှု အပါအဝင် အမှုပေါင်း ၁၀၇ မှု ဖြစ်ပွားခဲ့ကြောင်း၊ ယခုနှစ် သင်္ကြန်ကာလတွင် မှုခင်းဖြစ်စဉ်များ ပိုမိုကျဆင်းစေရန် လူစည်ကားရာ နေရာများနှင့် မဏ္ဍပ်များ အနီးတွင် ယာယီရဲကင်းများဖြင့် လုံခြုံရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။ **S-03**

## မျက်နှာဖုံး - NCA ထက် ပြည်ထောင်စု သဘောတူညီချက်ကို မှ အဆက်

လက်မှတ်ထိုးရန် သဘောတူထားဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့မှုအပေါ် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ဂွမ်မော်က NCA ကိုအပြီးသတ် ဆွေးနွေးပြီးသည့် အချိန်မှ လက်မှတ်ထိုးမည်ဟု ပြောကြားထားခြင်းဖြစ်ကြောင်း၊ လက်မှတ်ထိုးရန် လက်ခံထားပြီးသည့် အခြေအနေမျိုး မဟုတ်ကြောင်း မတ်လ ၂၈ ရက်နေ့က ပြန်လည်တုံ့ပြန်ပြောဆိုခဲ့သည်။

NCA သည် ပန်းတိုင်မဟုတ်ဘဲ ၂၁ရာစု ပင်လုံညီလာခံ၏ နိုင်ငံရေး ဆွေးနွေးပွဲ စားပွဲဝိုင်းသို့ တက်ရောက်ရန် လှေကားထစ်တစ်ဆင့်သာဖြစ်ကြောင်း ၂၁ရာစု ပင်လုံညီလာခံ၏ နိုင်ငံရေးဆွေးနွေးပွဲများမှ ပေါ်ပေါက်လာသော ပြည်ထောင်စု သဘောတူညီချက် (Union Accord) သည်သာ အနာဂတ် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး အခြေခံမှုများ ဖြစ်လာမည်ဖြစ်ကြောင်း ဦးဇော်ဌေးက ရှင်းပြသည်။

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း ၎င်း၏ အစိုးရသက်တမ်းအတွင်း ပထမဦးဆုံး သွားရောက်သည့် ကချင်ပြည်နယ် ခရီးစဉ်တွင် NCA ကို အားလုံးပါဝင် လက်မှတ်ရေးထိုးစေလိုကြောင်း၊ NCA အောင်မြင်ခြင်းသည် ငြိမ်းချမ်းရေး ဖြစ်စေရန် အောင်မြင်ခြင်းဖြစ်ပြီး ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရန် အတူတကွ သန္နိဋ္ဌာန် ချလိုက်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ကချင်လူထုခေါင်းဆောင်များ တွေ့ဆုံမှုအပြီးတွင် KIO ဒုဥက္ကဋ္ဌဗိုလ်ချုပ်ဂွမ်မော်က ဒေါ်အောင်ဆန်းစုကြည်၏ ဆွေးနွေးမှုအပေါ် အားရကျေနပ်မှုရှိသော်လည်း NCA ကို လက်ခံထားခြင်းနှင့် ပင်လုံစာချုပ်တွင် တိုင်းရင်းသားအားလုံး မပါဝင်ခဲ့သောကြောင့် ပင်လုံစာချုပ်ကို ပုံသေကိုင်စွဲ၍မရကြောင်း ပြောဆိုခဲ့မှုအပေါ်တွင် ဝေဖန်ပြောကြားခဲ့သည်။

"NCA ဟာ UNFC အပါအဝင် ကျွန်တော်တို့ ညှိနှိုင်းဆဲသာဖြစ်ပါတယ်။ ကျွန်တော်တို့ NCA ထိုးမယ်ဆိုတာ မပြောသေးဘဲနဲ့၊ ညှိနှိုင်းလို့ လက်ခံလောက်မှ လက်မှတ်ထိုးမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ သူ့ဆီကို ရောက်တဲ့ Message က မှားနေတယ်လို့ထင်တယ်" ဟု ဗိုလ်ချုပ်ဂွမ်မော်က The Voice ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလကုန်ပိုင်းက 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒေသ ပန်ဆန်းတွင် ကျင်းပခဲ့သည့် NCA မထိုးရသေးသည့် တိုင်းရင်းသား လက်နက်ကိုင် ညီလာခံအပြီးတွင် NCA ကို လက်မှတ်ရေးထိုးခြင်း မရှိတော့ဘဲ ငြိမ်းချမ်းရေး လမ်းကြောင်းအသစ် ရှာဖွေမည်ဟု ထုတ်ပြန်ခဲ့သည်။

ယင်းသို့ပင် မြောက်ပိုင်းမဟာမိတ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး တာဘုန်းကျော်က NCA သည်ပြည်ထောင်စုကိုအမှန်တကယ် သွားနိုင်သည့် နှစ်ဖက်အပစ် အခတ်ရပ်စဲရေးကို အမှန်တကယ် အာမခံချက်ပေးနိုင်သည့် စာချုပ်တစ်ခုအဖြစ် လက်မခံနိုင်တော့ကြောင်း ပြောကြားသည်။

UWSA ဦးဆောင်သည့် အဆိုပါ နိုင်ငံရေးလမ်းစဉ်ကို လိုက်ရန်မြောက်ပိုင်း အဖွဲ့ သုံးဖွဲ့ (TNLA/AA/MNDAA) အဖွဲ့များက ပြောဆိုထားပြီး တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားနေသည့် KIO အဖွဲ့ကလည်း လက်ရှိတွင် NCA လက်မှတ်ထိုးရေး မသေချာဖြစ်နေသည်။

သို့သော်လည်း ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)တွင်ပါဝင်သည့်အခြားလက်မှတ်မထိုးရသေးသည့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် အခြားအဖွဲ့များက NCA လမ်းစဉ်ကို ဆက်လက်လုပ်ဆောင်မည့် သဘောထားများကို ပြီးခဲ့သည့် ရက်ပိုင်းက ထုတ်ဖော်ပြောဆိုထားပြီး UNFC အဖွဲ့အတွင်းတွင် NCA လက်မှတ်ထိုးရေးနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှု ဖြစ်ပေါ်နေသည်။

လက်ရှိတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ကို ကရင်အမျိုးသားအစည်းအရုံး (KNU) အပါအဝင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့ လက်မှတ်ရေးထိုးထားသည်။

■ J-08

## မျက်နှာဖုံး - လစာအခွန်မဆောင်သူများကို မှ အဆက်

လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ ကရုဏာကြေးနှင့် လစာ၊ လုပ်ခအစား (သို့မဟုတ်) ယင်းတို့ အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်၊ အကျိုးခံစားခွင့်တို့ ပေါင်းစည်းရရှိရာမှ တစ်နှစ်လျှင် ကျပ်သိန်း ၂၀ ကျော်ရရှိသူများသည် အခွန်စည်းကြပ်ထိုက် သူများဖြစ်သည့်အတွက် လာရောက်လုပ်ဆောင်ရမည်ဖြစ်သော်လည်း မပေးဆောင်သည့်အတွက် ထိုသို့ ထုတ်ပြန်ခြင်းဖြစ်သည်။

"လစာအခွန်ပေးမယ့်သူတွေအနေနဲ့ သက်ဆိုင်ရာ မြို့နယ်အခွန်ရုံးတွေက တစ်ဆင့် ပေးဆောင်ရမှာပါ။ နားမလည်တာတွေ၊ လိုအပ်တာတွေ ရှိနေရင်လည်း မေးမြန်းလို့ရနိုင်ပါတယ်" ဟု ပြည်တွင်းအခွန်များဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောဆိုသည်။

ထို့အပြင် အထက်ပါလစာဝင်ငွေခွန်ကို တစ်ဦးတစ်ယောက်ပိုင် လုပ်ငန်းဖြစ်လျှင် ပိုင်ရှင်ကိုယ်တိုင်ကလည်းကောင်း၊ ပုဂ္ဂိုလ်စုပိုင်ဖြစ်လျှင် ထိုပုဂ္ဂိုလ်စုကလည်းကောင်း၊ အစိုးရ(သို့မဟုတ်)ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဖြစ်လျှင် ငွေထုတ်ပေးရန်တာဝန်ရှိသူ စီမံခန့်ခွဲရေးဝန်ထမ်းကလည်းကောင်း တာဝန်ယူ၍ ကျသင့်အခွန်ကို နုတ်ယူပေးသွင်းရမည်ဖြစ်ကြောင်း ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန် အကောက်ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည်။

ယခုဘဏ္ဍာနှစ်အတွက် သက်မွေးဝမ်းကျောင်းပညာရပ်များမှတစ်ဆင့် လစာအပေါ်မှ အခွန်ဆောင်မည့်သူများသည် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေက သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းဥပဒေအရ တစ်နှစ်လျှင် ဝင်ငွေ ကျပ် ၄၈ သိန်းရရှိသူသည် ဝင်ငွေခွန်ပေးဆောင်ရမည်မဟုတ်ဘဲ အခြေခံသက်သာခွင့် ၂၀ ရာခိုင်နှုန်းအပြင် အတူနေ မိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်း၊ ဇနီး၊ ခင်ပွန်းရှိသူအနေနှင့် ကျပ် ၁၀ သိန်းနှင့် သားသမီးတစ်ဦးလျှင် ကျပ် ၄ သိန်း သက်သာခွင့်ရရှိမည်ဖြစ်သည်။

တစ်နှစ်လျှင်သုညကျပ်မှသိန်းနှစ်ဆယ် အထိကို သုညရာခိုင်နှုန်း၊ ၂,၀၀၀,၀၀၁ မှ ၅,၀၀၀,၀၀၀ ထိကို ၅ ရာခိုင်နှုန်း၊ ၅,၀၀၀,၀၀၁ မှ ၁၀,၀၀၀,၀၀၀ ထိကို ၁၀ ရာခိုင်နှုန်း၊ ၁၀,၀၀၀,၀၀၁ မှ ၂၀,၀၀၀,၀၀၀ ထိကို ၁၅ ရာခိုင်နှုန်း၊ ကျပ် ၂၀,၀၀၀,၀၀၁ မှ ၃၀,၀၀၀,၀၀၀ ထိကို ၂၀ ရာခိုင်နှုန်းနှင့် ကျပ် ၃၀,၀၀၀,၀၀၁ နှင့်အထက် ရရှိသူများအနေနှင့် ၂၅ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ကြောင်း ယင်းဥပဒေတွင် သတ်မှတ်ထားသည်။ ■ **S-04**




Ovaltine
အတာသင်္ကြန်ပွဲတော်မှာ လန်းဆန်းစေဖို့
အိုဗာတင်း ၄၀၀ ဂရမ် ဘူးကို ဝယ်ယူပြီး
အိုဗာတင်းအဖုံးလက်ဆောင်
လက်ဆောင်
Ovaltine
Malted Milk
COMPLETE NUTRITION
လက်ဆောင်
Ovaltine
COMPLETE NUTRITION
ပစ္စည်းအရေအတွက်ကန့်သတ်ထားလို့ မြန်မြန် ဝယ်လိုက်နော်

# ရှမ်းပါတီတို့ မှတ်ကျောက်တင်ရမည့် ပွဲ

## ရှမ်းစကားမတတ်၍ အခက်တွေ့ခဲ့သည့် NLD နှင့် SNLD ကသာ ပြိုင်ဘက်ဟုဆိုသည့် ကြံ့ခိုင်ရေး

ကျော်စိုးဦး



ဓာတ်ပုံ- ရန်နိုင်

**ရှမ်း** ပြည်နယ်ရှိ လစ်လပ်မဲဆန္ဒနယ်များ၌ အပြိုင်မဲဆွယ်လျက်ရှိသည်။ ရှမ်းပြည်နယ်မှာ ယခုကြားဖြတ် ရွေးကောက်ပွဲတွင် စိတ်ဝင်စားစရာအကောင်းဆုံး ဖြစ်လာမည့် ပြည်နယ်လည်း ဖြစ်သည်။

ပါတီကြီးများ အပြိုင်ကြဲမည့် မဲဆန္ဒနယ်ဖြစ်ပြီး ဒေသခံပါတီ အားကောင်းသည့် နေရာရှိသလို NLD ပါတီအမာခံများ ရှိသောနေရာများလည်းရှိရာ ပိုမိုအကြိတ်အနယ် ရှိလှသည်။

ရှမ်းပြည်နယ်တွင် အကြိတ်အနယ် မဲဆွယ်နေသည့်ပါတီများကတော့ အင်အားတောင့်တင်းလှသည့် NLD (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)နှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) တို့ဖြစ်ပြီး ရှမ်းပြည်နယ်အခြေစိုက် ဒေသပါတီများဖြစ်သော ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(SNLD) နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) တို့ ဖြစ်သည်။

SNLD ပါတီသည် ၁၉၉၀ ရွေးကောက်ပွဲ၌ လူထုထောက်ခံမှု ဒုတိယအများဆုံးရရှိခဲ့ပြီး ၂၀၁၀ အထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း မရှိပေ။ ၂၀၁၀ ရွေးကောက်ပွဲ၌ ဒေသခံ SNDP ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရှမ်းပြည်နယ် တစ်ပြည်နယ်လုံးနီးပါး အောင်မြင်မှုရရှိခဲ့သည်။

သို့သော် ၂၀၁၅ ရွေးကောက်ပွဲ၌ SNLD ပါတီ ပြန်လည်ဝင်ရောက်အရွေးကောက်ခံခဲ့ရာ ရှမ်းပြည်နယ်ရှိ မဲဆန္ဒနယ်အားလုံးနီးပါး အနိုင်ရရှိခဲ့ပြီး SNDP ပါတီသည် ပြည်နယ်လွှတ်တော်နေရာအချို့သာ အနိုင်ရရှိခဲ့သည်။

ယခုကြားဖြတ်ရွေးကောက်ပွဲ၌ ရှမ်းပြည်နယ်တွင် လစ်လပ်မဲဆန္ဒနယ်မြေ ရှစ်နေရာရှိပြီး ပြည်သူ့လွှတ်တော်နှစ်နေရာ၊ ပြည်နယ်လွှတ်တော်ခြောက်နေရာ ဖြစ်သည်။

ကျေးသီးနှင့် မိုင်းရှူး၌ ပြည်သူ့လွှတ်တော်နှစ်နေရာ၊ ပြည်နယ်လွှတ်တော်လေးနေရာနှင့် ကျိုင်းတုံ နှင့် ညောင်ရွှေ၌ ပြည်နယ်လွှတ်တော်နှစ်နေရာ လစ်လပ်လျက်ရှိသည်။

ယင်းမဲဆန္ဒနယ်များတွင် ရှမ်းပြည်နယ် မြောက်ပိုင်း ကျေးသီးနှင့် မိုင်းရှူးမဲဆန္ဒနယ်များမှာ နယ်မြေမငြိမ်းချမ်းမှုကြောင့် ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်း မရှိခဲ့ဘဲ ယခုမှသာ ပထမဆုံးအကြိမ် ကျင်းပရခြင်းဖြစ်သည်။

ကျေးသီးနှင့် မိုင်းရှူးမြို့သည် ရှမ်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည့် SSPP/SSA နယ်မြေဖြစ်ပြီး တပ်မတော်နှင့် တိုက်ပွဲများ ပြင်းထန်စွာ တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းကြောင့် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့သောနေရာများလည်း ဖြစ်သည်။

သို့သော် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ၌ အဆိုပါနယ်မြေများ တည်ငြိမ်မှု ပြန်လည်ရရှိခြင်းကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ ပြန်လည်ကျင်းပရန် ခွင့်ပြုပေးခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ လစ်လပ်လျက်ရှိသော ကျေးသီးမြို့၌ ဆန္ဒမဲပေးခွင့်ရှိသူ ငါးသောင်းသုံးထောင်ကျော်ရှိပြီး တပ်မတော်သား ဆန္ဒမဲခွင့်ရှိသူ တစ်ထောင့်သုံးရာကျော်ရှိသည်။

မိုင်းရှူးမြို့၌ ဆန္ဒမဲပေးခွင့်ရှိသူ လေးသောင်းလေးထောင်နီးပါးရှိပြီး တပ်မတော်သား ဆန္ဒမဲပေးခွင့်ရှိသူ လေးရာနီးပါးရှိသည်။

ရှမ်းအခြေစိုက်ပါတီများ အားကောင်းသည့် ရှမ်းပြည်နယ်တွင် အခြားပါတီများ အနိုင်ရရေးမှာ လွယ်ကူလှသည်တော့ မဟုတ်။

သို့ကြောင့်ပင် ရှမ်းပြည်နယ်ရှိ လစ်လပ်နေရာများ အနိုင်ရရှိရေးအတွက် NLD ပါတီမှ ထိပ်ပိုင်းခေါင်းဆောင် ဦးဝင်းထိန် ကိုယ်တိုင်မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ခဲ့သည်။

ယင်းသို့ပင် ရှမ်းလူထုထောက်ခံမှု များစွာရရှိထားသော SNLD ပါတီကလည်း ပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းဦး ကိုယ်တိုင် မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်နေသည်။

SNLD ပါတီအတွင်းရေးမှူး ဦးစိုင်းညွှန့်လွင်က ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲသည် လူထုစိတ်ဝင်စားမှုနည်းပါးသော်လည်း နိုင်ငံရေးအရ လွှတ်တော်ရောက်ရှိရန် ဆောင်ရွက်ရမည်ဖြစ်ပြီး ရှမ်းပြည်နယ်၌ ဝင်ရောက်ယှဉ်ပြိုင်မည့် အခြားနိုင်ငံရေးပါတီများသည် နိုင်ငံရေးအရ လူထုကိုလွှမ်းမိုးနိုင်ခြင်း မရှိကြောင်း ဆိုသည်။

"ကြားဖြတ်မှာ ရှမ်းပြည်နယ်လစ်လပ် မဲဆန္ဒနယ်မြေအတွက် ပြိုင်ဘက်ပါတီက ကြံ့ခိုင်ရေးဖြစ်တယ်။ NLD ပါတီက ပြိုင်ဘက်မဟုတ်ဘူး" ဟု ၎င်းက ပြောသည်။

ကြံ့ခိုင်ရေးပါတီမှာ ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲများတွင် ရှမ်းပြည်နယ်ရှိမဲဆန္ဒနယ်များတွင် ဒုတိယအများဆုံးအနိုင်ရသည့်ပါတီဖြစ်ခဲ့သည်။

တပ်မတော်သား မဲဆန္ဒရှင် အများစုရှိနေသည့်အတွက်လည်း ကြံ့ခိုင်ရေးပါတီမှာ ရှမ်းပြည်နယ်တွင် အလားအလာအကောင်းဆုံး ဖြစ်နေခြင်းဖြစ်သည်။

ရှမ်းပြည်နယ် ကြံ့ခိုင်ရေးပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဦးနန္ဒာလှမြင့်ကလည်း "ရှမ်းပြည်အတွက် ပြိုင်ဘက်က NLD မဟုတ်ဘူး၊ SNLD ဖြစ်တယ်" ဟု ဆိုသည်။

ကြံ့ခိုင်ရေးပါတီအနေနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်များကို အောင်မြင်မှုရရှိရန်ကြိုးစားထားသော်လည်း လူထု၏ဆုံးဖြတ်ချက်အပေါ် မူတည်နိုင်ကြောင်း ဦးနန္ဒာလှမြင့်က ပြောဆိုသည်။

ယင်းသို့ပင် လက်ရှိအာဏာရပါတီဖြစ်သော NLD ပါတီအနေနှင့်လည်း အနိုင်ရရန် မျှော်မှန်းချက်ဖြင့် လုပ်ဆောင်နေသည့် မဲဆန္ဒနယ်လည်း ဖြစ်သည်။

NLD ပါတီ ပြောခွင့်ရှိ ပုဂ္ဂိုလ် ဦးဝင်းထိန်က ကျေးသီးနှင့် မိုင်းရှူးမြို့နယ်၌ ဝင်ရောက်ယှဉ်ပြိုင်မည့်

စာမျက်နှာ 5 သို့

# အကြိတ်အနယ်ရှိဦးမည့် ချောင်းဆုံ ကြားဖြတ်ရွေးကောက်ပွဲ

## မွန်နှစ်ပါတီ ထပ်နေပြန်၍ အခြားပါတီကြီးများ အခွင့်အရေး ထပ်ရသွားမလား

ခတ္တာနွန်



ဓာတ်ပုံ- ခတ္တာနွန်

**ဗိုလ်** ချုပ်အောင်ဆန်းတံတားအမည်ပေးမှုနှင့် ပတ်သက်ပြီး လက်ရှိအစိုးရ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို အကြီးအကျယ် သဘောထားကွဲလွဲခဲ့သော တိုင်းရင်းသားအရေး ပြဿနာများ ရိုက်ခတ်နေသော မွန်ပြည်နယ်ထဲက ချောင်းဆုံမြို့နယ်မှာ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်နေသည်။

မွန်ပြည်နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒနယ် တစ်ခုသာရှိပြီး ယင်းတစ်ခုတည်းသော ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှာ တံတားကိစ္စကြောင့် တင်းမာမှုများဖြစ်နေသည့် ချောင်းဆုံ(ဘီလူးကျွန်း) မြို့နယ် မဲဆန္ဒနယ်ဖြစ်သည်။

ချောင်းဆုံ (ဘီလူးကျွန်း) မြို့နယ်တွင် နိုင်ငံရေးပါတီကြီး ၅ ခု ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

၂၀၁၅ ရွေးကောက်ပွဲတွင် ချောင်းဆုံမြို့နယ်မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်သည့် NLD (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)ပါတီမှ ဒေါ်ခင်ဌေးကြွယ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံခဲ့ရပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံး အဖွဲ့ဝင်အဖြစ် တာဝန်ပေးခံရသည့်အတွက် ယင်းမဲဆန္ဒနယ် လစ်လပ်သွားခြင်းဖြစ်သည်။

ယင်းလစ်လပ်မဲဆန္ဒနယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ (တစည)၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ (AMDP)၊ မွန်အမျိုးသားပါတီ (MNP) တို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် ချောင်းဆုံမြို့နယ်၌ AMDP လွှတ်တော်ကိုယ်စားလှယ် ၃ ဦးနှင့် USDP တစ်ဦး အနိုင်ရရှိထားပြီး ၂၀၁၅ တွင် AMDP မှတစ်ဦးနှင့် NLD မှ ၃ ဦးအနိုင်ရထားသည်။

ယင်းကြောင့် NLD ပါတီက ထပ်မံအနိုင်ရရန် အလားအလာကောင်းများစွာ ရှိနေသည်။

သို့သော် မော်လမြိုင်-ချောင်းဆုံကို ဆက်သွယ်တည်ဆောက်ထားသည့် သံလွင်တံတား (ချောင်းဆုံ) ကို အမည်ပေးသည့်ကိစ္စအပေါ် ဒေသခံ မွန်လူမျိုးများ မကျေနပ်မှုများစွာဖြစ်ပေါ်နေခြင်းကြောင့် ရွေးကောက်ပွဲ အဖြေ ပြောင်းသွားနိုင်ဖွယ် ရှိနေသည်။

ထိုတံတားကို ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်ပေးရန် ပြည်သူ့လွှတ်တော်တွင် ပေါင်မြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန် ချမ်းက ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုတင်ခဲ့ပြီး ပြည်သူ့လွှတ်တော်က မဲခွဲဆုံးဖြတ်ရာတွင် မဲနိုင်သွားသည့်အတွက် အဆိုအတည်ပြုလိုက်သည်။

ထိုကိစ္စကြောင့် ချောင်းဆုံဒေသခံများ အခြားမြို့နယ်မှ မွန်လူထုများစုပေါင်း၍ ဆန္ဒဖော်ထုတ်သည်အထိ ပြဿနာ ကြီးမားခဲ့သည်။

ယင်းကြောင့် မွန်ပါတီများဖြစ်သော AMDP နှင့် MNP တို့အတွက် ဒေသခံများ၏မဲများ ရနိုင်ခြေ ပိုမိုများပြားနေသည်။

မွန်ပါတီနှစ်ခုတွင်လည်း ချောင်းဆုံဒေသခံဖြစ်သည့် AMDP ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌကိုယ်တိုင် မဲဆွယ်စည်းရုံးရေးတွင် ပါဝင်နေခြင်းကြောင့် AMDP က အခြေအနေအကောင်းဆုံးဖြစ်နေကြောင်း အချို့ကလည်း သုံးသပ်သည်။

မွန်အမျိုးသားရေး စိတ်ဝင်စားသူများကမူ မွန်နှစ်ပါတီ ဖြစ်နေခြင်းမှာ အခြားပါတီကြီးများအတွက် အခွင့်အလမ်းကောင်းသဖွယ် ဖြစ်နေကြောင်း၊ ယခင် ရွေးကောက်ပွဲများကို ကြည့်ပါကလည်း မွန်အချင်းချင်း မညီညွတ်မှုကြောင့် အခြားပါတီများကသာ အနိုင်ရရှိသွားသည်ကို တွေ့မြင်နိုင်ကြောင်း သုံးသပ်ကြသည်။

ယခုတံတားကိစ္စကြောင့် မွန်လူမျိုးများ အမျိုးသားရေးစိတ်တက်ကြွနေချိန်ဖြစ်သဖြင့် မွန်ပါတီများ အခွင့်အရေးပိုရနေသည်ဟု သုံးသပ်နိုင်သော်လည်း မွန်နှစ်ပါတီရှိနေ၍ မဲပြားသွားနိုင်ပြီး ခိုင်လုံမဲရှိနေသောပါတီကြီးများက စားသွားနိုင်သေးကြောင်း ၎င်းတို့ကဆိုသည်။

ယင်းမဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း အများစုကမူ တံတားအမည်ကိစ္စရပ်ကြောင့် ကြားဖြတ်ရွေးကောက်ပွဲအပေါ် တစ်စုံတစ်ရာ ထိခိုက်မည်မဟုတ်ကြောင်း ပြောဆိုမှုများရှိသည်။

အခြားတစ်ဖက်တွင်လည်း မဲဆန္ဒရှင် ၁၂၅,၀၀၀ ကျော်ရှိသော ချောင်းဆုံမြို့နယ်တွင် မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာချိန်အထိ လူထုစိတ်ဝင်စားမှု နည်းပါးနေသေးသည်။

ချောင်းဆုံမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ရပ်ကျေး ရွေးကောက်ပွဲကော်မရှင်ရုံးခွဲများတွင် ပြည်သူများက မဲဆန္ဒရှင်သက်သေခံ လက်မှတ်ထုတ်ယူမှု နည်းပါးနေ၍ မဲဆန္ဒရှင်သက်သေခံ လက်မှတ်များကို အိမ်တိုင်ရာရောက် ပေးပို့နေရကြောင်း ပြောဆိုသည်။

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ကိုယ်စားလှယ်လောင်းဖြစ်သည့် ဦးဝင်းထွဋ် (ခ) ဦးမြဝင်းကလည်း ၂၀၁၅ ရွေးကောက်ပွဲတွင် လူထုစိတ်ဝင်စားမှု အားကောင်းခဲ့သော်လည်း ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် လူထုစိတ်ဝင်စားမှုနည်းနေကြောင်း ပြောဆိုသည်။

သို့သော် ကိုယ်စားလှယ်လောင်းများ၏ အပြိုင်အဆိုင်မဲဆွယ်မှုများကြောင့် ရွေးကောက်ပွဲအပေါ် လူထုစိတ်ဝင်စားမှုကလည်း တိုးလာနေသည်။

USDP က အခြားမြို့နယ်နှင့် ပြည်နယ်တို့မှ အဖွဲ့ဝင် အင်အားများကို အသုံးပြု၍ ကျေးရွာများတွင် ဟောပြောစည်းရုံးခြင်း၊ တစ်အိမ်ဝင်တစ်အိမ်ထွက် လက်ကမ်းစာစောင်များ ဖြန့်ဝေလျက်ရှိသကဲ့သို့ NLD ပါတီအနေနှင့်လည်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မဲဆွယ်စည်းရုံးရေး လုပ်ဆောင်ပေးနေသဖြင့် အပြိုင်အဆိုင်ရှိလှသည်။

ဒေသခံပါတီဖြစ်သော AMDP ပါတီကလည်း မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်နေသကဲ့သို့ မွန်လူငယ်

စာမျက်နှာ 5 သို့

# ဒေါ်အောင်ဆန်းစုကြည် ပြည်သူလူထုကို ရုပ်သံမိန့် ခွန်းပြောမည်

**ရန်ကုန်၊ မတ် ၂၉**

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အစိုးရ တာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ် ရုပ်သံမိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးက သတင်းထုတ်ပြန်သည်။

အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် မိန့်ခွန်းကို လာမည့် မတ်လ ၃၀ ရက်နေ့ည ၈ နာရီသတင်းများအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးထံမှ သိရသည်။

အစိုးရသစ်သည် ၂၀၁၇ ခုနှစ် မတ်လ ၃၁ရက်နေ့တွင် တစ်နှစ်ပြည့်ပြီဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များနှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက အစိုးရသက်တမ်း တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ အားနည်းချက်များ၊ အားသာချက်များကို နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူများထံ မတ်လ ၁၀ ရက်နေ့မှစတင်၍ အစီရင်ခံ တင်ပြခြင်းများကို ပြုလုပ်လျက်ရှိသည်။ ■ J-09

---

**စာမျက်နှာ - 4 "အကြိတ်အနယ်ရှိဦးမည့် ချောင်းဆုံ ကြားဖြတ်ရွေးကောက်ပွဲမှ အဆက်**

ဖိုရမ်ကလည်း မဲဆွယ်စည်းရုံးရေးတွင် ဘင်ခရာအဖွဲ့များ၊ အလံကိုင်အဖွဲ့များဖြင့် ချီတက် မဲဆွယ်လျက်ရှိရာ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။

USDP ပါတီကိုယ်စားလှယ်လောင်းက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတိုးတက်အောင် လယ်သမားများအား ကူညီဆောင်ရွက်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ကူညီဆောင်ရွက်ပေးမည်ဟု ပြောဆိုပြီး 'အမှန်တကယ်ပြောင်းလဲဖို့ ပြည်ခိုင်ဖြိုးကို မဲပေးစို့' ဆိုသည့် ဆောင်ပုဒ်ဖြင့် မဲဆွယ်နေသည်။

NLD ကိုယ်စားလှယ်လောင်းကလည်း တရားဥပဒေစိုးမိုးရေး ပြည်သူများက ကူညီပေးနှင့် ပြည်သူ့ပါတီ NLD ပြည်သူ့အကျိုး တို့သယ်ပိုး ပိုကောင်းသော အနာဂတ်ကို ဖန်တီးနိုင်ဖို့ NLD ကို မဲပေးစို့ ဟူ၍ မဲဆွယ်ကြသည်။

အလားတူ AMDP ပါတီကလည်း ဘီလူးကျွန်း (ချောင်းဆုံ) ရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏လုပ်ငန်းများ အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ဆက်ကြိုးပမ်းသွားမည်ဟု ကတိထားကာ မဲဆွယ်ပြန်သည်။

တစည ပါတီကလည်း ချောင်းဆုံမြို့နယ် လူထုအတွက်အားထားရတဲ့ ဦးတင့်ဝေကို မဲပေးကြပါ ဆိုပြီး လက်ကမ်းစာစောင်များတွင် ရေးသားကာ မဲဆွယ်နေကြသည်။

ကြားဖြတ်ရွေးကောက်ပွဲမှာ လူထုစိတ်ဝင်စားမှု နည်းသည်မှန်သော်လည်း ပြည်နယ်များတွင်မူ ပါတီကြီးများနှင့် ဒေသခံပါတီများ၏ အားပြိုင်မှုမှာ တစ်နိုင်ငံလုံးက စိတ်ဝင်စားစွာ စောင့်ကြည့်ရမည့် အနေအထားဖြစ်နေသည်။

ယခု မွန်ပြည်နယ်၏ တစ်ခုတည်းသော လစ်လပ်နေရာ ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်မှာလည်း အစဉ်အလာပါတီကြီးများကသာ အနိုင်ရယူသွားမလား။ ဒေသခံ မွန်ပါတီက ပါတီကြီးများကို နောက်ကောက်ချလိုက်နိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

တစ်နည်းအားဖြင့်တော့ ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်တွင် နိုင်ငံရေးပါတီများ အပြိုင်အဆိုင် ဂုဏ်သိက္ခာအရ အားပြိုင်ကြသည်ကို မြင်တွေ့ရဦးမည်ဖြစ်ပေသည်။

■ ခတ္တာနွန်

**စာမျက်နှာ - 4 "ရှမ်းပါတီတို့ မှတ်ကျောက်တင်ရမည့်ပွဲ မှ အဆက်**

နိုင်ငံရေးပါတီအချို့သည် ဒေသခံ လက်နက်ကိုင်များနှင့်ပတ်သက်မှုရှိနိုင်ပြီး ရွေးကောက်ပွဲ၌ မဲမသမာမှုများ ရှိ၊ မရှိကို စောင့်ကြည့်သွားမည်ဖြစ်ကာ ရာနှုန်းပြည့်အောင်နိုင်ရန် ခန့်မှန်းနိုင်ခြင်းမရှိကြောင်း ပြောဆိုသည်။

ယင်းသို့ပင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးတစ်ဦးကလည်း NLD ပါတီမှ ဝန်ကြီးများသည် မိခင်ပါတီအောင်နိုင်ရေးအတွက် ကွင်းဆင်းမဲဆွယ်ပေးလျက်ရှိသော်လည်း ရှမ်းဘာသာစကား အခက်အခဲကြောင့် ခရီးမပေါက်ကြောင်း၊ ကျေးသီးနှင့် မိုင်းရှူးသည် SNLD ၏ **နယ်မြေတစ်ခု** ဖြစ်လာနိုင်ကြောင်း သုံးသပ်ပြောဆိုသည်။

"ရှမ်းပြည်နယ် စည်းရုံးရေးမှာ အခက်အခဲရှိတယ်။ နောက်ပိုင်းမှာတော့ ရှမ်းစကားပြောတတ်တဲ့ ပုဂ္ဂိုလ်တွေလာပြီး ကူညီဆောင်ရွက်တဲ့အခါ အခြေအနေတိုးတက်လာပြီလို့ သတင်းပို့တယ်" ဟု ဦးဝင်းထိန်က ဆက်လက်ပြောလိုက်သည်။

ကျေးသီးနှင့် မိုင်းရှူးတွင် NLD ပါတီ အနိုင်ရရေး ခက်ခဲသော်လည်း ပါတီအမာခံ နယ်မြေများဖြစ်သော ညောင်ရွှေနှင့် ကျိုင်းတုံ ပြည်နယ် လွှတ်တော်မဲ ဆန္ဒနယ်မြေ နှစ်နေရာ၌ NLD ပါတီ အလားအလာကောင်းနေသည်။

ယင်းကြောင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်များ၌ အားကောင်းသည့် ဒေသခံပါတီဖြစ်သော SNLD က NLD နှင့် ကြံ့ခိုင်ရေးပါတီတို့ အားကောင်းသည့် နေရာများတွင်ပါ အနိုင်ရပြီး မှတ်ကျောက်တင်ခွင့်ရမည်လား၊ NLD ပါတီက SNLD နယ်မြေများတွင် အနိုင်ယူသွားမည်လား ဆိုသည်မှာ ကြိုတင်မှန်းဆရ ခက်နေသေးသည်။

ယင်းအပြင် ကြံ့ခိုင်ရေးပါတီကလည်း အမာခံမဲများရှိနေရာ SNLD ပါတီရနိုင်သည့်မဲများ ဆုံးရှုံးကာ မထင်မှတ်သည့်ရလဒ်များ ထွက်မလာဟု မပြောနိုင်သေး။

သို့သော် ဒေသခံများ၏ ထောက်ခံမှု အခိုင်အမာရထားသည့် SNLD ပါတီအတွက်တော့ မည်မျှမာကြောကြောင်း ယခုကြားဖြတ်ရွေးကောက်ပွဲတွင် မှတ်ကျောက်တင်ခွင့် ရပြီဖြစ်သည်။

■ ကျော်စိုးဦး

---

## သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာ သောက်စား မူးယစ်ခြင်း၊

၂။ မူးယစ်ဆေးဝါး သုံးစွဲခြင်း၊

၃။ တုတ်/ဓား လက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊

၄။ ကာမရာဂကို နိုးထစေသောဆေးများ ရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊

၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊

၆။ မိန်းကလေးများ ဆွေမျိုးသားချင်း မဟုတ်သူများနှင့် အတူ လည်ပတ်ခြင်း၊ ၎င်းတို့မှကျွေးသော အစားအသောက်များကို မချင့်မချိန် စားသောက်ခြင်း၊

၇။ အချိန်လွန် ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊

၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊

၉။ အရက်သေစာ/မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများ တင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊

၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊

၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း၊

၁၂။ ရေကစားရာတွင် ယဉ်ကျေးမှုနှင့် ဆန့်ကျင်ပြီး အများအမြင်တွင် မတင့်တယ်သော မဖွယ်မရာပုံစံ ပြုလုပ်ထားသည့် ရေပက်ကိရိယာများနှင့် ရေပက်ကစားခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## မဟာသင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများသတိပြုရန် နှိုးဆော်ချက်

၁။ ရေပက်ခံကားယာဉ်မောင်းသူများ အရက်သေစာ သောက်စားထားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရေး တားမြစ်ကြပါရန်။

၂။ မူးယစ်ဆေးဝါးများ၊ စိတ်ပြောင်းဆေးဝါးများ၊ ထိန်းချုပ်ဆေးဝါးများ နှင့် တံဆိပ်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် တရားမဝင် ရောက်ရှိလာသည့် ကာမဆန္ဒ နှိုးဆွစေသော ဆေးဝါးများအား မိမိကိုယ်တိုင်သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြပါရန်နှင့် မြူဆွယ်တိုက်ကျွေး၍ အန္တရာယ်ပေးနိုင်သည်ကိုလည်း သတိပြုဆင်ခြင်ကြပါရန်။

၃။ တာဝန်သိပြည်သူတစ်ယောက်ချင်းအနေဖြင့် မိမိတို့နိုင်ငံ၊ လူမျိုးတို့ အမြတ်တနိုးတန်ဖိုးထားသည့် အတာသင်္ကြန်ပွဲတော် မညစ်နွမ်းစေရန် မိမိပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးနှင့် အခြားအန္တရာယ်ရှိသော ဆေးဝါးများ၊ ကာမဆိုင်ရာဆေးဝါး သုံးစွဲရောင်းဝယ်မှုများတွေ့ရှိပါက အနီးဆုံး လုံခြုံရေး အဖွဲ့အစည်းများထံ သတင်းပေးပို့ တိုင်ကြားကြပါရန်။

၄။ အတာသင်္ကြန်ကာလအတွင်း လူငယ်များသည် ရိုးရာ သင်္ကြန်ကို အရိုးရှင်းဆုံးပုံစံဖြင့် ပျော်ရွှင်စွာ ဆင်နွှဲကြပါရန်၊ အရက်မှအစပြု၍ မူးယစ်ဆေးဝါးအပါအဝင် အဆန်းထွင်သုံးစွဲ အပျော်လွန်ကျူးလျှင် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရမည်ကို သတိပြုကြပါရန်။

၅။ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ကူးကာလကို ဘေးကင်းစွာနှင့် ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြစေရန်အတွက် ရပ်မိရပ်ဖများ၊ မိဘအုပ်ထိန်းသူများနှင့် မဏ္ဍပ်တာဝန်ခံများ ဝိုင်းဝန်းထိန်းသိမ်း၍ ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၅၉ မှု ဖြစ်ပွားခဲ့ကာ ဒဏ်ရာရ ၈၃၈ ဦး၊ သေဆုံး ၁၃၂ ဦးရှိခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှု မရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည် –

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။

၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်း မပြုရ။

၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း မပြုရ။

၄။ ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။

၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်းမပြုရ။

၆။ ယာဉ်ကြောပြောင်းပြန်စီးနင်း မောင်းနှင်ခြင်းမပြုရ။

၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကိုအသုံးပြု၍ ရေကစားခြင်းမပြုရ။

၈။ မော်တော်ဆိုင်ကယ်များ အိတ်ဇောပိုက်ဖြုတ်၍ စီးခြင်း၊ အသံကျယ်လောင်စွာစီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍ စီးခြင်း၊ ရှေ့/နောက် နံပါတ်ပြားမပါဘဲ စီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲ စီးခြင်းများ မပြုရ။

၉။ သံစုံဟွန်းများ တပ်ဆင်ကာ အသုံးမပြုရ။

၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သော ပစ္စည်းများ ရေးသားချိတ်ဆွဲ၍ မောင်းနှင်ခြင်းမပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# E D I T O R I A L

# မိန့်ခွန်း သို့မဟုတ် ပြည်သူလူထုထံ အစီအရင်ခံခြင်း

အစိုးရသက်တမ်း တစ်နှစ်ပြည့် အထိမ်းအမှတ် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားမည့် မိန့်ခွန်းကို မတ်လ ၃၀ ရက်နေ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ည ၈ နာရီ ပြည်တွင်း၊ ပြည်ပ သတင်းအပြီးတွင် ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာထားရာ ယင်းမိန့်ခွန်းမှာ နိုင်ငံတော် အခြေပြမိန့်ခွန်းဟု မှတ်ယူရမည်ဖြစ်သည်။

ပုံမှန်အားဖြင့် နိုင်ငံတော်အစိုးရ ဝါစဉ် သို့မဟုတ် ပရိုတိုကောအရ နိုင်ငံတော်သမ္မတက အစိုးရ တစ်နှစ်ပြည့် မိန့်ခွန်းပြောကြားရမည်ဖြစ်သော်လည်း လက်ရှိအစိုးရအနေနှင့်မူ အစိုးရအဖွဲ့ကို အဓိက ထိန်းကျောင်းစီမံခန့်ခွဲနေသူ ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

အစိုးရအဖွဲ့တစ်ရပ်သည် ၎င်းတို့ကို ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူလူထုကို အစိုးရအဖွဲ့က ဆောင်ရွက်နေသော လုပ်ငန်းတာဝန်များ၊ ပြည်သူလူထုထံ ပေးအပ်နေသော ဝန်ဆောင်မှုများ၊ နိုင်ငံခြားဆက်ဆံရေး ကိစ္စရပ်များစသဖြင့် အစိုးရ၏ လုပ်ငန်းဆောင်တာများအားလုံးကို ပုံမှန် ရှင်းလင်းတင်ပြပေးရန် တာဝန်ရှိပေသည်။

ဆိုလိုသည်မှာ ဒီမိုကရေစီစနစ်၏ အခြေခံသဘောအရ ပြည်သူလူထုက ဆန္ဒမဲပေး ရွေးချယ်ကာ ပြည်သူ့ကိုယ်စား နိုင်ငံတော်ကို စီမံခန့်ခွဲရန် တာဝန်လွှဲအပ်ထားသည့် ပြည်သူ့အစိုးရသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ အစစ်အမှန် ပိုင်စိုးသူ မဲဆန္ဒရှင် ပြည်သူလူထုကို ပုံမှန် အစီအရင်ခံ တင်ပြပေးရမည့် တာဝန်ရှိကြောင်းကို ဆိုလိုသည်။

ပရိုတိုကောအရမူ နိုင်ငံတော်သမ္မတက ပြည်သူလူထုအား တစ်လ တစ်ကြိမ် သို့မဟုတ် အခါအားလျော်စွာ မိန့်ခွန်းပြောကြားပေးခြင်းသည် ၎င်းအား ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူလူထုကို လေးစားကြောင်း၊ အလေးထားကြောင်း ပြသသည့် သဘောလည်း သက်ရောက်သည်။

အစိုးရတို့မည်သည် တစ်နှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေအရပ်ရပ်ကို ပြည်သူလူထုထံသို့ လစဉ်မဟုတ်လျှင်ပင် နှစ်လတစ်ကြိမ် သို့မဟုတ် သုံးလတစ်ကြိမ် ရှင်းလင်းပြောကြားခြင်း၊ အသိပေးခြင်း၊ သတင်းစာရှင်းလင်းပွဲ ပြုလုပ်၍ ရှင်းပြခြင်းတို့ဖြင့် အစိုးရသည် မည်မျှပွင့်လင်းမြင်သာမှုရှိကြောင်း၊ ပြည်သူလူထုကို အလေးထား၊ လေးစားကြောင်း ပြသရသည်။

လက်တွေ့အားဖြင့် အစိုးရအဖွဲ့ကို ဒေါ်အောင်ဆန်းစုကြည်က စီမံခန့်ခွဲနေသည်ဆိုသော်ငြား အစိုးရ ဖွဲ့စည်းပုံအရရော ဥပဒေအရပါ နိုင်ငံတော်၏ အထွတ်အထိပ် နိုင်ငံတော်သမ္မတဖြစ်နေပေရာ အစိုးရ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတအနေနှင့် ပြည်သူလူထုကို တာဝန်အရပင် မိန့်ခွန်း ပြောကြားခဲ့ခြင်းမရှိသည့်အပြင် တစ်ခါတစ်ရံ ပြည်သူ့ရှေ့မှောက်မှ အတန်ကြာ ပျောက်ကွယ်နေခဲ့သည့် ကာလများပင် ရှိခဲ့သည်။

စင်စစ်အားဖြင့် နိုင်ငံတော်ကို အမှန်တကယ် ဦးဆောင်စီမံခန့်ခွဲ နေသူသည် နိုင်ငံတော်သမ္မတဖြစ်စေ၊ နိုင်ငံတော်အတိုင်ပင်ခံဖြစ်စေ ပြည်သူလူထုနှင့် ပုံမှန်ထိတွေ့ဆက်ဆံရန်၊ အစိုးရဆောင်ရွက်ချက်များ၊ အောင်မြင်တိုးတက်မှုများကို ကိုယ်တိုင်ကိုယ်ကျ ရှင်းလင်းတင်ပြပေးရန်၊ လိုအပ်ချက်၊ အမှားအယွင်း ရှိသည်များကိုလည်း လိုအပ်လျှင် လိုအပ်သလို ပြည်သူအား ဝန်ခံရှင်းပြရန် အလို့ငှာ လစဉ်မိန့်ခွန်းများ ပြောကြားပေးခြင်းဖြင့် ပယောဂအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်သူလူထုအကြားတွင် ဖြစ်ပေါ်နေသော ကောလာဟလများ၊ သံသယများ၊ အထင်အမြင် လွဲမှားမှုများကို ဖြေရှင်းပေးရာ ရောက်ပေသည်။

အစိုးရသက်တမ်း တစ်နှစ်တာကာလသာ ရှိနေသေးသည့်အပြင် ယခင်က ရှိနေခဲ့သော ပြဿနာအဟောင်းများ၊ လက်ရှိကာလအတွင်း ဖြစ်ပေါ်နေသော ပြဿနာအသစ်များကို ဖြေရှင်းနေရခြင်းကြောင့် ပုံမှန်မိန့်ခွန်း မပြောနိုင်ခဲ့သော်လည်း လာမည့်ဒုတိယနှစ်တွင်မူ ပုံမှန်မိန့်ခွန်းပြောကြားခြင်းဖြင့် မဲဆန္ဒရှင် ပြည်သူလူထုနှင့် ပြည်သူ့အစိုးရအကြား အပြန်အလှန် ယုံကြည်လေးစားမှုကို ပို၍ခိုင်မြဲစေကြောင်း တိုက်တွန်းအပ်ပေသည်။

**အယ်ဒီတာ ( ၂၉ - ၃ - ၂၀၁၇ )**

# ဦးဝီရသူကို အရေးယူပေးရန် ကိုဆွေဝင်း တိုင်ကြား

**ရန်ကုန်၊ မတ် ၂၉**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က တရားဟောခွင့် တစ်နှစ်ပိတ်ပင်ခံထားရသည့် မစိုးရိမ်ကျောင်းတိုက်မှ ဦးဝိစိတ္တာဘိဝံသ (ဦးဝီရသူ) ကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူပေးရန် Myanmar Now အယ်ဒီတာချုပ် ကိုဆွေဝင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ လိပ်မူ၍ မတ်လ ၂၈ ရက်က တိုင်ကြားစာပေးပို့ခဲ့သည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်က ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကျုံကူးကျေးရွာ တရားပွဲတွင် ဦးဝီရသူက ဗုဒ္ဓတရားတော်များတွင် ပါဝင်ခြင်းမရှိသည့် ဗုဒ္ဓဘာသာဝင်အမျိုးသမီးများအား အရက်သမား၊ ဘိန်းစား၊ ခွေး၊ သံဃာများနှင့် ပေါင်းသင်းဆက်ဆံရန် တိုက်တွန်းဟောကြားချက်ဖြစ်သည့် "ကိုယ်ကသာ လုပ်ကျွေးမယ်ဆိုရင်ဗျာ၊ သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းသင်းမယ့်ယောကျ်ားတွေ ပေါ်လိုက်တာ၊ မရှိဘူးဆိုပြော၊ သံဃာတွေ လွှတ်ပေးမယ်၊ အသောက်အစားကင်း" ဟု အသုံးအနှုန်းသည် သံဃာရတနာအား တိုက်ရိုက်ထိခိုက်စော်ကားခြင်းဖြစ်ကြောင်း ၎င်းတိုင်တန်းချက်တွင် ထည့်သွင်းဖော်ပြထားသည်။

"အခုဟာ တိုင်တဲ့စာက ဦးဝီရသူရဲ့တပည့် ဦးကျော်မျိုးရွှေနဲ့ ကိုသက်မျိုးဦးတို့က တိုင်လို့ တုံ့ပြန်တိုင်တာ မဟုတ်ဘူး၊ ဆရာတော်တစ်ပါးက ဦးဝီရသူကို အရေးယူ လို့ရတယ်ဆိုလို့ တိုင်တာလည်းမဟုတ်ပါဘူး၊ တိုက်ဆိုင်တာပါ၊ အရင်ကတည်းက ဒီဆရာတော်ရဲ့ ဆောင်ရွက်ချက်တွေက တည်ဆဲဥပဒေလမ်းကြောင်းတွေကနေ တိမ်းစောင်းနေတဲ့အတွက် အရေးယူဖို့ တိုင်တာပါ" ဟု ဥပဒေအကြံပေး ဦးခင်မောင်မြင့်က ရှင်းပြသည်။

ဆရာတော်ဦးဝီရသူမှာ နိုင်ငံတော်၏ ဥပဒေပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ထုတ်ပြန်ချက်ကို မထီမဲ့မြင်ပြုမူဆောင်ရွက်နေကြောင်း၊ ဗုဒ္ဓဘာသာသာသနာကို သိမ်ဖျင်းညှိုးနွမ်းစေရန်ရည်ရွယ်ပြီး ဗုဒ္ဓတရားတော်များတွင်ပါဝင်ခြင်းမရှိသည့် အဓမ္မအယူအဆများကို အကြိမ်ကြိမ်ဟောပြောနေသည့်အတွက် ဗုဒ္ဓဘာသာကိုးကွယ်သူ ရဟန်း၊ ရှင်၊ လူများ ပုဂ္ဂိုလ်အသီးသီးနှင့် ဗုဒ္ဓဘာသာသာသနာမှာ အလွန်ထိခိုက်နစ်နာလျက်ရှိကြောင်း ယင်းတိုင်ကြားချက်တွင်ပါရှိသည်။

ထို့ကြောင့် နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့ကြီး၏ စည်းမျဉ်းစည်းကမ်း ထုတ်ချက်များကိုလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကိုလည်းကောင်း၊ တည်ဆဲရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၉၅ (က)ပါ ပြဋ္ဌာန်းချက်ကိုလည်းကောင်း ဆန့်ကျင်ချိုးဖောက်နေသည့်အတွက် ဥပဒေအရ ထိရောက်စွာအရေးယူပေးပါရန် တိုင်ကြားထားကြောင်း ယင်းတိုင်ကြားစာအရ သိရသည်။ ■ J 16

The VOICE Daily

CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group (A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .

**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,

**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.

**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,

**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.

**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.

**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo,

**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.

**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,

**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,

**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung

**Distribution** - Htet Khaung, Jet Too Too.

**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,

**Web Team**- thevoicewebteam@gmail.com,

**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.

**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080

**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**

**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.



ဓာတ်ပုံ – ခင်မြတ်မြတ်ဝေ

# အိန္ဒိယ ပို့ဘလဲယားထောင်မှ မြန်မာ ရေလုပ်သား ၈၈ ဦး ပြန်လည်ရောက်ရှိ

**ရန်ကုန်၊ မတ် ၂၉**

အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့ရှိ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံခဲ့ရသော မြန်မာ ရေလုပ်သား ၈၈ဦးသည် ယနေ့ (မတ်လ ၂၉ ရက်) ညနေ ၅နာရီခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ပို့ဘလဲယားအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံခဲ့သော အဆိုပါ ရေလုပ်သားများကို အိန္ဒိယနိုင်ငံရှိ မြန်မာသံရုံးနှင့် အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းကာ နိုင်ငံသားမှန်ကန်ကြောင်း အတည်ပြုချက်ရယူ၍ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နေထိုင်သူ ၆၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေထိုင်သူ ၇ဦး၊ မွန်ပြည်နယ်တွင် နေထိုင်သူ ၁ ဦး၊ ရခိုင်ပြည်နယ်မှ ၁၂ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ၂ဦးတို့ ပါဝင်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

မြန်မာရေလုပ်သားအများစုသည် ငါးဖမ်းရာမှ ရေပိုင်နက်ကျော်လွန်ခြင်း၊ လေမုန်တိုင်းဒဏ်ကြောင့် ရေပိုင်နက်ကျော်လွန်ခြင်း၊ စက်လှေနစ်မြုပ်ခြင်း ရေပိုင်နက်ကျော်၍ ငါးဖမ်းခြင်းတို့ကြောင့် အိန္ဒိယရေတပ်ရဲမှ ဖမ်းဆီးပြီးနောက် ပို့ဘလဲယားမြို့ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံပြီး Open Dustress Camp တွင် ထိန်းသိမ်းခံရခြင်း ဖြစ်သည်။

အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ် သီရိလင်္ကာနိုင်ငံများတွင် ဖမ်းဆီးခံရသည့် မြန်မာရေလုပ်သားများကို အစိုးရက ပြန်လည်ခေါ်ယူမှုများ ပြုလုပ်ခဲ့ရာ ၂၀၁၁ ခုနှစ်တွင် ရေလုပ်သား ၁၄၂ ဦး၊ ၂၀၁၃ ခုနှစ်တွင် ၁၂၃ ဦး၊ ၂၀၁၅ ခုနှစ်တွင် ၄၁၁ ဦးနှင့် ၂၀၁၆ ခုနှစ်တွင် ၂၆၂ ဦး စုစုပေါင်း ၁၁၈၀ ဦး ပြန်လည်ခေါ်ယူပြီးဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။ ■

# တိုက်ကြီးတွင် ဒေသခံ ခြောက်ထောင်ကျော် သောက်သုံးရေ ခက်ခဲ

**တိုက်ကြီး၊ မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ ချင်းကုန်းကျေးရွာအုပ်စုရှိ ကျေးရွာ ၆ရွာတွင် နေထိုင်သော လူဦးရေ ၆၀၀၀ ကျော်မှာ ဂျိုးဖြူရေ ပေးဝေရေးဌာနမှ ရေမပေးတော့သဖြင့် သောက်သုံးရေ အခက်အခဲရင်ဆိုင်နေရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ပြောကြားသည်။

အိမ်ခြေ ၁၂၂၉ တွင် လူဦးရေ ၆၃,၀၀၀ ကျော်နေထိုင်သော ယင်း ကျေးရွာများတွင် ယခင်က ရန်ကုန်စည်ပင် ဂျိုးဖြူရေ ပေးဝေရေးဌာနမှ ရေမီတာဖြင့် ဝယ်ယူသုံးစွဲခဲ့သော်လည်း ယခုအခါရေမပေးတော့သဖြင့် သောက်သုံးရေ အခက်အခဲဖြစ်နေကြောင်း၊ ယင်းအခြေအနေကို မြို့နယ် အုပ်ချုပ်ရေးမှူးထံ တစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းစီ တူးပေးရန် မတ်လ ၂၉ရက်က တင်ပြထားကြောင်း ၎င်းက ရှင်းပြသည်။

"ကျေးရွာအုပ်စုရဲ့ မြေအောက်မှာကျောက်ဖျာတွေရှိတော့ စက်ရေတွင်းတူးချင်းတိုင် တူးလို့မရဘူး၊ ကျောက်ခွဲစက်နဲ့ တူးမှရမှာပါ၊ ခုပြည်သူတွေ ရေအခက်အခဲ အဆင်ပြေအောင် ရေကားတွေနဲ့ အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးနေပါတယ်" ဟု ၎င်းကပြောကြားသည်။

ကျေးရွာတွင် ရေသုံးထမ်းကို ကျပ်တစ်ထောင်ဖြင့် ဝယ်ယူသုံးစွဲနေရပြီး တစ်ခါတစ်ရံ ရေပင်ဝယ်မရကြောင်း၊ သုံးစွဲဖို့ထက်သောက်သုံးရန်ပင် ခက်ခဲနေကြောင်း ဒေသခံ အမျိုးသမီးတစ်ဦးက ပြောဆိုသည်။

၂၀၀၃ ခုနှစ်မှ စတင်ကာ ရေမီတာဖြင့် ရေဝယ်ယူသုံးစွဲခဲ့ချိန်တွင် သုံးစွဲသူနည်းပါးသော်လည်း ယခုအခါ လူဦးရေများပြားလာခြင်းကြောင့် ရေလုံလောက်မှုမရှိကြောင်း၊ ပူပြင်းသော နွေရာသီတွင် ရေမရရှိတဲ့အတွက် မီးဘေးအန္တရာယ်၊ အလှူအတန်းနှင့်ပတ်သက်၍ ရေအခက်အခဲများဖြစ်ပေါ်နေကြောင်း ဒေသခံများထံမှ သိရသည်။

■ R-19

# ဆင်းရဲမွဲတေမှုကြောင့် TB ရောဂါ တိုက်ဖျက်ရေး ခက်ခဲ

**ပြည်၊ မတ် ၂၉**

ဆင်းရဲမွဲတေမှုနှင့် ပညာတတ်လူဦးရေ နည်းပါးခြင်းကြောင့် TB ရောဂါ ဖြစ်ပွားမှု လျော့ကျရေး လုပ်ဆောင်ရာတွင် အခက်အခဲဖြစ်နေကြောင်း ပြည်ခရိုင်ကျန်းမာရေး ဦးစီးဌာနဦးစီးမှူး ဒေါက်တာဒေါ်အေးအေးမိုးက ပြောကြားသည်။

ပြည်မြို့တွင် ရွှေ့ပြောင်းနေထိုင်သူများပြားခြင်း၊ အိမ်ငှားရမ်းနေထိုင်သူများပြားခြင်း၊ ဆင်းရဲနွမ်းပါးသူများခြင်း၊ ပညာတတ်ဦးရေ နည်းခြင်းကြောင့် TB ရောဂါ တိုက်ဖျက်ရေး လုပ်ဆောင်ရာတွင် အခက်အခဲ စိန်ခေါ်မှုများစွာရှိနေကြောင်း၊ လူထုထံ ကျန်းမာရေး အသိပညာပေးဟောပြောမှုများ လုပ်ဆောင်သော်လည်း လိုက်နာမှုနည်းကြောင်း ၎င်းက ပြောဆိုသည်။

"မြို့ပြမှာက ရောဂါ ရှာဖွေကုသရေးလုပ်နိုင်သေးတယ်၊ ကျေးလက်တွေမှာက TB လူနာကိုတောင် ရှာဖွေဖို့ အားနည်းတယ်။ ကျေးလက်ဒေသမှာ အခက်အခဲတွေအများကြီး ရှိသေးတယ်" ဟု ပြည်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဝင်းမြင့်ချစ်က ရှင်းပြသည်။

TB ရောဂါပိုးမှာ အဆုတ်တွင်အဖြစ်များသော်လည်း အခြား ကိုယ်တွင်း အင်္ဂါများတွင်လည်း ဖြစ်ပွားတတ်ကြောင်း၊ TBရောဂါပိုးရှိနေသော်လည်း ပုံမှန်ကဲ့သို့သာဖြစ်ပြီး ကိုယ်ခံအားနည်းချိန်တွင် ဖြစ်ပေါ်လာတတ်ကြောင်း ပြည်ခရိုင်ကျန်းမာရေး ဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

ပြည်ခရိုင်တွင် ၂၀၁၆ခုနှစ်က TB ရောဂါပိုး ကွင်းဆင်းစစ်ဆေးရာ ၅၇၇၄ ဦးတွင် ၇၂၉ဦး ပိုးတွေ့ရှိခဲ့ကြောင်း၊ မူလကုသနေသူ ကလေး TB ရောဂါဖြစ်ပွားသူ ၅၉၉ဦး၊ လူကြီး ၁၈၈ဦး၊ ဆေးယဉ်ပါး TB ရောဂါဖြစ်ပွားသူ ၄၆ ဦးရှိပြီး ၇၀ ရာခိုင်နှုန်း ကုသပျောက်ကင်းပြီး ဆေးသောက်သုံးနေရမှု ၆ ရာခိုင်နှုန်း၊ ဆေးမတိုးတော့သည့်လူနာ ၁ ရာခိုင်နှုန်း၊ သေဆုံးသူ ၁၁ ရာခိုင်နှုန်း၊ ဆေးယဉ်ပါး(သောက်ဆေးမှ ထိုးဆေးပြောင်းရသူ) ၆ ရာခိုင်နှုန်း၊ ဆေးမပြတ်ရသေးသော်လည်း နေရာပြောင်းရွှေ့သွားသောသူ ၆ ရာခိုင်နှုန်း ရှိကြောင်း ယင်းဌာနစာရင်းများအရ သိရသည်။ ■

# ကြံ့ခင်းမြို့တွင် တရားမဝင် ပိတောက်သားများ ဖမ်းမိ

**ဟင်္သာတ၊ မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး၊ ကြံ့ခင်းမြို့နယ် တောင်အုတ်ပုံကျေးရွာအနီး အုတ်ပုံစစ်ဆေးရေး ဂိတ်တွင် မတ်လ ၂၇ ရက်ည ၁၀နာရီခွဲက တရားမဝင်ပိတောက်သားများကို ဖမ်းမိခဲ့ကြောင်း ကြံ့ခင်းမြို့နယ် သစ်တောဦးစီးဌာနထံမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ဘက်မှ ဧရာဝတီတိုင်းဒေသကြီး ကြံ့ခင်းမြို့နယ် ဘက်ရဲမြို့ဘက်သို့ မောင်းနှင်လာသော ကန်ဒါအမျိုးအစား အဖြူရောင်မော်တော်ယာဉ်ကို ပူးပေါင်း စစ်ဆေးရေးအဖွဲ့များက စစ်ဆေးခဲ့ကြောင်း၊ ယာဉ်အတွင်း တရားမဝင် ပိတောက်သား ၂တန်ကျော်ကို ဖမ်းမိခဲ့ကြောင်း ၊ မော်တော်ယာဉ်ကို မင်းလှမြို့နယ် လက်ဆက်ကျေးရွာနေသူ အသက် ၁၉ နှစ်အရွယ် ကိုလင်းထက်ကျော်က မောင်းနှင်လာပြီး တစ်ရွာတည်းနေသူ ၁၈ နှစ်အရွယ် ကိုဖြိုးမောင်မောင်က ယာဉ်နောက်လိုက်အဖြစ်လိုက်ပါလာကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ သစ်များကို ဘက်ရဲနယ်မြေ ရဲတပ်ဖွဲ့စခန်းတွင် သိမ်းဆည်းထားပြီး တရားမဝင် သစ်သယ်ဆောင်သူများကို သစ်တောဥပဒေ ပုဒ်မ ၄၂(ခ)ဖြင့် အမှုဖွင့်ထားကြောင်း ၎င်းက ပြောကြားသည်။

■ R-13

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

ဝန်ထမ်းအလိုရှိသည်
အမျိုးသမီးဝန်ထမ်း - (၅)ဦး
အဆောင်စီစဉ်ပေးမည်။
စိန်ကမ္ဘာရှည်မှုန့်စက်ရုံ A/4(a) ။(၆၂)လမ်းသားရေနယ်လမ်း။
ရွှေတော်ကျိုးကုန်းရပ်ကွက်။ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
Ph : 09-6501608,09-6808176,02-5154824

# BUSINESS

## တွံတေးငါးကန်များတွင် အမည်မသိရောဂါတစ်မျိုးကြောင့် ငါးများ သေဆုံး

ရန်ကုန်၊ မတ် ၂၉

ပြည်ပသို့ ငါးမြစ်ချင်းတင်ပို့မှု အများဆုံးမြို့နယ်ဖြစ်သည့် တွံတေးမြို့နယ်ရှိ ငါးမွေးမြူရေးကန်များတွင် အမည်မသိရောဂါတစ်မျိုး ကျရောက်မှုကြောင့် ငါးများသေဆုံးကာ လုပ်ငန်းရှင်များအရှုံးပေါ်လျက်ရှိကြောင်း အဆိုပါဒေသရှိ မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။

အဆိုပါရောဂါကျရောက်မှုမှာ ယခုနှစ် ဇန်နဝါရီလမှ စတင်ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ရောဂါကျရောက်ကာ ငါးများသေဆုံးမှုကြောင့် ငါးကန်တူးဖော်ရမည့်ကာလမတိုင်မီ ငါးများတူးဖော် ရောင်းချရကြောင်း၊ ထို့ကြောင့် ရန်ကုန်ရှိ ဗဟိုစံပြငါးဈေးနှင့် ရွှေပြည်တောက်ငါးဈေးတို့တွင် ရောင်းချမည့်ငါးများ စုပြုံကာ ယခင်က တစ်ပိဿာ ကျပ် ၃၀၀၀ ကျော်မှ ယခုအခါ တစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၃၀၀ ခန့်သာ ရရှိတော့ကြောင်း မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးတင့်က ပြောကြားသည်။

"ဘာရောဂါဖြစ်လို့ဖြစ်မှန်းကို မသိတာပါ။ ရာသီဥတုပြောင်းလဲမှုကြောင့်လည်း ပါတယ်။ သေတာတွေများလွန်းလို့ နှစ်ကုန်ပိုင်းမှ ဖော်ရမှာကိုကြောက်ပြီး ဇန်နဝါရီ၊ ဖေဖော်ဝါရီမှာ ဖော်လိုက်တယ်။ ဖော်တဲ့သူတွေများပြီးတော့ စံပြငါးဈေးတွေမှာ ငါးတွေပြုံပြီး ရောက်လာတော့ ဈေးတွေကျပြီး ငါးကန်သမားတွေ တော်တော်များများ ရှုံးပါတယ်" ဟု ၎င်းကဆိုသည်။

ငါးများ သေဆုံးမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးရှိ ငါးလုပ်ငန်းဦးစီးဌာနဓာတ်ခွဲခန်းတွင် မြေနမူနာ၊ ငါးနမူနာများယူဆောင်ကာ သွားရောက်စစ်ဆေးသော်လည်း ကုသရမည့်နည်းလမ်းများကို အတိအကျလမ်းညွှန်မှု မပေးသောကြောင့် မွေးမြူရေးလုပ်ငန်းရှင်များမှာ သွားရောက်စစ်ဆေးရန် ယုံကြည်မှုမရှိတော့ကြောင်း၊ လက်ရှိတွင် ငါးများသေဆုံးမှုကို ဆေးမြီးတိုများဖြင့်သာ ကုသနေရကြောင်း မွေးမြူရေးလုပ်ငန်းရှင်များက ပြောဆိုသည်။

"မတ်လဆန်းပြီဆိုရင် ရာသီဥတုပြောင်းလဲတဲ့အတွက် ထုတ်ပြန်ချက်တွေ ထုတ်ပေးနေပါတယ်။ ကျွန်တော်တို့ဆီက စစ်လို့ရတဲ့နမူနာကို စာရွက်ကလေးနဲ့ ပေးလိုက်တဲ့ဟာကို ယုံကြည်မှုမရှိဘူးဆိုရင် ဘယ်လိုမှဆက်လုပ်လို့မရပါဘူး။ ဒီကိစ္စကိုလည်း ဆက်ပြီးတင်ပြပေးမှာပါ။ ငါးသေတယ်ဆို ချက်ချင်းအချိန်မရွေးဖုန်းဆက်ပြီး ကျွန်တော်တို့ဦးစီးဌာနနဲ့ ပူးပေါင်းဖြေရှင်းလို့ရပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးထွန်းဝင်းမြင့်က ပြောကြားသည်။

■ J-11

## NEWS IN BRIEF

### တစ်ဦးချင်းကုန်သွယ်ကတ်သုံး၍ ကျပ်သန်း ၁၃၀၀၀ ကျော်ကုန်သွယ်

ရန်ကုန်၊ မတ် ၂၉

တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ် (ITC) ကတ်ဖြင့် ကုန်သွယ်မှုမှာ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်စမှ မတ်လ ၂၄ ရက်နေ့အထိ ငွေကျပ် ၁၃၆၅၁ ဒသမ ၃၇၇ သန်းကုန်သွယ်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

ကုန်သွယ်နိုင်သည့်ပမာဏငွေကျပ် ၁၃၆၅၁ ဒသမ ၃၇၇ သန်းတွင် ပို့ကုန်မှာ ငွေကျပ် ၁၀၂၀ ဒသမ ၃၂၄ သန်းရှိပြီး သွင်းကုန်မှာ ငွေကျပ် ၁၂၆၃၁ ဒသမ ၀၅၃ သန်းကုန်သွယ်နိုင်ခဲ့ကြောင်း၊ ITC ကတ်အသုံးပြု၍ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ မြဝတီကုန်သွယ်ရေးဇုန်၊ တမူးနယ်စပ်၊ ကန်ပိုက်တီးနယ်စပ်နှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့တွင် ကုန်သွယ်မှုအများဆုံးပြုလုပ်နေကြခြင်းဖြစ်သည်။ ■ J-11

### အူရီဒူးဖုန်း ငွေဖြည့်လျှင် အပိုလက်ဆောင်ရမည့် သင်္ကြန်ပရိုမိုးရှင်းစတင်

ရန်ကုန်၊ မတ် ၂၉

အူရီဒူးဆင်းမ်ကတ်အသုံးပြုသူများအတွက် ယခုနှစ် မြန်မာ့နှစ်သစ်ကူးပရိုမိုးရှင်းအစီအစဉ်တစ်ခုအဖြစ် ငွေဖြည့်သူများကို အပိုလက်ဆောင်များပေးအပ်ခြင်းအစီအစဉ်ကို စတင်လိုက်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

အဆိုပါအစီအစဉ်ကို မတ်လ ၂၉ ရက်နေ့မှစတင်လိုက်ပြီဖြစ်ပြီး ကျပ် ၅၀၀၀ ဖြည့်သွင်းပါက ကျပ် ၅၀၀၀ (၁၀၀ ရာခိုင်နှုန်း) အပိုလက်ဆောင်ရရှိမည်ဖြစ်သည့်အပြင် Easy Top–Up(E-Load)စနစ်ဖြင့် ဖုန်းငွေဖြည့်ပါက အပိုလက်ဆောင် ပိုမိုရရှိမည်ဖြစ်ကြောင်း အူရီဒူးထံမှ သိရသည်။ ■ J-05

## စတော့အိတ်ချိန်း၌ ရှယ်ယာအရောင်းအဝယ်လုပ်သည့် အကြိမ်ရေ တိုးမည်

ရန်ကုန်၊ မတ် ၂၉



ဓာတ်ပုံ - အောင်နိုင်

ရန်ကုန်စတော့အိတ်ချိန်းတွင် ကုမ္ပဏီများ၏ရှယ်ယာများကို လက်ရှိတစ်နေ့နှစ်ကြိမ်သာ အရောင်းအဝယ်လုပ်ဆောင်ရာမှ တစ်နေ့လျှင် လေးကြိမ်အထိ လုပ်ဆောင်မည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက ပြောကြားသည်။

လက်ရှိ၌ ရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာအရောင်းအဝယ်လုပ်ဆောင်သည့်အချိန်ကို နံနက် ၁၁ နာရီနှင့် မွန်းလွဲ ၁ နာရီဟု နှစ်ကြိမ်သတ်မှတ်ထားပြီး လေးကြိမ်လုပ်ဆောင်မည်ဆိုပါက နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီကြားအတွင်း၌ လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"ဒီအချိန်အတွင်းမှာ နှစ်ကြိမ်လုပ်တာကနေ လေးကြိမ်ပြောင်းဖို့တော့ ပြင်ဆင်နေရတာပေါ့။ သင်္ကြန်ကျော်မှာတော့ လုပ်နိုင်မယ် မှန်းထားတယ်" ဟု ၎င်းက ဆိုသည်။

ယင်းသို့ ရှယ်ယာအရောင်းအဝယ်လုပ်သည့်အချိန်ကို နှစ်ကြိမ်ထပ်တိုးလိုက်ခြင်းကြောင့် ရှယ်ယာအရောင်းအဝယ်ပမာဏများ ပိုမိုမြင့်တက်လာမည်ဖြစ်သကဲ့သို့ လူအများစိတ်ဝင်စားမှု ပြန်လည်မြင့်တက်လာနိုင်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းဝင်ကုမ္ပဏီ မြန်မာနိုင်ငံသားများဘဏ်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဝင်းက ပြောကြားသည်။

"အရောင်းအဝယ်တွေ ပြန်သွက်လာမှာပေါ့။ နှစ်ကြိမ်တည်းကျတော့ ရောင်းတဲ့သူရော၊ ဝယ်တဲ့သူရောက ချိန်ပြီးလုပ်နေကြတယ်" ဟု ၎င်းကဆိုသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်း ဖွင့်လှစ်ခဲ့သည်မှာ တစ်နှစ်ကျော်လာခဲ့ပြီဖြစ်ကာ FMI ကုမ္ပဏီ၊ မြန်မာသီလဝါ အထူးစီးပွားရေးဇုန်အများပိုင်ကုမ္ပဏီ (MTSH)၊ မြန်မာနိုင်ငံသားများဘဏ်(MCB)နှင့် ပထမပုဂ္ဂလိကဘဏ် (FPB) တို့က ရှယ်ယာအရောင်းအဝယ်လုပ်ဆောင်လျက်ရှိသည်။ ■ J-01

### မတ်လ ၂၉ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

| Name | Opening Price | 11(AM) Price | 1(PM) Price | Change | Trading Shares | Trading Vaule (MMK) |
|---|---|---|---|---|---|---|
| FMI | 16500 | 16500 | 16500 | - | 1799 | 29,353,500 |
| MTSH | 4100 | 4100 | 4100 | - | 6940 | 28,454,000 |
| MCB | 9000 | 9500 | 9000 | - | 503 | 4,537,000 |
| FPB | 31000 | 31000 | 31000 | - | 220 | 6,820,000 |

### နိုင်ငံခြားငွေလဲလှယ်နှုန်း

Source: KBZ Bank

| 29.3.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၃၅၂ | ၁၄၆၁ | ၉၇၂ |
| ရောင်းဈေး(ကျပ်) | ၁၃၅၇ | ၁၄၇၃ | ၉၇၈ |

Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း

| 29.3.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၉၀၅,၀၀၀ (ဖွင့်) | ၉၀၅,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၅၀ (ဖွင့်) | ၁၂၄၉ (ပိတ်) |

## ဇောတိကစီမံကိန်းတွင် သဘာဝဓာတ်ငွေ့တူးဖော်မည့် စီမံကိန်းသစ်နှစ်ခု ထပ်မံလုပ်ဆောင်မည်

ရန်ကုန်၊ မတ် ၂၉

ရန်ကုန်မြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၃၀၀ အကွာအဝေး မုတ္တမပင်လယ်ကွေ့တွင်တည်ရှိသည့် ဇောတိကစီမံကိန်း ကမ်းလွန်လုပ်ကွက်အမှတ် M9 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ထပ်မံတူးဖော်ရန်အတွက် 1C နှင့် 1D ဟူသောစီမံကိန်းသစ်နှစ်ခု ထပ်မံလုပ်ဆောင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံအခြေစိုက် PTT Exploration and Production Public Company Limited (PTTEP) ထံမှသိရသည်။

အဆိုပါဇောတိကစီမံကိန်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် PTTEP ကုမ္ပဏီတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စီမံကိန်းသစ်များဖြစ်သည့် 1C ရှိ ပထမဆုံးတူးဖော်ရေးစင်ကို ၂၀၁၇ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် စတင်တပ်ဆင်သွားမည်ဖြစ်ပြီး 1D ရှိ ပထမဆုံးတူးဖော်ရေးစင်ကို ၂၀၂၀ ပြည့်နှစ် နောက်ဆုံးသုံးလပတ်တွင် တပ်ဆင်ရန်လျာထားကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အမှုဆောင်ဘူမိဗေဒအရာရှိ ဦးမျိုးစန်းဦးက ပြောကြားသည်။

"တကယ်တမ်း ဒီစီမံကိန်းတွေက အသစ်မဟုတ်ပါဘူး။ ဇောတိကမှာ လက်ရှိ 1A နဲ့ 1B ဆိုပြီး လုပ်နေတဲ့စီမံကိန်း နှစ်ခုရှိတယ်။ 1C နဲ့ 1D ဆိုပြီး အသစ်ထပ်ထုတ်ဖို့ပါ။ ရေနံနဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုက အချိန်ကြာလာတာနဲ့အမျှ သဘာဝအလျောက်ကျလာတဲ့အတွက် ဒီနှစ်ခုက အသစ်ထပ်ထုတ်ဖို့ လျာထားတဲ့စီမံကိန်းတွေပါ" ဟု ၎င်းကဆိုသည်။

ယင်းစီမံကိန်းသစ်နှစ်ခု ဆောင်ရွက်ရန်အတွက် အဏ္ဏဝါဗေဒဆိုင်ရာဂေဟစနစ်၊ ငါးဖမ်းဆီးမှုထိခိုက်မှုရှိ၊ မရှိနှင့် ရေကြောင်းသွားလာမှု အခြေအနေတို့ကို တွက်ချက်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ လက်ရှိဇောတိကစီမံကိန်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်နေသည့် 1A နှင့် 1B စီမံကိန်းမှ တစ်နေ့လျှင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း ၃၈၀ ခန့်ထွက်ရှိပြီး ကုဗပေသန်းပေါင်း ၂၈၀ ခန့်ကို ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချကာ ကျန် ၁၀၀ ခန့်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ပြည်တွင်းလုပ်ငန်းများအတွက် ပြန်လည်သုံးစွဲကြောင်း PTTEP ကုမ္ပဏီထံမှ သိရသည်။

■ J-11

# ရဲချုပ် တစ်နှစ်တိုး တာဝန်ထမ်းဆောင်ဖွယ်ရှိ

**ရန်ကုန်၊ မတ် ၂၉**

ပြည်ထဲရေးဝန်ကြီးဌာနက သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူရန် ပြင်ဆင်နေသူ ရဲချုပ်ဇော်ဝင်းကိုဌာနလုပ်ငန်းတာဝန်များ မပြီးပြတ်သဖြင့် အဆိုပါရာထူးနှင့်ပင် နောက်ထပ်တစ်နှစ် တာဝန်ထမ်းဆောင်ရန်စီစဉ်နေကြောင်း အဆိုပါဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။

ရဲချုပ်သည် သက်ပြည့်ပင်စင်မယူမီ ပြင်ဆင်ခွင့်လေးလ တောင်းခံခဲ့သော်လည်း ခွင့်ပြုခဲ့ခြင်း မရှိကြောင်း၊ လုပ်ငန်းတာဝန်လိုအပ်ချက်အရ ယခုနှစ် မတ်လတွင် တစ်နှစ်တိုးမြှင့်တာဝန်ပေးအပ်ရန် စီစဉ်နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိတစ်ဦးက ပြောကြားသည်။

"ပြည်ထဲရေးဝန်ကြီးဌာနက လူကြီးတွေ စဉ်းစားနေတဲ့ သဘောပါ။ ဒီအတိုင်း တာဝန်ထပ်ပေးမလား၊ သက်ပြည့်ပင်စင်နဲ့ အငြိမ်းစားယူခွင့် ပေးမလားဆိုတာ တရားဝင်စာ ထွက်မလာသေးဘူး။ စီစဉ်နေတယ်လို့ ကြားရတဲ့အဆင့်ပဲ ရှိဦးမယ်။ ဧပြီလကုန်ကျမှ သေချာအဖြေထွက်မယ်" ဟု ၎င်းက ဆိုသည်။

ရဲချုပ်ဇော်ဝင်းမှာ တပ်မတော်(ကြည်း)မှ ဗိုလ်သင်တန်းဆင်း အရာရှိတစ်ဦးဖြစ်ပြီး တပ်မတော်တွင် ဗိုလ်မှူးကြီးရာထူးဖြင့် နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ဆက်နွှယ်သည်ဟုနာမည်ကြီးသော မူးယစ်ဆေးဝါးအမှုကို ဖော်ထုတ်စစ်ဆေးနိုင်ခြင်းကြောင့် ရဲချုပ်ရာထူးသို့ တာဝန်တိုးမြှင့်ပေးအပ်ခံရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရဲမှတ်တမ်းများအရ သိရှိရသည်။

ထိုသို့ ရဲချုပ်ဇော်ဝင်းကို သက်တမ်းတစ်နှစ်ဖြင့် ထပ်တိုးထားရှိမည့် အစီအစဉ်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒုရဲမှူးကြီးတင်ဝင်းကို The Voice က ဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာ "ရဲချုပ်က ဧပြီ ၃ ရက်မှာ သက်ပြည့်ပင်စင်ယူမှာ လုံးဝမဟုတ်ပါဘူး။ နောက်ကျပါတယ်နော်။ အသက်ခြောက်ဆယ်က ဧပြီလကုန်လောက်မှ ပြည့်မှာပါ။ ရဲချုပ်တာဝန် ထပ်ထမ်းဆောင်ရခြင်း၊ မရခြင်းကိုတော့ စာထွက်လာမှ သိရမယ်။ အခုလောလောဆယ် စီစဉ်နေလား၊ မနေဘူးလား ဘာမှမသိရသေးပါဘူး" ဟု ၎င်းက ဆိုသည်။

အလားတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အမြဲတမ်းအတွင်းဝန်ဖြစ်သူ ဦးမြင့်ကြိုင်မှာ ယခုနှစ် ဧပြီလတွင် အသက် ၆၀ ပြည့်ခြင်းကြောင့် အနားယူမည်ဖြစ်သော်လည်း ဝန်ကြီးဌာန သက်တမ်းတစ်နှစ် ဆက်လက်တိုးမြှင့်ထားရှိရန် စဉ်းစားနေသည်ဟု ကြားသိရကြောင်း ကာယကံရှင်ထံမှ စုံစမ်းသိရသည်။ ■ J - 17

# 'လမ်းအန္တရာယ်ကင်းရှင်းဖို့ မိမိကိုယ်တိုင် စတင်စို့' လှုပ်ရှားမှု ပြုလုပ်မည်

**ရန်ကုန်၊ မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်တို့၏ ကြီးကြပ်မှုနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းကာ လမ်းအန္တရာယ်ကင်းရှင်းဖို့ မိမိကိုယ်တိုင်စတင်စို့ 'Start With Me Road Safety လှုပ်ရှားမှုတစ်ရပ် ပြုလုပ်မည်ဖြစ်ကြောင်း ပါဝင်လှုပ်ရှားသည့်အဖွဲ့အစည်းများထံမှ သိရသည်။

လမ်းအန္တရာယ်ကင်းရှင်းဖို့ မိမိကိုယ်တိုင်စတင်စို့ 'Start With Me' Road Safety ပါဝင်သည့် လှုပ်ရှားမှုကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံရှေ့တွင် ဧပြီလ ၄ ရက်၊ နံနက် ၇ နာရီမှ ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

"ဒီလှုပ်ရှားမှုကြီးကို အဓိကပြုလုပ်ရတဲ့ရည်ရွယ်ချက်က နေရာတိုင်းမှာ လူကြောင့်ဖြစ်နေတဲ့ ယာဉ်မတော်တဆမှုတွေရှိတယ်။ အဲဒီထဲက လူပေါင်းများစွာ သေဆုံးမှုကို လျှော့ချနိုင်ဖို့ ပြည်သူပြည်သူများက တစ်ဦးချင်းစီ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ လုပ်တာပါ။ ဒီလှုပ်ရှားမှုမှာ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့အပါအဝင် မိတ်ဖက်အဖွဲ့အစည်း ၁၉ ခုက ပူပေါင်းပါဝင်မှာပါ" ဟု ပါဝင်လှုပ်ရှားသည့် Action Aid Myanmar မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါလှုပ်ရှားမှုတွင် အနုပညာရှင်များ၊ ကျွမ်းကျင်သူများကလည်း လမ်းအန္တရာယ်ကင်းရှင်းစေရန် သတိထားရမည့်အကြောင်းအရာများကို ပညာပေးသည့်အနုပညာဖြင့်ပုံဖော်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ဧပြီ ၄ ရက်တွင် ပြုလုပ်မည့် လမ်းအန္တရာယ်ကင်းရှင်းဖို့ မိမိကိုယ်တိုင်စတင်စို့ အခမ်းအနားသို့ တက်ရောက်သူ ၇၀၀ကျော်ရှိမည်ဖြစ်ပြီး ၎င်းတို့က Safe Steps -Road Safety တူညီဝတ်စုံများဝတ်ဆင်ပြီး တက်ရောက်မည်ဖြစ်သည်။

ရန်ကုန်တွင် ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် နေ့စဉ် ၁၄ ဦးခန့် သေဆုံးနေရပြီး ၂၀၁၆ ခုနှစ်အတွင်း ရန်ကုန်မြို့တွင် ယာဉ်မတော်တဆဖြစ်ပွားမှု တစ်ရက်လျှင် ၄၇ မှုရှိခဲ့သည်။ ■ J-10

# လမ်းညွှန်ဆိုင်းဘုတ် ၄၀၀၀ ကို ဧပြီလတွင် ပြန်လည်ပြင်ဆင်မည်

**ရန်ကုန်၊ မတ် ၂၉**

YBS တံဆိပ်တပ်ယာဉ်များ ပြေးဆွဲရာမှတ်တိုင်များတွင် လမ်းညွှန်ဆိုင်းဘုတ် ၄၀၀၀ ကို တပ်ဆင်ပေးခဲ့ပြီး အဆိုပါဆိုင်းဘုတ်များကို ဧပြီလတွင် ပြန်လည်ပြင်ဆင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA ထံမှ သိရသည်။

"ဆိုင်းဘုတ်တွေကို အကုန်လုံးကို ဒီထက်ပိုကောင်းအောင် လုပ်မှာဖြစ်ပါတယ်။ ဧပြီလထဲ သေချာပေါက် စလုပ်ဖြစ်တယ်" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်းက ဆိုသည်။

ရန်ကုန်မြို့တွင် YBS တံဆိပ်တပ်ယာဉ်များ ပြောင်းလဲပြေးဆွဲချိန်တွင် ခရီးသည်များ စီးနင်းမှုအဆင်ပြေစေရန် လမ်းညွှန်ဆိုင်းဘုတ်များကို စိုက်ထူပေးခြင်းဖြစ်ပြီး စတင်ပြေးဆွဲချိန်မှ လက်ရှိအချိန်အထိ ယာဉ်လိုင်းတိုးချဲ့ခြင်း၊ လမ်းကြောင်းတိုးချဲ့ခြင်းများ ရှိခဲ့ခြင်းကြောင့် ပြန်လည်ပြင်ဆင်ခြင်းဖြစ်ကြောင်း YRTA ထံမှ သိရသည်။

ပြန်လည်ပြင်ဆင်ခြင်းဆောင်ရွက်ရာတွင် တိုင်များ ပိုမိုခိုင်ခံ့ခြင်း၊ လမ်းကြောင်းများ စနစ်တကျဖော်ပြခြင်း၊ တိုးချဲ့လမ်းကြောင်းများ ဖြည့်တင်းခြင်း၊ ဆိုင်းဘုတ်များအလွယ်တကူ ဖျက်ဆီးမခံရစေရန်ဆောင်ရွက်ခြင်းများ လုပ်ဆောင်မည်ဖြစ်သည်။

"လက်ရှိဆိုင်းဘုတ်တွေနဲ့တင် မပြီးလို့ ပြန်လုပ်တာပါ။ ဘယ်တော့ အပြီးလုပ်မယ်ဆိုတာကိုတော့ အတိအကျ မပြောနိုင်ဘူး။ အမြန်ဆုံးပြီးအောင် တွန်းလုပ်သွားမှာပါ" ဟု ဦးသန်းဝင်းက ဆက်လက်ပြောဆိုသည်။

ဆိုင်းဘုတ်များကို မသမာသူများ မဖျက်ဆီးနိုင်ရန် ဆောင်ရွက်သင့်ပြီး ကြည့်ရှုရန် လွယ်ကူသော လမ်းညွှန်ဆိုင်းဘုတ်ကိုသာ ပြုလုပ်စေချင်ကြောင်း YBS ယာဉ်လိုင်းစီးနင်းသည့် ခရီးသည်များက ပြောကြားသည်။

YBS ယာဉ်လိုင်းများအနေနှင့် စတင်ပြေးဆွဲချိန်တွင် လမ်းကြောင်း ၆၀ ကိုသာ ဖော်ဆောင်ခဲ့ပြီး လက်ရှိတွင် လမ်းကြောင်း ၈၀ အထိ တိုးချဲ့ပြေးဆွဲလျက်ရှိသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် YBS ယာဉ်လိုင်း ၈၀ တွင် တစ်ရက်လျှင် ယာဉ် ၄၀၀၀စီးဖြင့် ခရီးသည်ပို့ဆောင်နေပြီး မှတ်တိုင်ပေါင်း ၄၀၀၀ရှိကြောင်း YRTA ထံမှ သိရသည်။ ■ J-06

# ရန်ကုန်မြို့လယ် Junction City စတင်ဖွင့်လှစ်

**ရန်ကုန်၊ မတ် ၂၉**




ဓာတ်ပုံ - su lay ngoe

ဗိုလ်ချုပ်အောင်ဆန်းဈေးအနီးရှိ လေဟာပြင်ဈေးနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေတောင်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းတည်ဆောက်သည့် Junction City စီမံကိန်းကို စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ရွှေတောင်ကုမ္ပဏီအုပ်စုထံမှ သိရသည်။

ယခုအခါ ၂၃ ထပ်အမြင့်ရှိသော Office Tower နှင့် ဈေးဝယ်စင်တာတို့ကို စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး တရားဝင်ဖွင့်ပွဲနေ့မှာ မတ်လ ၃၁ ရက်နေ့ဖြစ်ကြောင်း ရွှေတောင်ကုမ္ပဏီထံမှ သိရသည်။

လက်ရှိအချိန်တွင် Junction City ဈေးဝယ်စင်တာတွင် ဈေးဆိုင်အရေအတွက် ၂၄၀ ၏ ၅၀ ရာခိုင်နှုန်းသာ ဆိုင်ခန်းများ ဖွင့်လှစ်နိုင်သေးပြီး ယခုလကုန်ပိုင်း၌ ၇၀ ရာခိုင်နှုန်းအထိ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း အဆိုပါစီမံကိန်း၏ ဈေးကွက်ရှာဖွေရေးမန်နေဂျာ ဦးရဲနိုင်ကပြောကြားသည်။

လတ်တလောတွင် တည်ဆောက်လျက်ရှိသော Junction City စီမံကိန်း၏ ကြယ်ငါးပွင့်အဆင့်ရှိ Pan Pacific ဟိုတယ်ကို ယခုနှစ်ကုန်ပိုင်းမှသာ ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

Junction City စီမံကိန်းကို ဗိုလ်ချုပ်အောင်ဆန်းဈေးအနီးရှိ လေဟာပြင်ဈေးနေရာတွင် တည်ဆောက်လျက်ရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ၂၀၁၃ ခုနှစ်တွင် တင်ဒါခေါ်ယူခဲ့ရာတွင် ရွှေတောင်ကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရွှေတောင်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော စီမံကိန်းဖြစ်ကြောင်း ရွှေတောင်ကုမ္ပဏီထံမှ သိရသည်။

ယင်းစီမံကိန်း၏ အကျိုးအမြတ်ခွဲဝေအပိုင်းမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက Junction City Tower ၏ဆောက်လုပ်ရေးဧရိယာ ၅၁ ရာခိုင်နှုန်းကျော်နှင့် ကားအစီးရေ ၁၅၀၀ ကျော်ဆံ့သည့် ယာဉ်ရပ်နားရန်နေရာ ၅၀ ရာခိုင်နှုန်းရရှိမည်ဖြစ်ပြီး ကျန်ရှိသည့် ဆောက်လုပ်ရေးဧရိယာနှင့် ယာဉ်ရပ်နားရန်နေရာတို့ကို ရွှေတောင်ကုမ္ပဏီက ရရှိမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

■ J-01

# ကျုံးပတ်လည်တွင် ရေစုပ်စက်ဖြင့် ရေကစားခွင့်ပြု

**မန္တလေး၊ မတ် ၂၉**

သင်္ကြန်ပွဲတော်ကာလအတွင်း မန္တလေးမြို့ ကျုံးပတ်လည် မဏ္ဍပ်မရှိသည့် နေရာများတွင် ရေစုပ်စက်များဖြင့် ရေကစားခွင့်ပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။

"မိသားစုတွေ ရေကစားနိုင်ဖို့ ရေစုပ်စက်တစ်လုံးကို တစ်ရက် ငါးသောင်းနှုန်းနဲ့ ခွင့်ပြုပေးမယ်။ သင်္ကြန်လေးရက်အတွက် နှစ်သိန်းပေါ့။ မီးသတ်ပိုက်နဲ့တော့ ပက်ခွင့်မပြုဘူး" ဟု ကော်မတီဝင် ဦးကျော်ဇေယျက ပြောကြားသည်။

ကျုံးတောင်ဘက် ၂၆ လမ်းမှလွဲ၍ ကျန်သုံးဖက်တွင် တစ်ဖက်လျှင် မဏ္ဍပ်ရှစ်ခုစီ နေရာချပေးရန် စီစဉ်ခဲ့သော်လည်း မတ်လ ၂၃ ရက်နေ့က ပြုလုပ်သည့် လေလံပွဲတွင် ကျုံးအရှေ့ဘက် ၆၆ လမ်းပေါ်ရှိ နေရာခြောက်ခုသာ လေလံအောင်မြင်ခဲ့ပြီး ကျပ်သိန်း ၂၄၀၀ ကျော် ရရှိခဲ့ကြောင်း၊ လေလံမအောင်သည့် ၁၈ နေရာအတွက် အလှူငွေဖြင့် ခွင့်ပြုပေးခြင်းဖြစ်ပြီး မတ်လ ၂၈ ရက်နေ့က ကျုံးအနောက်ဘက် နေရာသုံးခုကို အလှူငွေဖြင့်လျှောက်ထားခဲ့ကြောင်း ယင်းကော်မတီတာဝန်ရှိသူတစ်ဦးက ဖြည့်စွက်ပြောဆိုသည်။

"လမ်း ၈၀၊ ၂၂ နဲ့ ၂၆ ကြားထဲက မဏ္ဍပ်သုံးခုကို အလှူငွေနဲ့လျှောက်ထားခဲ့တယ်။ ကျွန်တော်တို့က တစ်ပေကို (ကျပ်) တစ်ရာ သတ်မှတ်ထားတာဆိုတော့ အဲဒီနေရာတွေအတွက် သိန်း ၁၃၀ ဝန်းကျင်နဲ့ ယူသွားကြတယ်။ လေလံပေးတာ မဟုတ်ဘူးနော်။ အလှူငွေနဲ့ပေါ့" ဟု ဦးကျော်ဇေယျက ထပ်မံပြောဆိုသည်။

၂၆ လမ်းတွင်ပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်တွင် မဏ္ဍပ်ပေါင်း ၃၀ ကျော် ရှိမည်ဖြစ်ရာ လုပ်ငန်းရှင်အများစုသည် ယင်းနေရာတို့ကိုသာ စိတ်ဝင်စားနေသဖြင့် ခွင့်ပြုထားသည့် အခြားနေရာများကို မလျှောက်ကြခြင်းဖြစ်ကြောင်း မန္တလေးဒေသခံများထံမှ သိရသည်။

ရေစုပ်စက်ဖြင့် ကစားလိုသူများသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံတွင် ရေသုံးစွဲခွင့် လျှောက်ထားရမည်ဖြစ်ပြီး ခွင့်ပြုချက်မရှိဘဲ အသုံးပြုပါက စည်ပင်ဥပဒေဖြင့်အရေးယူခံရမည်ဟု ယင်းကော်မတီက ထုတ်ပြန်ထားသည်။

■ LC

# မန္တလေးသင်္ကြန် သံချပ်ပြိုင်ပွဲ ပထမဆု ကျပ် ၁၅ သိန်း ချီးမြှင့်မည်

**မန္တလေး မတ် ၂၉**

အသွင်သစ်ဖြင့်ပြုလုပ်မည့် ယခုနှစ် မန္တလေးသင်္ကြန် သံချပ်ပြိုင်ပွဲဝင်သူများအနက် ပထမဆုရသည့်အဖွဲ့ကို ကျပ် ၁၅ သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ သံချပ်စိစစ်ရေးကော်မတီအဖွဲ့ထံမှ သိရသည်။

သံချပ်ပြိုင်မည့်အဖွဲ့များအနေနှင့် ယင်းကော်မတီသို့ အမည်စာရင်းနှင့် သံချပ်စာသားများကို ဧပြီလ ၁ ရက်နေ့အထိ ပေးပို့ကြရမည်ဖြစ်ပြီး မတ်လ ၂၉ ရက်နေ့အထိ ပြိုင်ပွဲဝင်အဖွဲ့ လေးဖွဲ့သာရှိသေးကြောင်းနှင့် သံချပ်စာသားများတွင် ပယ်ဖျက်ရမည့်အနေအထား မရှိသေးကြောင်း အဆိုပါကော်မတီအဖွဲ့ဥက္ကဋ္ဌ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက The Voice သို့ ပြောကြားသည်။

"သံချပ်ဆိုတာ ပြည်သူ့အသံဖြစ်တယ်။ ပြည်သူ့ဘဝတွေ ဘယ်လိုဖြစ်နေသလဲဆိုတာ သံချပ်ကနေ သိရမယ်။ ကျွန်တော်တို့အစိုးရအဖွဲ့က ပြည်သူ့အသံတွေကိုကြားချင်လို့ သံချပ်တွေ အများကြီးပြိုင်စေချင်တာ။ အခုပေးပို့ထားတဲ့ သံချပ်တွေဆိုရင် အားရစရာကောင်းပါတယ်။ ပယ်ဖျက်ပစ်ရမယ့် စာသားတွေ မတွေ့ရဘူး။ ပြိုင်ပွဲဝင်တွေမှာ အကုန်အကျစရိတ်တွေများနိုင်လို့ ဆုငွေကိုလည်း ထိုက်ထိုက်တန်တန်ဖြစ်အောင် ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ကျပ် ၁၀ သိန်းနဲ့ တတိယဆု ကျပ်ခုနစ်သိန်းလောက်အထိ ချီးမြှင့်ပေးဖို့ စီစဉ်ထားတယ်" ဟု ၎င်းကဆိုသည်။

ရရှိထားသည့် သံချပ်စာအများစုမှာ ပြည်သူ့ရဲတပ်ဖွဲ့လုံခြုံရေး အားနည်းမှုနှင့် မန္တလေးစည်ပင်ကဏ္ဍ လမ်းတံတား၊ ရေ၊ မြေယာစာရင်း၊ ဌာနလေးခု အလုပ်မလုပ်သည့် အားနည်းချက်များကို ရေးသားထားသည်က အများဆုံးဖြစ်ကြောင်းလည်း အဆိုပါကော်မတီ၏ သုံးသပ်ချက်အရ သိရသည်။

"အရင်အစိုးရလက်ထက်က သံချပ်ပြိုင်ပွဲဆိုရင် ခွင့်မပြုခဲ့ဘူး။ အစိုးရ အားနည်းချက်တွေကို ထုတ်ဖော်ခွင့်မရခဲ့တာကို လက်ရှိအစိုးရလက်ထက်မှာ ဖော်ထုတ်ခွင့်ရပြီ။ အဲဒီတော့ ပြည်သူတွေ ခံစားနေရတဲ့အကြောင်းအရာအများဆုံးကို ရွေးထုတ်ပြီး သံချပ်ထိုးဖို့ စာသားတွေရွေးချယ်ထားတယ်" ဟုမန္တလေးမြို့ခံသံချပ်ပြိုင်ပွဲဝင်မည့်အဖွဲ့များက ပြောဆိုသည်။ သံချပ်ပြိုင်မည့်အဖွဲ့များအနေနှင့် ဆိုင်ကယ်၊ မော်တော်ယာဉ်များဖြင့် လှည့်လည် သံချပ်ထိုးရန် အခက်အခဲရှိနိုင်သဖြင့် မြို့တော်ဗဟိုမဏ္ဍပ်ပေါ်တွင် တက်ရောက်သံချပ်ထိုးနိုင်ကြောင်း၊ သံချပ်ထိုးလိုသည့်ရက်များကို ကော်မတီတွင်စာရင်းပေးပြီး သံချပ်ထိုးနိုင်ကြောင်း အဆိုပါကော်မတီ၏ အဆိုအရ သိရသည်။

ယခုနှစ် မန္တလေးသင်္ကြန်တွင် သံချပ်ဒိုင် ငါးဦးထားရှိပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများအပြင် နှစ်သိမ့်ဆုများပါ ချီးမြှင့်ပေးရန် ရည်မှန်းထားကြောင်း၊ လက်ရှိတွင် အဖွဲ့လေးခု စာရင်းပေးထားရာ မန္တလေးမြို့ခံ သုံးဖွဲ့နှင့် မုံရွာမြို့မှ တစ်ဖွဲ့ဖြစ်ကြောင်း အဆိုပါကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်ဇောက ထပ်လောင်းပြောကြားသည်။

■ M-02



ဓာတ်ပုံ - ဝေလင်းထွန်း

မန္တလေးမြို့ ၇၄ လမ်းနှင့်ဇော်ဂျီလမ်းထောင့်တွင် တည်ဆောက်ထားသော အသင့်နေထိုင်နိုင်သည့်အိမ်တစ်လုံးကို တွေ့ရစဉ်။

# ကျပ် ၃၅ သိန်းတန် အသင့်နေအိမ်များ မန္တလေးတွင်ထုတ်မည်

**မန္တလေး မတ် ၂၉**

မန္တလေးမြို့အခြေစိုက် UD ကုမ္ပဏီက ဖိုက်ဘာဖြင့်ပြုလုပ်ထားပြီး ရွှေ့လျားတပ်ဆင်နိုင်သော ကျပ် ၃၅ သိန်းတန် အသင့်နေအိမ် (Smart Home) များကို သင်္ကြန်ကာလပြီးပါက ဒီဇိုင်းသစ်ဖြင့် ထပ်မံထုတ်လုပ်မည်ဖြစ်ကြောင်း ယင်းကုမ္ပဏီဒါရိုက်တာ ဦးဝေလင်းထွန်းက ပြောကြားသည်။

ယခုဈေးကွက်တွင်ရှိသော ဒီဇိုင်းမှာ မိသားစုနှစ်ဦး နေထိုင်နိုင်သည့်အိမ်များဖြစ်ပြီး မိသားစုဝင်များပါ နေထိုင်နိုင်ရေးအတွက် ဒီဇိုင်းအသစ်ဖြင့် ထုတ်လုပ်နိုင်ရန် ပြင်ဆင်နေကြောင်း၊ အချင်း ပေ ၄၀ ရှိမည့်အိမ်များကို ဒီဇိုင်းသစ်ဖြင့်ထုတ်လုပ်မည်ဖြစ်ပြီး ယင်း Smart Home ပြုလုပ်ရန် ကုန်ကြမ်းဖိုက်ဘာပစ္စည်းများကို ပြည်ပကမှာယူ၍ ပြည်တွင်း၌ ကုန်ချော အဖြစ်ထုတ်လုပ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

"Smart Home က ခိုင်ခန့်မှုလည်းရှိတယ်။ ကုန်ကျစရိတ်လည်းသက်သာပါတယ်။ ကျွန်တော်ရဲ့ဟိုတယ်လုပ်ငန်းမှာ စမ်းသုံးဖို့ ၁၀ လုံး မှာထားတယ်။ ဖိုက်ဘာအိမ်ဆိုတာ အမြင်တစ်မျိုးဖြစ်နေပေမယ့် တည်းဖူးသွားရင် နောက်တစ်ခေါက် လာတည်းချင်ကြမှာပါ" ဟု ညောင်ဦးမြို့ရှိ တော်ဝင်ကျောက်စိမ်းဟိုတယ်လုပ်ငန်းရှင် ဦးကျော်ဌေးက ပြောကြားသည်။

အသင့်နေထိုင်နိုင်သည့် Smart Home အိမ်များ၏ အားသာချက်မှာ တစ်နာရီ မိုင် ၂၀၀ ကျော်အထိ လေတိုက်နှုန်းဒဏ်ခံနိုင်ပြီး မီးဒဏ်၊ မိုးဒဏ်နှင့် မြေငလျင်ဒဏ်များကိုလည်းခံနိုင်ကြောင်း၊ ယင်းအပြင် ခြစားခြင်းမရှိဘဲ အခြားပိုးမွှားအန္တရာယ်ဒဏ်လည်း ခံနိုင်ရည်ရှိကြောင်း၊ မြေတစ်ဧကအကျယ်တွင် အလုံး ၃၀ ခန့်ကို လွယ်ကူလျင်မြန်စွာ တည်ဆောက်နိုင်ပြီး အဆောက်အအုံ အလုံး ၁၀၀ အတွက် ကျပ်သိန်း ၃၅၀၀ ကုန်ကျမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ပုဂံ-ညောင်ဦး၊ တောင်ကြီးနှင့် ငွေဆောင်တို့တွင် ဆောက်လုပ်ပေးထားကြောင်း UD ကုမ္ပဏီထံမှ သိရသည်။

UD ကုမ္ပဏီအနေနှင့် လက်ရှိတွင် ပေ ၂၀ အချင်းရှိ အသင့်နေထိုင်နိုင်သည့်အိမ် အလုံး ၃၀၀ ခန့် ရောင်းထားပြီးဖြစ်ကာ အလုံး ၁၀၀ ခန့် အော်ဒါရရှိထားကြောင်းလည်း ယင်းကုမ္ပဏီထံမှ ထပ်မံသိရသည်။

■ M-01

# မန္တလေးသင်္ကြန် ကျပ်သိန်း ၁၀၀၀ ကျော် သုံးမည်

**မန္တလေး၊ မတ် ၂၉**

မန္တလေးသင်္ကြန်ပွဲတော်အတွက် ငွေကြေးအသုံးပြုမှု ကျပ်သိန်း ၁၀၀၀ ကျော်သာ ရှိမည်ဖြစ်ပြီး သုံးစွဲမှု ယခင်ထက်လျော့နည်းကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောကြားသည်။

ကျုံးတောင်ဘက်ခြမ်းတွင်ပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ငွေကြေးသုံးစွဲမှုမရှိသလောက် နည်းပါးမည်ဖြစ်ပြီး မြို့တော်ဝန်မဏ္ဍပ်တည်ဆောက်ရေးနှင့်ဖျော်ဖြေရေးအတွက် အသုံးစရိတ်စုစုပေါင်း ကျပ်သိန်း ၁၀၀၀ ကျော် ရှိမည်ဟု ၎င်းကပြောဆိုသည်။

"မနှစ်ကသင်္ကြန်မှာ သိန်း ၃၀၀၀ လောက် သုံးစွဲခဲ့ပေမယ့် အခုနှစ်မှာ သိန်း ၁၀၀၀ ကျော်ရှိမယ်။ လမ်းလျှောက်သင်္ကြန်အတွက် အဝင်မုခ်ဦးတွေ ထားမယ်။ မုခ်ဦးတွေတည်ဆောက်ဖို့ စပွန်ဆာပေးမယ့် ကုမ္ပဏီတစ်ခုက ကမ်းလှမ်းထားတာရှိပါတယ်။ ၆၆ လမ်းနဲ့ ၇၈ လမ်းထိပ်တို့မှာဖြစ်တယ်။ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေနဲ့ဒေသခံတွေကို မုခ်ဦးအဝင်မှာ သပြေခက်နဲ့ရေပက်ပြီး ကြိုမယ်။ သနပ်ခါးလိမ်းပေးတာလည်းပါမယ်" ဟု ဦးကျော်ဆန်းမြင့်က ရှင်းပြသည်။

မန္တလေးသင်္ကြန်တွင် မြို့တော်ဝန်မဏ္ဍပ် (ဗဟိုမဏ္ဍပ်) နှင့် နန်းမြို့သူမဏ္ဍပ်တို့သာ မဏ္ဍပ်ကြီးများအဖြစ် ရှိမည်ဖြစ်ကာ တိုင်းရင်းသားရေကစားမဏ္ဍပ်များနှင့် အသင်းအဖွဲ့များအတွက် အမြင့်နှစ်ပေခွဲ၊ မျက်နှာဖွင့်အကျယ် ပေ ၃၀ ရှိသည့် ရေကစားမဏ္ဍပ်ငယ် ၃၅ ခု ချထားပေးရန် စီစဉ်ထားကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ယခုနှစ်တွင် မန္တလေးသင်္ကြန်ကို ပုံစံပြောင်းလဲကျင်းပမည်ဖြစ်၍ ရသနှစ်မျိုး ခံစားရမည်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် အထူးခြားဆုံးပြောင်းလဲမှု ဖြစ်လာနိုင်ကြောင်း၊ ပြည်ပခရီးသွားဧည့်သည် ယခင်နှစ်များကထက် ပိုမိုရောက်ရှိလာနိုင်သောကြောင့် လုံခြုံရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း မန္တလေးမြို့ခံ စီးပွားရေးလုပ်ငန်းရှင် ဦးမျိုးဝင်းက ပြောဆိုသည်။

လမ်းလျှောက်သင်္ကြန်ကျင်းပမည့် ကျုံးတောင်ဘက်တွင် ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားရိုးရာမဏ္ဍပ်များ ထားရှိမည်ဖြစ်ပြီး စတုဒိသာ အကျွေးအမွေးအစီအစဉ်များ၊ မြန်မာ့ရိုးရာ ဖျော်ဖြေရေးအစီအစဉ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာ ဖျော်ဖြေရေး အစီအစဉ်များ၊ မျက်လှည့်ပွဲများ၊ ခြင်းအလှခတ်ပွဲများနှင့် သင်္ကြန်တေးသီချင်းပြိုင်ပွဲများ ပြုလုပ်ပေးခြင်းနှင့် စားသောက်ဆိုင်များအမှတ်တရပစ္စည်း ရောင်းချသည့်ဆိုင်များ ပါဝင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း (မန္တလေး) ရုံးထံမှ သိရသည်။

■ M-03

# မန္တလေးတိုင်းအစိုးရအဖွဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း လွှတ်တော်သို့တင်သွင်း

**မန္တလေး၊ မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို မတ်လ ၂၉ ရက်နေ့က ကျင်းပသည့် ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (ပထမနေ့) တွင် တင်သွင်းခဲ့သည်။

ယင်းဥပဒေကြမ်းတွင် သာမန်ရငွေ ကျပ် ၇၆၄၇၁ ဒသမ ၂၀၉ သန်း၊ ငွေလုံးငွေရင်းရငွေ ကျပ် ၃၂၁၈၆ ဒသမ ၃၃၄ သန်း၊ ကြွေးမြီရငွေ ကျပ် ၃၄၇၄၄ ဒသမ ၂၇၂ သန်းဖြစ်ပြီး ပြည်ထောင်စုထောက်ပံ့ငွေ ကျပ် ၁၀၈၂၉၆ ဒသမ ၈၂၃ သန်း ရရှိမည်ဖြစ်ကြောင်း မန္တလေးတိုင်းအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးမြတ်သူက အဆိုပါလွှတ်တော်တွင် ပြောကြားသည်။




**ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (ပထမနေ့) သို့ တက်ရောက်သူများကို တွေ့ရစဉ်။**

ယင်းရရှိငွေများကို ပြန်လည်အသုံးပြုရန် လျာထားရာတွင် သာမန်သုံးငွေအတွက် ကျပ် ၁၁၇,၃၀၅ ဒသမ ၂၁၀ သန်း၊ ငွေလုံးငွေရင်းအတွက် ကျပ် ၁၂၉,၃၉၃ ဒသမ ၄၂၈ သန်း၊ ကြွေးမြီအတွက် ကျပ်သန်း ၅၀၀၀ ရှိရာ စုစုပေါင်း အသုံးပြုရန်လျာထားငွေ ၂၅၁,၆၉၈ ဒသမ ၆၃၈ သန်းရှိကြောင်း အဆိုပါဥပဒေကြမ်းအရ သိရသည်။

ယင်းဥပဒေအရ ဌာနဆိုင်ရာများ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းအဆိုပြုချက်များအနက် ဒုတိယအကြိမ်မြောက် မန္တလေးတိုင်း လွှတ်တော် အရေးပေါ်အစည်းအဝေးက ကျပ်သန်း ၇၃၉၉ ဒသမ ၁၀၄ သန်းအထိ လျှော့ချပြင်ဆင်ထားသည်ဟု ဝန်ကြီး ဦးမြတ်သူက ပြောဆိုသည်။

ဌာနဆိုင်ရာများ၏ ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းအဆိုပြုချက်များအရ ဆည်မြောင်းနှင့် ရေအသုံးပြုမှုစီမံခန့်ခွဲမှု ဦးစီးဌာန၏ ငွေလုံးငွေရင်း အသုံးစရိတ် (စဉ့်ကူးမြို့နယ်မှ စီမံကိန်းများ၊ အထွေထွေဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ် (ယာဉ်များ) နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ငွေလုံးငွေရင်းအသုံးစရိတ် (စုပေါင်းရုံးနှစ်ရုံး) တို့မှ ခန့်မှန်းအသုံးစရိတ် ကျပ် ၇၃၉၉ ဒသမ ၁၀၄ သန်းကို လျှော့ချခဲ့ခြင်းဖြစ်သည်ဟု ၎င်းကရှင်းပြသည်။

ယင်းသို့လျှော့ချငွေများကို တိုင်းအတွင်းရှိ ကျေးရွာများမီးလင်းရေး၊ ကျေးရွာရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်လမ်းများ နှင့် သစ်တောစိုက်ခင်းများ ဆောင်ရွက်ရန်အတွက် လျာထားကြောင်း ဥပဒေကြမ်းတွင် ဖော်ပြထားသည်။

ယင်းသို့လျာထားရာမှ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အရ ကောက်ခံခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်တို့ကိုရရှိခဲ့ပြီး တိုင်းဒေသကြီးအနေနှင့် အခွန်ဝေစု ကျပ် ၁၁၄၂၃ ဒသမ ၀၄၉ သန်းကို တိုင်းအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေလုံးငွေရင်းအသုံးစရိတ်၊ သာမန်ရငွေစာရင်းတို့တွင် ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်သည်ဟု မန္တလေးတိုင်းအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနထံမှ သိရသည်။

■ M-04

# ပင်လည်ဘူးတွင် မူးယစ်ဆေး ဖမ်းဆီးမှု နှစ်စဉ်မြင့်တက်

**မန္တလေး၊ မတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ပင်လည်ဘူးမြို့နယ်တွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု နှစ်စဉ်မြင့်တက်လာကြောင်း အဆိုပါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်းစိန်က ပြောကြားသည်။

“ရဲတပ်ဖွဲ့အနေနဲ့ ကြိုးစားနှိမ်နင်းနေတဲ့အဆင့်ပဲ ရှိသေးတယ်။ အောင်မြင်မှုမရသေးဘူး။ အောင်မြင်ဖို့တော့ လုပ်နေတယ်။ တစ်နှစ်ထက်တစ်နှစ် ဖမ်းဆီးမှုပိုများလာတယ်” ဟု ၎င်းက ပြောဆိုသည်။

ပင်လည်ဘူးမြို့နယ်သည် ယခင်ကတည်းက မူးယစ်ဆေးဝါးသုံးစွဲသူများသည့် မြို့ဖြစ်ကြောင်း၊ ရွှေထွက်ရှိခြင်း၊ သစ်ထုတ်လုပ်ခြင်းတို့ကြောင့်ဖြစ်ပြီး အလုပ်သမားများကို မူးယစ်ဆေးဝါးဖြင့် မြှူဆွယ်ကာ အလုပ်လုပ်ကိုင်စေခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ လက်ရှိတွင် ရွှေအထွက်နည်းပါးသွားသဖြင့် မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှု လျော့ပါးခဲ့သော်လည်း သုံးစွဲသူ များစွာကျန်ရှိနေသေးကြောင်း ရဲမှူးအောင်မင်းစိန်က ရှင်းပြသည်။

မူးယစ်ဆေးဝါး ပပျောက်စေရန် သုံးစွဲမှုများသည့် ကျေးလက်များအထိ ကွင်းဆင်း၍ ပညာပေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း၊ အထူးသဖြင့် မူးယစ်ဆေး၏ ဆိုးကျိုးများကို ဟောပြောပေးနေကြောင်း ပင်လည်ဘူးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

“တချို့ရွာတွေဆို အရွယ်ရောက်တဲ့ အမျိုးသားတွေ တော်တော်နည်းသွားတယ်။ ယောကျ်ားနဲ့မိန်းမဆိုရင် မိန်းမအရေအတွက် များနေတဲ့အတွက် ဒါ မူးယစ်ဆေးဝါးရဲ့ဆိုးကျိုးဆိုတာ သူတို့ကိုယ်တိုင်သိနေတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးကို သိပ်မလိုလားကြတော့ဘူး” ဟု ရဲမှူးအောင်မင်းစိန်က ထပ်လောင်းပြောကြားသည်။

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် အသိအမြင်နည်းပါးကြကြောင်း၊ ဟုမ္မလင်းအထိ လမ်းဖောက်လုပ်လာမှု၊ အခြားသောမြို့နယ်များနှင့် ကူးလူးဆက်သွယ်မှုများလာခြင်းတို့ကြောင့် မူးယစ်ဆေး၏ ဆိုးကျိုးများကို သိရှိလာကြကာ သုံးစွဲသူယခင်အောက် လျော့ကျခဲ့ကြောင်း ဒေသခံအချို့က ပြောဆိုသည်။

ပင်လည်ဘူးမြို့နယ်အတွင်း ၂၀၁၂ ခုနှစ်က မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှု ၃၇ ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် ၆၇ ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် ၅၅ ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် အကြိမ် ၄၀၊ ၂၀၁၆ ခုနှစ်တွင် ၈၆ ကြိမ် ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး မှတ်တမ်းများအရ သိရှိရသည်။

■ LC

# ဘိုးဘွားထောက်ပံ့ကြေး သုံးလတစ်ကြိမ် ထုတ်ပေးမည်

**မန္တလေး မတ် ၂၉**

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနှင့် အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွားများကို သုံးလလျှင် တစ်ကြိမ်နှုန်းဖြင့် ထောက်ပံ့ကြေးပေးမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

“ကျွန်မတို့မှာ နေရာတိုင်း ရုံးမရှိဘူး။ တစ်နိုင်ငံလုံးကို ပေးရမယ့်အခါမှာ သက်ဆိုင်ရာဌာနတွေနဲ့ပေါင်းပြီးတော့ ပေးမယ်။ ဝန်ထမ်းအင်အား မလုံလောက်တဲ့အတွက် လောလောဆယ်မှာ အဆင်ပြေဆုံးဖြစ်အောင် သုံးလ တစ်ကြိမ် ပေါင်းပေးတာ” ဟု လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဒေါ်နွဲ့ယဉ်အေးက ပြောကြားသည်။

ယင်းအစီအစဉ်အရ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ပူးပေါင်းကာ ဇွန်လကစ၍ ဆောင်ရွက်မည်ဟု ၎င်းကပြောဆိုသည်။

အသက် ၉၀ နှစ်အထက် ဘိုးဘွားများကို ထောက်ပံ့ခြင်းသည် ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ် ၁၀ ရပ်တွင်ပါဝင်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ ယခင်နှစ်က တစ်နှစ်လုံးမှ တစ်ကြိမ်သာ ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် တစ်လတစ်ကြိမ် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူခိုင်က ပြောကြားသည်။

နိုင်ငံတော်အစိုးရ၏ထောက်ပံ့ကြေးအစီအစဉ်ကို ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်က စတင်ခဲ့ခြင်းဖြစ်ပြီး ယင်းနှစ်တွင် ဘိုးဘွား ၂၂၅၆၀ ဦးကို တစ်နှစ်စာအတွက် တစ်ဦးလျှင် ၁၈၀၀၀ ကျပ်နှုန်းထောက်ပံ့ပေးခဲ့ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအနေနှင့် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် အသက်ကိုးဆယ်နှင့်တစ်ရာကြား ဘိုးဘွား ၃၃၈၉ ဦးကို တစ်နှစ်လုံးစာအတွက် တစ်ဦးလျှင် ထောက်ပံ့ကြေး ကျပ်တစ်သောင်းခွဲစီ၊ အသက်တစ်ရာနှင့်အထက် ဘိုးဘွား ၁၆၂ ဦးကို တစ်နှစ်လုံးစာအတွက် တစ်ဦးလျှင် ကျပ်နှစ်သောင်းနှုန်းစီ ထောက်ပံ့ပေးခဲ့ကြောင်း မန္တလေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာနစာရင်းများအရလည်း သိရသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနှင့် လက်ရှိတွင် မြန်မာနိုင်ငံ၏ အဆင်းရဲဆုံးပြည်နယ်များဖြစ်သည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတို့မှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများကို ငွေကြေး တိုက်ရိုက်ထောက်ပံ့ခြင်းအစီအစဉ် စတင်နိုင်ရန် ဆောင်ရွက်နေသည်။

■ M-05




# BOOK GUIDE

# နီတိမာလာကျမ်း

## လယ်တီပဏ္ဍိတ ဦးမောင်ကြီး




'နီတိမာလာ' ဆိုသည်ကို နိဒါန်းမှာကတည်းက ဤသို့ ရှင်းလင်းဖော်ပြခဲ့ပါသည်။ နီတိဆိုသည်မှာ လိမ္မာ ယဉ်ကျေးစွာနှင့် ကြီးပွားချမ်းသာခြင်းသို့ရောက်အောင် ဆောင်သော သဘော၊ မာလာ ဆိုသည်မှာ ပန်းကုံး၊ ထို့ကြောင့် 'နီတိမာလာ' ဆိုသည်မှာ 'နီတိပန်းကုံး' ဟုဆိုလိုကြောင်း ဆရာဦးမောင်ကြီးက ဖွင့်ဆို ရှင်းလင်း ပြခဲ့ပါသည်။

ဆရာဦးမောင်ကြီးသည် ဤနီတိမာလာကျမ်းကို 'ဒဂုန်မဂ္ဂဇင်း' တွင် အခန်းဆက် ရေးသားခဲ့ပါသည်။ ထို့ပြင် မြန်မာပညာရှိတစ်ဦးအနေနှင့် နီတိကျမ်းများကို စိတ်ဝင်စားပြီး စာဏကျနီတိကျမ်း၊ နီတိမဥ္ဇရီကျမ်း၊ သုတ္တန္တနီတိကျမ်း၊ နီတိမာလာကျမ်း၊ တိပိဋကနီတိကျမ်းများကိုလည်း ရေးသားခဲ့သူဖြစ်သည်။

နီတိမာလာကျမ်းကို ၁၉၂၉ ခုနှစ်ကတည်းက ပထမအကြိမ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ဒုတိယအကြိမ်အဖြစ် ၁၉၅၆ ခုနှစ်တွင်လည်းကောင်း၊ ယခု တတိယအကြိမ်အဖြစ် ၂၀၁၂ ခုနှစ်တွင် ရာပြည့်စာအုပ်တိုက်က လည်းကောင်း ထုတ်ဝေခဲ့သည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီးကို ၁၈၇၉ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ငယ်မည်မှာ မောင်သန့်စင်ဖြစ်သည်။ ကိုးနှစ်သားတွင် ရှင်သာမဏေဝတ်သည်။ သဒ္ဒါ၊ သင်္ဂြိုဟ်တို့ကို ငယ်စဉ်ကတည်းက တတ်ကျွမ်းခဲ့သည်။ ရဟန်းဘွဲ့အမည် ပဏ္ဍိတဖြစ်ပြီး လယ်တီတိုက်တွင် စာချပုဂ္ဂိုလ်ဖြစ်လာသည်။ သဒ္ဒါပဏ္ဍိတ၊ ကဗျာပဏ္ဍိတ ဟူ၍ ကျော်စောထင်ရှားခဲ့သည်။ ရဟန်းဘဝကထွက်ပြီး 'လယ်တီပဏ္ဍိတ ဦးမောင်ကြီး' အမည်ယူကာ စာပေရေးသားခဲ့သည်။ ရဟန်းဘဝကတည်းက စာပေများရေးသားခဲ့ပြီး ကျမ်းပေါင်း ၄၀၀ ကျော်ရေးသားခဲ့ ပါသည်။ ၁၉၃၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့ ချီးမြှင့်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

နီတိမာလာကျမ်းတွင် အခန်းပေါင်း ၈ ခန်းပါဝင်သည်။ အခန်းတိုင်းတွင် မြန်မာ့ရာဇဝင်လာ ထင်ရှားသူတို့ အကြောင်းနှင့် ဆက်စပ်ပြီး သိမှတ်စရာ၊ အတုယူစရာ၊ မှတ်သားလိုက်နာစရာများကို ထပ်ဟပ်ပြီး ဖော်ပြထား သည်။ စကားတောင်စား၊ ဗညားဒလ၊ နတ်သျှင်နောင်၊ သုံးဆယ်ဝန်ဦးကြီး၊ မဟော်သဓာ၊ မင်းရဲကျော်စွာ၊ သူခိုးငတက်ပြား၊ ဓမ္မာဒေဝီမိဖုရားကြီး၊ စည်သူကျော်ထင်၊ စံကျောင်းဆရာတော်၊ ရမည်းသင်း သီလဝ အကြောင်းတို့ကို မြန်မာပညာရှိတစ်ဦးပီသစွာ ဘုရားဟောများနှင့် နှိုင်းယှဉ်ပြီး စိတ်ဝင်စားဖွယ်ရေးသားနိုင်ခြင်းမှာ အလွန်တန်ဖိုးရှိလှသည်။ ထို့ပြင်မြန်မာစာပေကို ပညာရှင်တစ်ဦးအနေနှင့် မည်သို့ရေးသားရသည်ဆိုခြင်းကို ပုံခိုင်းသက်သေ ပြနိုင်သည်မှာလည်း စာပေလိုက်စားသူတို့အတွက် အတုယူစရာဖြစ်သည်။

အခန်းတိုင်းတွင် ဆုံးမစကားလေးများပါသည်။ ဆင်ခြင်စရာတွေလည်း များလှသည်။

"မျိုးရိုးစာပေနှင့် မျက်နှာစိမ်းလေလေ မျိုးရိုးဇာတိ၏ အခြေအနေနှင်တကွ အကျင့်စာရိတ္တတို့ကို မကျွမ်းကျင်လေလေ ဖြစ်ကုန်၏။ ထိုသို့ဖြစ်သည်မှာ လွန်စွာရှက်ဖွယ်ကောင်း၍ အမျိုးရှုံးသော အချက်ကြီးပင် ဖြစ်လေသည်" (အမျိုးကို လေးမြတ်သင့်ကြောင်း)

ဘာသာလူမျိုး မတူကွဲပြားကြပုံများ၊ ဘာသာခြားကို အားထားမိသောကြောင့် ပျက်စီးရသည့် နတ်သျှင်နောင်အကြောင်း အပြင် မဟာဗန္ဓုလ၏ သားဖြစ်သူ သတိုးမင်းကြီး မင်းလှမဟာမင်းခေါင်ရာဇာဘွဲ့ခံ သုံးဆယ်ဝန်ဦးကြီး အကြောင်းလည်း ဖော်ပြထားသည်။ ဗန္ဓုလ၏သားသည် သစ္စာဖောက်ဖျက်ကာ ကုလားဖြူတို့ထံခိုဝင် သည်။ ကုလားဗိုလ်များက ဗန္ဓုလသားမှန်းသိလျှင် "ဗန္ဓုလ၏ သားမဟုတ်သကဲ့သို့ဖြစ်သည်" ဟု ကဲ့ရဲ့ပြစ်တင်ကြသည်။ (ဇာတ်တူချင်း ပေါင်းသင်းသင့်ကြောင်း)

ရဲရင့်ခြင်းဆိုသည်မှာ 'ဝီရိယ' ဓာတ်ပင်ဖြစ်သည်၊ ဝီရိယဓာတ်ထက်မြက်ပြီး အရှိန်ရှိလျှင် ရဲရင့်ခြင်းတွင်လည်း အရှိန်ကြီးသည်။ ဝီရိယမထက်လျှင် ရဲရင့်ခြင်းမတည်။ ရဲရင့်ခြင်း မတည်လျှင် ကြောက်လန့်ခြင်း ဖြစ်လာသည်။ ရဲရင့်ခြင်းနှင့် ကြောက်လန့်ခြင်းသည် ဝီရိယဓာတ် အရှိန်ပြင်းခြင်းနှင့် လျော့ခြင်းသာ ဖြစ်သည်။ (စွမ်းရည်သတ္တိကို အလေးပြုသင့်ကြောင်း)

မိန်းမတို့၏သဘောသည် အသိရခက်လှသည်။ မိန်းမများတွင် လျှာနှစ်ခွရှိကြောင်း၊ သစ္စာမဲ့ကြောင်း၊ မယုံကြည်ထိုက်ကြောင်း၊ အတွင်းစိတ်ကို သိရန်ခက်လှကြောင်း ဓမ္မသဘောတွင် ပြောဆိုလေ့ရှိခြင်းမှာ များသောအလေ့ကို ဆိုခြင်းသာဖြစ်သည်။ မိန်းမမှန်သမျှ ဤအတိုင်းဟု မှတ်ယူရန်မသင့်။ မြင့်မြတ်သော၊ သစ္စာရှိသော၊ ယုံကြည်ထိုက်သော မိန်းမများစွာ လည်းရှိကြောင်း ခွဲခြားချက်ထားရမည်။ (အသိခက်ခြင်း သုံးပါး အကြောင်း)

ကြူးသုံးကြူးရှိသည်။ မိန်းမကြူးခြင်း၊ ကစားကြူးခြင်း၊ ယစ်မျိုးကြူးခြင်းတို့ဖြစ်သည်။ ကြူးသုံးကြူးကို မေ့မေ့မူးမူး ကြူးနေသူသည် အလုပ်ကို ကောင်းစွာမလုပ်နိုင်၊ လက်အောက်ငယ်သားများကို မအုပ်ချုပ်နိုင်၊ ဩဇာမတည်၊ ကြည်ဖြူခြင်းကင်း လုပ်ငန်းအလျှင်းပျက်စီးနိုင်သည်။ လက်အောက်ငယ်သားတို့က အရှင်သခင်မျက်နှာကို ကြည့်နေကြသည်။ ကြူးသူများကို မလေးမြတ် မကြည်ဖြူချင်ဟုလည်း ဆုံးမသွန်သင်ထားပါသည်။ (လယ်ယာမြေကောင်း ၄ မျိုးအကြောင်း)

လောကတွင် အဖိုးမထိုက်သည်တို့ ပေါများပြီး၊ အဖိုးထိုက်တန်သည်များ ရှားပါးလှသည်။ အဖိုးမထိုက်တန်သော ကျောက်စရစ်ခဲတွေ နေရာအနှံ့တွေ့ရသော်လည်း၊ တန်ဖိုးရှိသည့် ရတနာအစစ် မဏိရတနာတို့မှာ ရှားပါးလှသည်။ လောကတွင် လူ့အဖိုးတန် ရှားပါးလှသည်။ လူဖြစ်သည်ချင်းအတူတူ အဖိုးတန်မှု များ အဘယ်ကြောင့် ခေါင်းပါး ပျောက်ကွယ်ရသနည်း။ ကံ ဉာဏ် ဝီရိယချင်း မတူညီသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ရှေးလူကြီးများက 'လူချင်းတူသော်လည်း အသက်ရှုကွဲ' ကြောင်း ပြောခဲ့ကြသည်။ (အဖိုးတန် နည်းပါးခြင်းအကြောင်း)

လောကတွင် လက်ရုံးအင်အားနှင့် နှုတ်လျှာအင်အားရှိသူတို့မှာ ကြီးပွားချမ်းသာနိုင်ကြသည်။ လက်မှုပညာ၊ စက်မှုပညာ၊ စစ်ပညာတတ်သူများမှာ လက်ရုံးပညာ အင်အားထူးချွန်သူများဖြစ်ပြီး၊ ပြောရေးဆိုတာနှင့် သက်ဆိုင်သော သဘင်ပညာ၊ စာပြောပညာ၊ ဗေဒင်ဟောပညာ၊ လူအပေါင်းကိုစည်းရုံး ဟောပြောနိုင်စွမ်းပညာတို့ကို တတ်မြောက်သူများမှာ နှုတ်လျှာအင်အားထူးချွန်သူများဖြစ်ကြသည်။ "နှုတ်လျှာမှာအပြော၊ လက်ရုံးမှာ အလုပ်" ထူးချွန်သူများသာ ဤလောကတွင် ကြီးပွားတိုးတက်သူများဖြစ်နိုင်သည်။ (လက်ရုံးကိုသာ လူပ်ရှား စေသင့်ကြောင်း)

ဤလောကတွင် လူရေး၊ လူရာဝင်နိုင်ကြသည်မှာ အကြားအမြင် များခြင်းကြောင့်သာလျှင်ဖြစ်သည်။ အကြား အမြင်များလျှင် အရာရာတွင် ပါဝင်နိုင်သည်။ လူ့ပြည်လောကတွင် တင့်တယ်ပြီး အသုံးဝင်သော လူတစ်ယောက် ဖြစ်နိုင်သည်။ (တင့်တယ်သော အဆင်တန်ဆာ ၃ မျိုးအကြောင်း)

အခန်းပေါင်း ၈ ခန်းတွင် ဆရာဦးမောင်ကြီးသည် ဗဟုသုတပညာ ပြည့်စုံသူတစ်ဦးဖြစ်သည်နှင့်အညီ ဥပမာများ ဆောင်ကာ ရေးသားတင်ပြပုံမှာ အလွန်အံ့ဩချီးမွမ်းဖွယ်ရာဖြစ်ပါသည်။

"နီတိ လောကေ ပုရိသဿသာရော"

"လောက၌ ယောကျ်ားကောင်း ယောကျ်ားမြတ်၏ အနှစ် သာရသည် နီတိကျမ်းပင်တည်း"

■ စာကြမ်းပိုး

## ကုသိုလ်လမ်းညွှန်

ဒီနေ့တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့လမ်းညွှန် နေကျအတိုင်း ညွှန်ပေးချင်တာကတော့ နာဂတိုင်းရင်းသားကလေးတွေအတွက် အဝတ်အစားတွေ လှူဒါန်းနိုင်ဖို့ပါ။ ခန္တီးမြို့အနီး လဟဲမြို့နယ်၊ ထန်ပါခွေမှာရှိတဲ့ အသက် ၅ နှစ်ကနေ ၁၃ နှစ်အရွယ်ရှိ ကလေးငယ်တွေအတွက် အဝတ်အစားအသစ်တွေမှာမဟုတ်ဘဲ အဟောင်းတွေလည်း လှူဒါန်းနိုင်မှာဖြစ်ပါတယ်။ တောင်ပေါ်ဒေသမို့ လတ်တလောမှာတော့ သွားလာရေးခက်ခဲတာကြောင့် အလှူရှင်တွေနည်းပါးပြီး အဝတ်အစားတွေအပြင် အခြားလိုအပ်တဲ့အသုံးအဆောင်ပစ္စည်းတွေလည်း လှူဒါန်းနိုင်မှာဖြစ်ပါတယ်။ နာဂတိုင်းရင်းသားကလေးငယ်တွေအတွက် တတ်အားသရွေ့ အလှူဒါနပြုချင်ရင်တော့ ဖုန်း ၀၉-၄၀၁၆၆၀၂၂၀ ကို ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

# ကလေးငယ်တွေအတွက် ခြင်မကိုက်အောင် ကာကွယ်ပေးမယ့်အရုပ် Sticker

ကိုယ့်ရဲ့ ချစ်စရာကောင်းတဲ့ရင်သွေးငယ်လေးတွေအတွက် ခြင်အန္တရာယ်ကနေ စိတ်ချချင်တဲ့သူတွေအတွက် အခုညွှန်ပေးချင်တာကတော့ ခြင်မကိုက်အောင် ကာကွယ်ပေးမယ့် အရုပ် Sticker လေးဖြစ်ပါတယ်။ ဒီပစ္စည်းက ရောင်စုံ အရုပ်မျိုးစုံပါဝင်မှာဖြစ်ပြီး ကလေးငယ်ရဲ့လက်မှာပဲဖြစ်ဖြစ်၊ အင်္ကျီမှာပဲဖြစ်ဖြစ် ကြိုက်တဲ့နေရာမှာ Sticker ကပ်ထားပေးတာနဲ့ ခြင်ကိုက်မှုကို သိသိသာသာကင်းဝေးမှာဖြစ်တယ်လို့ ရောင်းချသူက ဆိုပါတယ်။ တစ်ထုပ်ကို ၁၂ ခုပါဝင်ပြီး ဈေးနှုန်းက ၂၀၀၀ ကျပ် ဖြစ်ပါတယ်။ အွန်လိုင်းကနေမှာ ယူသူတွေအတွက် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမှာဖြစ်ပြီး စိတ်ဝင်စားတယ်ဆိုရင် အမှတ် ၅၆၊ ဌာနလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန် ဖုန်း ၀၉-၉၇၇၉၀၉၉၇၃ နဲ့ ၅၀၀၉၂၆၃ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■



လူမှုကွန်ရက် (Social Media) က အကောင်းအဆိုး ဒွန်တွဲနေတာမဟုတ်လား။ ဒီတော့ သုံးတတ်ဆေး၊ မသုံးတတ်ဘေးဆိုတာ အထွေအထူးပြောနေစရာကို မလိုတာ။ သုံးတတ်ခြင်း၊ မသုံးတတ်ခြင်းကို ပညာဗဟုသုတနဲ့ သတိတရားကပဲ ပြဋ္ဌာန်းပါတယ်။ ပညာနဲ့ သတိအားကောင်းလေ လူမှုကွန်ရက်ကိုသုံးခြင်းအားဖြင့် အကျိုးများလေ၊ ပညာနဲ့သတိ အားနည်းလေ အန္တရာယ်ကြုံရဖို့ ပိုအခွင့်အလမ်းများလေပဲ။

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာဆိုတာနဲ့ လူမှုကွန်ရက်အကြားအရင်းခံအရ တော်တော်ပဲဆန့်ကျင်ဘက်အသွင် ရှိပါတယ်။ အထူးသဖြင့် မြန်မာအမျိုးသမီးထုကြီးနဲ့ လူမှုကွန်ရက်၊ တော်တော်ကြီးကိုစနစ်တကျသတိဝီရိယနဲ့ ထိတွေ့တာတောင် တန်ရုံကျမယ်မထင်ဘူး။ သိပ်ပြီးတော့ ဆီလျော်မှုမရှိလှတဲ့ အကြောင်းခြင်းရာတွေ ရှိနေတာကို သတိပြုစေချင်တာကြောင့် ဒီဆောင်းပါးလေးဖြစ်လာတာပါ။

သူတို့ဆီမှာက ဘာမှပြဿနာသိပ်မရှိလှဘူး။ ဒီလိုမဟုတ်ရင်လည်း မြန်မာ့လူ့အဖွဲ့အစည်း၊ မြန်မာ့ယဉ်ကျေးမှုမှာ လူမှုကွန်ရက်ကြောင့် ကြုံရမယ့် ဘေးထွက်ဆိုးကျိုးတွေလောက် သူတို့ဆီမှာ များများစားစား မရှိလှဘူးလို့ဆိုရမယ်။ အနောက်ကမ္ဘာက ဖွံ့ဖြိုးမှုစောတယ်။ ခေတ်မီနည်းပညာတွေ၊ ယဉ်ကျေးမှုတွေ၊ ပညာရေးစနစ်တွေနဲ့ စီးပွားဖြစ်မှုအားလုံးက အချိုးညီညီ အတူတူ တိုးတက်ဖြစ်ထွန်းလာခဲ့တာ မဟုတ်လား။ နောက်တစ်ခါ ယဉ်ကျေးမှုကလည်း လွတ်လပ်ပွင့်လင်းမှု၊ ခေတ်ရှေ့ပြေးမှုဆိုတဲ့ အသွင်သဏ္ဌာန်ဆောင်တယ်။ ဒီတော့ လူမှုကွန်ရက်ကို အမျိုးသမီးတွေ သုံးစွဲတာချင်းအတူတူ မြန်မာ့လူ့အဖွဲ့အစည်းမှာ ကြုံတွေ့နိုင်တဲ့ပြဿနာမျိုး သူတို့ဆီမှာ နည်းပါးတယ်ပေါ့။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ခြုံကြည့်လိုက်ရင် မြန်မာ့ယဉ်ကျေးမှုနဲ့ လူမှုကွန်ရက်ကြား လိုက်လျောညီထွေမရှိသေးခြင်းဆိုတဲ့ ကွာဟချက်က အဆမတန်ကြီးမားတယ်။ တချို့ဝေးလံခေါင်သီတဲ့ ကျေးလက်နဲ့ တောင်တန်းဒေသတွေမှာ လူတွေက သိပ်ပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုနဲ့အလှမ်းဝေးကြတယ်။ ခေတ်မီနည်းပညာတွေဆိုတာ နတ်ဘုရားတွေက မန်းမှုတ်ဖန်တီးထားတယ်လို့ကို ယူဆကြတာ။ သိပ်ရိုးသားဖြူစင်ကြသလို သိပ်ပြီးတော့လည်း ရိုးအကြရှာတာကိုး။

ဒီတော့ မြန်မာအမျိုးသမီးထုနဲ့ လူမှုကွန်ရက်ကြား သဟဇာတဖြစ်မှုကို အသားတကျရှိတဲ့ အခြေအနေအထိရဖို့ဆိုရင် ဆယ်စုနှစ်တွေနဲ့ချီပြီး သတိထားတည်ဆောက်ပေးဖို့ လိုအပ်တယ်လို့ ကျွန်တော်တို့ စဉ်းစားကြည့်သင့်သလားလို့ ခံစားမိတယ်။

လူမှုကွန်ရက်ဆိုတာက သိတဲ့အတိုင်း တန်ဖိုးရှိလှတဲ့ ပညာဗဟုသုတတွေ၊ သတင်းအချက်အလက်တွေနဲ့အတူ အဆိပ်အတောက်တွေနဲ့ မသမာမှုအစရှိတာတွေက ရောပြွန်းတည်ရှိနေတာလေ။ အသိပညာရေချိန် အဆင့်မီအောင်မြှင့်တင်ပေးဖို့ အများကြီးလိုအပ်နေသေးတဲ့ လူပေါင်းစုံနဲ့ တော်တော်လေးအသိတရား မြင့်မားပြီး ဂုဏ်သိက္ခာအားဖြင့် တင့်တယ်တဲ့ လူနည်းနည်းလေးက တစ်နေရာထဲမှာ အတူတူရောထွေး နေထိုင်ကျက်စားကြတဲ့ အရပ်ဟာ လူမှုကွန်ရက်ပဲကိုး။




ဘဝတစ်ခုလုံး
အတိုင်းအဆမဲ့ ထိခိုက်ပျက်စီးသွားရလို့
ပြန်လည်တည်ဆောက်လို့ပင် မရနိုင်တော့တဲ့
အခြေအနေမျိုးကို အထူးသဖြင့် အားလုံး
လိုက်လျောညီထွေ တိုးတက်နေတာမဟုတ်တဲ့
ကိုးရိုးကားရား ခုန်ပျံကျော်လွှား
ဖြစ်ပျက်ပြောင်းလဲနေတဲ့ ကျွန်တော်တို့
လူ့အဖွဲ့အစည်းမှာ၊ မြန်မာအမျိုးသမီးတွေမှာ
ပိုလို့ ကြုံတွေ့ခံစားကြရဖို့ ရှိပါတယ်။
ကြုံတွေ့ခံစားနေကြရတာလည်း
ဖြစ်ပါတယ်။

ယောက်ျားသားတွေတောင် အန္တရာယ်ရှိနိုင်တဲ့ လောကဝန်းကျင်တစ်ခုမှာ အမျိုးသမီးထုအပေါ် အရိပ်ထိုးကျရောက်နေတဲ့ အန္တရာယ်ဖြစ်နိုင်ခြေကို ဘယ်လောက်ရာခိုင်နှုန်းအထိ ရှိပါတယ်လို့ ကျွန်တော်တို့ တွက်ချက်ပြလို့မရပေမယ့် ပမာဏမသေးလှဘူးဆိုတာကိုတော့ စေ့စေ့သာတွေးနိုင်ရင် ရေးရေးတော့ ပေါ်ပါတယ်။

ဥပမာ- အိမ်ထောင်သည် အမျိုးသမီးတွေ သူတို့ရဲ့အခွင့်အရေးအရ လူမှုကွန်ရက်ကို လွတ်လပ်စွာ သုံးစွဲခွင့်ရှိခြင်းကြောင့် သုံးစွဲကြတာကို မတားဆီး မကန့်သတ်အပ်ဘူးဆိုရင် မှန်ပေမယ်လို့ အသိပညာရေချိန်နိမ့်ကျနေသေးတဲ့ လူ့အဖွဲ့အစည်းမှာ ဘယ်လောက်အတိုင်းအတာအထိ အန္တရာယ်ကျရောက်နိုင်တယ်ဆိုတာ ကျွန်တော်တို့တစ်တွေ (မကာကွယ်မတားဆီးနိုင်သေးရင်တောင်မှ) လေးလေးနက်နက် တွက်ဆထားသင့်တယ်။

မသမာသူများဆိုတာက ပိုပြီးတော့ သိက္ခာသမာဓိနဲ့ ပြည့်စုံတဲ့အသွင် ရှိနေတတ်ကြတာ။ အမျိုးသမီးတွေကို နည်းလမ်းပေါင်းစုံနဲ့ ဖြားယောင်း သွေးဆောင်ဒုက္ခပေးဖို့ စနစ်တကျအကွက်ဆင် လုပ်ကိုင်နေကြတဲ့ ဝံပုလွေလို မြေခွေးလိုလူတွေ လူမှုကွန်ရက်ပေါ် ခြေချင်းလိမ်နေကြတာ မဟုတ်လား။ ဘဝတစ်ခုလုံး ပြန်အဖတ်ဆယ်လို့မရအောင် ဖြိုချဖျက်ဆီးခံရတဲ့ အမျိုးသမီးတွေရဲ့အရေအတွက်ကို ဘယ်သူမှ အတိအကျမသိနိုင်ပါဘူး။ လူမသိသူမသိ တိတ်တဆိတ် ပြိုလဲသွားတဲ့ မိသားစုတွေ၊ ပြိုလဲလုလုဖြစ်နေတဲ့ မိသားစုတွေ ဘယ်လောက်ရှိမလဲ ဘယ်သူမှမသိနိုင်ပါဘူး။ လူမှုကွန်ရက်ပေါ်မှာ အများစုက အမြဲတမ်းသာယာနေတဲ့အသွင်၊ အောင်မြင်ပျော်ရွှင်နေတဲ့အသွင် ဟန်ဆောင်ထားတတ်ကြတာကိုး။

ရင့်ကျက်ပြီး ဂုဏ်သိက္ခာရှိတဲ့ အိမ်ထောင်ရှင် အမျိုးသားတွေဟာ ကိုယ့်အိမ်ထောင်ရေး၊ ကိုယ့်အသိုက်အမြုံကို သိပ်တန်ဖိုးထားတတ်ကြတယ်။ အမျိုးသမီးတွေက သူတို့ကိုနားလည်ဖို့ သိပ်ကိုခက်ခဲပါတယ်။ သူတို့က ခံစားချက်ကို အစဉ်သဖြင့် လှစ်ပြလေ့မရှိကြဘူး။ ကိုယ့်အသိုက်အမြုံအပေါ် ဘယ်လောက်တန်ဖိုးထားပါတယ်ဆိုတာကို များသောအားဖြင့် လုံးစေ့ပတ်စေ့ ဖော်ပြဖို့ အချိန်လည်းမရှိကြပါဘူး။ ခေတ်ကာလကလည်း ကျပ်တည်းတဲ့အခြေအနေကိုး။

ဒါပေမဲ့ သူတို့တန်ဖိုးထားကြပါတယ်။ ကိုယ့်အိမ်ထောင်ဖက်အပေါ် တော်ရုံနဲ့ အပြစ်မမြင်ကြဘူး။ ပြောဖို့လည်း ဝန်လေးကြတယ်။ အမျိုးသမီးတွေက လူမှုကွန်ရက်ပေါ်မှာ ရိုးရိုးသားသား နေထိုင်သုံးစွဲတဲ့ ကိစ္စရပ်တစ်ခုကနေ ကိုယ့်မိသားစုကို ကိုယ့်ဘဝကိုထိခိုက်နိုင်တဲ့ အန္တရာယ်ကြီးတစ်ခုကျရောက်လာတဲ့အထိ ဖြစ်တတ်တယ်လို့ပြောရင် လူတိုင်းတွေးနိုင်ပါလိမ့်မယ်။

ကိုယ့်မိသားစုကို တန်ဖိုးထားတဲ့ အမျိုးသားတိုင်း ဥာဏ်ရည်မြင့်ကြပါတယ်။ အဲသလိုအန္တရာယ်မျိုးကိုလည်း အလွယ်နဲ့သိမြင်ကြပေမယ့် တော်ရုံတန်ရုံနဲ့တော့ ကိုယ့်အိမ်ထောင်ဖက်ကို စိတ်ညစ်အောင် ပြောဆိုဖို့ တွန့်ဆုတ်တတ်ကြ ဝန်လေးတတ်ကြပါတယ်။

စောစောကပြောသလို လူတိုင်းရဲ့မွေးရာပါအခွင့်အရေးအရ နေထိုင်ပြုမူခြင်းမှန်သမျှကိုလည်း တန်ဖိုးထားတတ်ကြပါတယ်။

သို့သော် အမြဲတမ်းတော့ အဆင်မပြေနိုင်ပါဘူး။ ဟိုးအစမှာပြောခဲ့သလိုပညာနဲ့သတိ အမြဲယှဉ်နေမှ တန်ရုံကျတဲ့၊ စိတ်ဓာတ်အောက်တန်းကျတဲ့သူတွေနဲ့ လူကောင်းတွေ ရောပြွန်းနေတဲ့ ကမ္ဘာတစ်ခုမှာ သတိလက်လွတ်ဖြစ်လို့ ကြုံတွေ့လိုက်ရတဲ့ပြဿနာတစ်ရပ်က ဖြေရှင်းနိုင်တဲ့ အတိုင်းအတာကို အများကြီး ကျော်လွန်သွားတဲ့အခါမျိုးမှာ အသိုက်အမြုံများ ထိခိုက်ပျက်စီးပြိုကျတတ်ပါတယ်။ ထိခိုက်ပျက်စီးပြိုကျနေတာတွေလည်း အမှန်တကယ်ရှိနေပါတယ်။

ဂုဏ်သိက္ခာမြင့်တဲ့ အမျိုးသားများက စရိုက်စုံရှိတတ်တာမှန်ပေမယ့် တော်ရုံသင့်ရုံအမှားတချို့ကို မြင်ရုံနဲ့ ပုံကြီးချဲ့အပြစ်မရှာတတ်ကြဘူး။ တချို့က စိတ်ထဲ တအုံနွေးနွေးထားပြီး အဆမတန် ဖြစ်လာတော့မှ ပေါက်ကွဲတတ်ကြသလို တချို့ကလည်း လုံးဝထုတ်မပြောဘဲ နေတတ်ကြတယ်။ ပြဿနာကို စတင်ဖန်တီးသူ မဖြစ်ချင်ကြသူတွေရှိသလို မိသားစု၊ အိမ်ထောင်ဖက်ကို စိတ်အာရုံထွေပြားတာမျိုး မပြုမူချင်တတ်ကြသူတွေလည်း ရှိတယ်။ သူ့စရိုက် ကိုယ့်စရိုက် အသွင်သဏ္ဌာန်တွေပေါ်မူတည်ပြီး အဖြစ်အပျက်တွေကလည်း ခြားနားတတ်ကြပေမယ့် အမိုက်ကစပြဿဒ်လည်း မီးလောင်တတ်တာမျိုးကိုး။

အမျိုးသားတွေကရော ဒီလိုအန္တရာယ်မရှိဘူးလားလို့ မေးရင် ရှိနေတယ်ဆိုတာ လူတိုင်းအသိပါ။ သို့သော် ကိုင်တွယ်ထိန်းသိမ်းနိုင်တဲ့ အတိုင်းအတာထက်ကျော်လွန်သွားလို့ ဘဝကို၊ အသိုက်အမြုံကို၊ အနာဂတ်ကို ထိခိုက်ပျက်စီးစေတာမျိုး လုပ်မိတယ်ဆိုရင်၊ ဖြစ်လာ ကြုံလာရတယ်ဆိုရင် စဉ်းစားကြည့်ပါ။ အမျိုးသားကြောင့် ကြုံရသည်ဖြစ်စေ၊ အမျိုးသမီးကြောင့် ကြုံရသည်ဖြစ်စေ တကယ်တမ်း အများဆုံးထိခိုက်နိုင်တာက အမျိုးသမီးတို့ဖြစ်ပါတယ်။

ဘဝတစ်ခုလုံး အတိုင်းအဆမဲ့ ထိခိုက်ပျက်စီးသွားရလို့ ပြန်လည်တည်ဆောက်လို့ပင်မရနိုင်တော့တဲ့အခြေအနေမျိုးကိုအထူးသဖြင့် အားလုံးလိုက်လျောညီထွေ တိုးတက်နေတာမဟုတ်တဲ့ ကိုးရိုးကားရား ခုန်ပျံကျော်လွှား ဖြစ်ပျက်ပြောင်းလဲနေတဲ့ ကျွန်တော်တို့လူ့အဖွဲ့အစည်းမှာ၊ မြန်မာအမျိုးသမီးတွေမှာ ပိုလို့ကြုံတွေ့ခံစားကြရဖို့ ရှိပါတယ်။ ကြုံတွေ့ခံစားနေကြရတာလည်း ဖြစ်ပါတယ်။

အမျိုးသား၊ အမျိုးသမီး တန်းတူရည်တူမှုကို ကျွန်တော်လည်း အကြွင်းမဲ့ယုံကြည်ပါတယ်။ သို့သော် အမျိုးသမီးတို့ရဲ့ရုပ်ပိုင်းရောစိတ်ပိုင်းပါ ဖွဲ့စည်းတည်ဆောက်ပုံအရ တချို့နေရာတွေမှာ အမျိုးသားတို့ထက်ပိုသတိထားစရာလေးတွေ ရှိနေပါတယ်လို့ပဲ ပြောရမှာပဲ။ သနားလွယ်၊ ယုံကြည်လွယ်တဲ့ သဘာဝလိုမျိုး တချို့အားနည်းချက်လေးတွေမှာ အမျိုးသမီးတို့က နည်းနည်းတော့ ပိုတယ်ဆိုတာ ငြင်းမရပါဘူး။ တူညီပါတယ်လို့ ငြင်းတယ်ထားပါဦး။ အန္တရာယ်ကြီးကြီးမားမားကို ရင်ဆိုင်ဖို့ကိစ္စကျတော့ အမျိုးသားနဲ့ အမျိုးသမီး ဘယ်လိုမှမတူညီနိုင်ပါဘူး။ (ခြွင်းချက်တချို့တော့ ရှိနိုင်ပါတယ်။)

ဒီဆောင်းပါးကို (နားလည်းမှုမလွဲကြအောင်) တော်တော်သတိကြီးကြီးနဲ့ လုံ့လစိုက်ရပါတယ်။ အလွန်ထူးခြားပြီး အရေးကြီးတဲ့ ယဉ်ကျေးမှုဆင့်ကဲဖြစ်စဉ်ကြီး (Cultural Evolution Process) ကို မြင်မိလို့၊ ကိုယ့်လူ့အဖွဲ့အစည်းကို တန်ဖိုးထားလို့၊ တစ်ချိန်ချိန်မှာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာရုံမက ယဉ်ကျေးမှုအရလည်း မြင့်သည်ထက်မြင့်လာတဲ့ လူ့အဖွဲ့အစည်းကြီးအဖြစ်ကို အောင်အောင်မြင်မြင်နဲ့ ရောက်ရှိဖို့နဲ့ ဒီဖြစ်စဉ်ကြီးတစ်လျှောက်မှာ ကြေကွဲဝမ်းနည်းဖွယ်ရာကောင်းလှတဲ့ အဖြစ်အပျက်မျိုးတွေကို မြန်မာအမျိုးသမီးတွေ အပါအဝင် မြန်မာမိသားစုတွေ မကြုံတွေ့မဖြတ်သန်းကြရစေဖို့ တတ်နိုင်သလောက် ထောက်ပြလိုတဲ့ တားဆီးမရတဲ့ စိတ်စေတနာကြောင့် ရေးမိခြင်းဖြစ်ပါတယ်။

ကျွန်တော်ပြောချင်တဲ့ အကြောင်းအရာကို အလုံးစုံခြုံငုံမိအောင် (ယဉ်ကျေးမှုအရ) ရေးသားတင်ပြဖို့ရာ လုံးဝမဖြစ်နိုင်တာကြောင့် ဒီဆောင်းပါးသည် ပြီးပြည့်စုံမှုမရှိနိုင်ပါ။ သို့သော် ဆက်လက်တွေးခေါ် မြော်မြင်နိုင်ဖို့အတွက်တော့ ကောင်းစွာအထောက်အပံ့ပြုပါလိမ့်မယ်လို့ ယုံကြည်မိပါကြောင်းခင်ဗျား။ ။

**မင်းနွယ်**

**မြန်မာ**နိုင်ငံ တက္ကသိုလ်များသည် အမျိုးသားပညာရည် အဆင့်အတန်းအား ဒေသတွင်း တက္ကသိုလ်အဆင့်များနှင့် ရေချိန်ညှိနိုင်ရန် အရည်အသွေး အာမခံမှုစနစ်များကို အမျိုးသားပညာရေး ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အားယူအကောင်အထည်ဖော် တည်ဆောက်ခြင်းများ စတင်လျက်ရှိသည်ကို တွေ့ရသည်။ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်၊ သင်ရိုးညွှန်းတမ်းကော်မတီနှင့် အမျိုးသား ပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု ကော်မတီများ ဖွဲ့စည်းထားသည်။ တက္ကသိုလ်များအလိုက် တက္ကသိုလ်ပဋိညာဉ်စာတမ်းများ မူကြမ်းအဆင့် ရေးဆွဲထားပြီး ဖြစ်နေသည်။ လိုအပ်နေသော အဆင့်မြင့်ပညာရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးမှာ အသံတိတ်လျက်ရှိသည်။

အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်များသည် ဆယ်စုနှစ်များစွာ ဖြတ်သန်းခဲ့သော ပေးထားချက်များကို အမွေခံရယူထားရခြင်းဖြစ်သည်။ ဒေသတွင်းတက္ကသိုလ်များ၏ အဆင့်အတန်းကို အမီလိုက်နိုင်မည့် တက္ကသိုလ်ဆိုင်ရာ လိုအပ်ချက်များမှာ ကဏ္ဍစုံလင်လျက် ကွာဟချက်များစွာရှိရာ ထိုကွာဟချက်များမှာလည်း တက္ကသိုလ်တစ်ခုချင်းအလိုက် မညီမညာဖြစ်လျက် ရှိနေသည်။

## အခြေခံအဆောက်အဦများ

တက္ကသိုလ်တစ်ခုအတွက် အခြေခံအဆောက်အဦများတွင် စံညွှန်းမီ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ဘာသာရပ်ဆိုင်ရာဌာနများ၊ ဆီမီနာခန်းများ၊ ဟောပြောခန်းမများ၊ သုတေသနစင်တာများ၊ စာကြည့်တိုက်များ၊ အင်တာနက် Wifi များ၊ တက္ကသိုလ်အဆင့် တက္ကသိုလ်ဝင်း အင်္ဂါရပ်များ၊ စားသောက်ဆိုင်တန်းများ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ ဆရာ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာများ၊ တက္ကသိုလ်အသင်းအဖွဲ့ဆိုင်ရာအခန်းများ၊ အားကစားကွင်း၊ အားကစားခန်းမများ၊ ဆေးပေးခန်းနှင့် သယ်ယူပို့ဆောင်မှုလုပ်ငန်းများ၊ အပန်းဖြေနေရာများ ဖြစ်သည်။ အခြားလိုအပ်သည်များလည်း ရှိဦးမည်။

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ယင်း၏ တက္ကသိုလ်များအတွက် အခြေခံအဆောက်အဦကဏ္ဍများကို အစီအမံများဖြင့် ဆောင်ရွက်ခဲ့သည်။ ဝိဇ္ဇာ / သိပ္ပံတက္ကသိုလ်တော်တော်များများတွင် မြေနေရာလပ်မကျန် တည်ဆောက်ထားရှိပြီးဖြစ်သော တက္ကသိုလ်များ ရှိနေသည်။ သို့ရာတွင် ၂၀၁၆ ခုနှစ်မှစ၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအား ဖျက်သိမ်း၍ ပညာရေးဝန်ကြီးဌာန လက်အောက်သို့ ရောက်ရှိလာခဲ့သော နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၏ အခြေခံအဆောက်အဦ လိုအပ်ချက်များမှာ များစွာကျန်ရှိလျက်ရှိသည်။ တပ်မတော်အစိုးရလက်ထက် အသစ်ဖွဲ့စည်းခဲ့သော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်တွင် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များကို ပြည်နယ် တိုင်းဒေသကြီးများအလိုက် အရှိန်အဟုန်ဖြင့် တိုးချဲ့တည်ထောင်ခြင်း၊ လိုအပ်မည့် ဆရာ ဆရာမများကို အထူးအစီအမံများချမှတ်လျက် အလျင်အမြန် တာဝန်ပေးဆောင်ရွက်စေခြင်းတို့ဖြင့် အကောင်အထည်ဖော်ခဲ့ကြပါသည်။ တက္ကသိုလ်တစ်ခုအဖြစ် ပုံရိပ်ဖော်ဆောင်သော ခံ့ညားသော တိုင်လုံးကြီးများပါဝင်သည့် ပင်မအဆောက်အအုံတစ်ခုမှလွဲ၍ စာသင်ခန်း၊ ဓာတ်ခွဲခန်း၊ ဌာနခန်း၊ စာကြည့်တိုက်၊ ဆရာ ဆရာမအိမ်ရာအပါအဝင် အခြားလိုအပ်ချက်များ ပြည့်စုံအောင် မဆောင်ရွက်နိုင်ခဲ့။ အာရုံစိုက်သည့် တက္ကသိုလ်အချို့အတွက်မူ ဘတ်ဂျက်ရရှိမှု သာလွန်သဖြင့် အသင့်အတင့် ပြည့်စုံမှုများရှိသည်။ တက္ကသိုလ်အများစုမှာ လိုအပ်ချက်များစွာ ဖြစ်ပေါ်လျက်ရှိသည်။ ယခုအခါပညာရေးကဏ္ဍ မြင့်မားရေးအတွက် အားတက်ဖွယ်သတင်းများ ကြားနေရသော်လည်း ရန်ပုံငွေများတက္ကသိုလ်ဝင်းအတွင်းသို့ အင်နှင့်အားနှင့် မရောက်သေး။ အားရဖွယ်မရှိလှ။

## သင်ထောက်ကူ လက်တွေ့ခန်းသုံးပစ္စည်းများနှင့် သုတေသနအဆင့် ဆောင်ရွက်နိုင်မည့် ခေတ်မီစက်ပစ္စည်း ကိရိယာဓာတ်ခွဲခန်းသုံးပစ္စည်းများ

သင်ကြားသင်ယူလေ့ကျင့်မှုအတွက် အရေးပါသော မရှိမဖြစ်လိုအပ်ချက်တစ်ခုမှာ သင်ထောက်ကူ လက်တွေ့ခန်းသုံးပစ္စည်းများ သာသာရပ်တစ်ခုချင်းအလိုက် ပြည့်စုံလုံလောက်ရေးဖြစ်သည်။ အထူးသဖြင့် သက်မွေးနည်းပညာတက္ကသိုလ်များ၏ သင်ယူတက်မြောက်မှုလုပ်ငန်းစဉ်တွင် သင်ထောက်ကူလက်တွေ့ခန်းသုံးပစ္စည်းများ မပြည့်စုံခြင်းသည် ခရီးမတွင်ဖြစ်နေဆဲဖြစ်သည်။ သက်မွေးဝမ်းကျောင်းဆိုင်ရာ ဘွဲ့ရတစ်ယောက်၏ လက်တွေ့ကျွမ်းကျင် အရည်အသွေးတည်ဆောက်မှုအတွက် အားနည်းချက်များ ဖြစ်ပေါ်စေသည်။ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူလူထု၏ အင်ဂျင်နီယာပညာရေး အရည်အသွေးဆိုင်ရာ ဝေဖန်မှုများကို ခံရသည်။ များပြားသော ကျောင်းများနှင့် အမှန်တကယ် ဖြည့်ဆည်းဆောင်ရွက်နိုင်မှုများအကြား ဘတ်ဂျက်ရန်ပုံငွေ အကန့်အသတ်အောက်တွင် လိုအင်များကို မလိုက်နိုင်၍ ဖွံ့ဖြိုးမှုနှေးရသည်။ တစ်ဖက်တွင် တက္ကသိုလ်များအား သုတေသနအခြေပြု တက္ကသိုလ်များအဖြစ် ရည်မှန်းထားသည်။ သုတေသနလုပ်ငန်းများ ဇောက်ချလုပ်ဆောင်နိုင်ရန် တက္ကသိုလ်တိုင်း၌ သုတေသနစင်တာများ တည်ထောင်ဖို့လိုသည်။ သင်ထောက်ကူလက်တွေ့ခန်းသုံးပစ္စည်းများသည် သင်ယူသူ ကျောင်းသား ကျောင်းသူများအတွက် လက်တွေ့ပုံစံပြ စက်ကိရိယာများသာဖြစ်ရာ သင်ထောက်ကူစက်ပစ္စည်းတိုင်းအား သုတေသနအဆင့်အဖြစ် အသုံးမပြုနိုင်ပေ။ ဝိဇ္ဇာ / သိပ္ပံတက္ကသိုလ်များ၊ သက်မွေးနည်းပညာတက္ကသိုလ်များအပါအဝင် တက္ကသိုလ်များအားလုံးအတွက် အထူးပြုဘာသာရပ်များအလိုက် သုတေသနပြုလုပ်




နိုင်မည့် သုတေသနသုံး စက်ပစ္စည်းကိရိယာများကို ဘာသာရပ်နယ်ပယ်အရ နှစ်အလိုက်ဝယ်ယူ ဖြည့်တင်းသွားကြရပေလိမ့်မည်။

ဤနေရာတွင် သင်ထောက်ကူလက်တွေ့ပစ္စည်းများ၊ သုတေသနသုံး စက်ပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းခြင်းနှင့်အတူ အဆိုပါအထောက်အကူပြုပစ္စည်း၊ သုတေသနသုံးစက်ပစ္စည်းများကို စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်စမ်းသပ်၊ ထိန်းသိမ်းစောင့်ရှောက်တတ်မည့် ကျွမ်းကျင်ပညာရှင်များ တစ်ပါတည်းလေ့ကျင့်ပျိုးထောင် ပေးရေးဖြစ်သည်။

လက်တွေ့ခန်းများ၌ စနစ်တကျလက်တွေ့လုပ်ဆောင်ပြသနိုင်မည့် လက်တွေ့ကျွမ်းကျင်သူ၊ ဓာတ်ခွဲခန်းကျွမ်းကျင်သူများ ရှိရန်လိုသည်။ တက္ကသိုလ်အများစု၏ ဖွဲ့စည်းပုံများအရ ဓာတ်ခွဲခန်း ကျွမ်းကျင်ဝန်ထမ်းနေရာများ ပါဝင်ဖွဲ့စည်းထားသော်လည်း အဆိုပါရာထူးနေရာများ၌ တာဝန်ထမ်းဆောင်နိုင်မည့် ဝန်ထမ်းများလိုအပ်နေဆဲ ဖြစ်သည်။ လက်တွေ့ခန်းများ ထိထိရောက်ရောက် မလည်ပတ်နိုင်ဘဲ စာသင်ခန်းစာသင် ဆရာ ဆရာမများဖြင့် ကျွမ်းကျင်ဘွဲ့ရများ မွေးထုတ်နိုင်ရေးမှာ မဖြစ်နိုင်ပေ။ ယခင်က ထိုက်သင့်သည့် ဓာတ်ခွဲခန်းကျွမ်းကျင်၊ သုတေသနလက်ထောက် စသည်ဖြင့် ဝန်ထမ်းများ အတော်အသင့်ရှိခဲ့သော်လည်း ဘွဲ့လွန်ဦးစားပေးစနစ်အောက်တွင် ကျွမ်းကျင်ဝန်ထမ်းများ ရှားပါးလာခဲ့သည်။ နေရာအလိုက် တန်ဖိုးထားသည့် မျှတသော အခွင့် အလမ်းများဖွင့်ထားခြင်းသည် ဝန်ထမ်းများ ရေရှည်လုပ်ခွင် တည်မြဲရေးအတွက် အထောက်အကူ ဖြစ်စေနိုင်ပေသည်။

## ဆရာ ဆရာမများ စွမ်းဆောင်ရည် မြင့်မားရေး

'ဆရာတစ်ကျပ် တပည့်တစ်မတ်' ဟု ကြားဖူးသည်။ ဆရာသည် တပည့်များအား ပညာပေးနိုင်ရန် တပည့်ထက် ပညာ သုံးဆ၊ လေးဆမက ပိုနေရမည်ဟု ဆိုဟန်ရှိသည်။ ယနေ့အချိန်အခါသည် ကမ္ဘာလုံးဆိုင်ရာ သတင်းကွန်ရက်ကြီးတွင် အသိပညာများကို လက်ကိုင်ဖုန်းအတွင်းမှ အလွယ်တကူ ရယူနိုင်ကြရာ လူငယ်များတွင် စူးစမ်းလိုစိတ်နှင့်အတူ အသိအမြင်များ ပိုမိုကိန်းအောင်းလျက်ရှိနေကြသည်။ စာရေးသူတို့ပညာသင်စဉ်ကကဲ့သို့ လက်ကိုင်ဖုန်းမရှိ၊ အင်တာနက်ဗလာနတ္ထိ၊ ဖတ်လိုသည့်စာအုပ်များကို စာကြည့်တိုက်များမှ ခက်ခဲစွာဖတ်နေရသောခေတ် မဟုတ်တော့။ ဆိုလိုသည်မှာ အချိန်နှင့်အမျှ ပြောင်းလဲနေသော နည်းပညာခေတ်ကြီးတွင် တပည့်များအား ပညာပေးနိုင်ရန် ဆရာတစ်ယောက်အတွက် မည်မျှကြိုးစားအားထုတ်နေရန် လိုအပ်သည်ကို ညွှန်ပြနေခြင်းသဘောဖြစ်သည်။ ဆရာအလုပ်အကိုင်ရာထူး လျှောက်ထားရယူရန်ထက် တပည့်များမှ ဆရာတစ်ယောက်အဖြစ် သတ်မှတ်ရယူနိုင်ရန်မှာ စာသင်ပြသူ၏ သင်ကြားလေ့ကျင့်မှု စွမ်းဆောင်ရည်များအပေါ်၌သာ မှတ်ကျောက်တင်နေပေလိမ့်မည်။

တက္ကသိုလ်များအတွက် အရည်အချင်းပြည့်မီသော ဆရာ ဆရာမများ ခန့်ထားနိုင်ရေး၊ ဆရာဖြစ်သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ လုပ်ငန်းခွင်လက်တွေ့ သင်ကြားလေ့ကျင့်မှုနှင့် သုတေသန အတွေ့အကြုံများအပေါ်အခြေခံလျက် အဆင့်ဆင့် တာဝန်ပေးနိုင်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး အစီအစဉ်များအောက်တွင် အထူးပြုသင်တန်းများ၊ ပြည်တွင်းပြည်ပ ပညာသင်အခွင့်အလမ်းများ၊ သုတေသနပြုမှုများနှင့်သုတေသနစာတမ်းများပေါ်ထွက်လာနိုင်ရေးများကို တက္ကသိုလ်များ၌ တည်ထောင်ထားပြီး ဖြစ်နေရန်လိုပေမည်။ အထူးသဖြင့် ဒေသတွင်းတက္ကသိုလ်များ၏ အရည်အသွေး အဆင့်အတန်းအား အမီလိုက်နိုင်မည့် တက္ကသိုလ်အရည်အသွေးအာမခံမှုစနစ်ကို ထူထောင်ရာတွင် သတ်မှတ်ထားသော နိုင်ငံတကာစံများ ရောက်ရှိရေးအတွက် ဆရာ ဆရာမများ၏ တစ်ဦးချင်း စွမ်းဆောင်နိုင်ရည်များ မြင့်မားနေမှုအပေါ် များစွာတည်မှီလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ဆရာ ဆရာမတို့၏ သင်ကြားမှု၊ လေ့ကျင့်မှု နည်းစနစ်ကောင်းများ ရရှိမှသာ သင်ယူသူ ကျောင်းသား ကျောင်းသူများအတွက် သင်တန်းအစီအစဉ်၏ အရည်အသွေးရလဒ်များကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ ရလဒ်အခြေပြု ပညာရေးလုပ်ငန်းစဉ်တွင် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးပိုင်ဆိုင်မှုရလဒ် မည်မျှဖြစ်ပေါ်သည်ဆိုသည်မှာ အဆိုပါ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ပြ ပြဒါးတိုင်သဖွယ်လည်း ဖြစ်သည်။

ဖော်ပြပါစွမ်းဆောင်ရည်မြင့်မားသော တက္ကသိုလ်ဆရာ ဆရာမများ စဉ်ဆက်မပြတ် ဖြစ်ထွန်းပေါ်ပေါက်ပိုင်ဆိုင်နိုင်ရေးမှာ မြန်မာနိုင်ငံ၏အနာဂတ် အဆင့်မြင့်ပညာရေးကဏ္ဍ တိုးတက်ရေး အတွက် အထူးအရေးပါလျက်ရှိရာ အဆင့်မြင့်ပညာရေးကဏ္ဍ ဝန်ထမ်းများအတွက် ခေတ်နှင့်လျော်ညီသော လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်တစ်ရပ်အား အမြန်ဆုံးရေးဆွဲအကောင်အထည်ဖော်ရန် အချိန်ကျရောက်နေပြီ ဖြစ်ပါသည်။ အမျိုးသားပညာရေးဥပဒေ ပုဒ်မ(၂၆) အရ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့်ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်သော စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ရာ အဆိုပါ ဥပဒေပြဋ္ဌာန်းချက် အသက်ဝင်လာခဲ့ပါက တက္ကသိုလ်များအလိုက် မိမိတက္ကသိုလ်၏ ပဋိညာဉ်များအတိုင်း လူ့စွမ်းအားဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုစနစ်များကို ပုံဖော်ကျင့်သုံး အကောင်အထည်ဖော်သွားကြရမည် ဖြစ်ပေသည်။

## တက္ကသိုလ်များနှင့် အရည်အသွေးအာမခံမှုစနစ် ထူထောင်ခြင်းလုပ်ငန်း

အမျိုးသားပညာရေးဥပဒေ၊ အခန်း(၁၀)၊ အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု၏ ပုဒ်မခွဲ-၅၄(က)၌ ပညာရေးအဆင့်တိုင်းတွင် ပညာအရည်အသွေး အာမခံမှုအစီအစဉ် တစ်ရပ်ရှိရမည်ဟူ၍လည်းကောင်း၊ ပုဒ်မ(၅၅)၌ ကော်မရှင်သည် ပုဒ်မ(၅၄)ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီကို လွတ်လပ်သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်ဟု ပြဋ္ဌာန်းပါရှိပြီးဖြစ်သည်။

ယခုအခါ ပညာရေးဝန်ကြီးဌာနသည် အာဆီယံပညာရေး အရည်အသွေးအဆင့်အတန်း မူဘောင်နှင့် လိုက်လျောညီထွေသော မြန်မာနိုင်ငံ အမျိုးသားအဆင့်ပညာရေး အရည်အသွေး အဆင့်အတန်းမူဘောင်တစ်ရပ်ကို စတင်ချမှတ်ကျင့်သုံးနိုင်ရန် ပြင်ဆင်လျက်ရှိသည်။ ပညာရေးအား ရလဒ်အခြေပြုပညာရေးအဖြစ် ပြုပြင်ပြောင်းလဲရန် ဖြစ်သည်။ ဒေသတွင်းတက္ကသိုလ်များနှင့် အရည်အသွေးအဆင့်အတန်းမီ လိုက်နိုင်ရန် အာဆီယံတက္ကသိုလ်များကွန်ရက်နှင့် ချိတ်ဆက်သည်။ အာဆီယံတက္ကသိုလ်များမှ သဘောတူထားပြီးသော တက္ကသိုလ်အရည်အသွေး တည်ဆောက်မှုပုံစံ အရည်အသွေးအာမခံမှုစနစ်များကို စတင်အကောင်အထည်ဖော်ရန် တက္ကသိုလ်များသို့ အဆင့်ဆင့်ညွှန်ကြားပြီးဖြစ်သည်။ အာဆီယံတက္ကသိုလ်များမှ သဘောတူလက်ခံထားပြီးသော အရည်အသွေးအာမခံမှု စံ ၁၁ ခုအား အကောင်အထည်ဖော်ကြရမည်။ အဆိုပါစံများအား အကောင်အထည်ဖော်ရမည့် မူလတာဝန်သည် တက္ကသိုလ်၏ အထူးပြုဆိုင်ရာ သင်တန်း(မေဂျာ)ဌာနများ အလိုက်ဖြစ်သည်။ အထူးပြု ဘာသာရပ်ဆိုင်ရာ သင်တန်းအလိုက် မျှော်မှန်းသင်ယူမှုရလဒ်များ သင်တန်းဆိုင်ရာအသေးစိတ်အချက်အလက်၊ သင်တန်းတည်ဆောက်မှုပုံစံ၊ သင်ကြားသင်ယူချဉ်းကပ်မှုနည်းစနစ်များ၊ သင်ယူသူကျောင်းသား ကျောင်းသူများအတွက် သင်ယူနိုင်မှု ဆန်းစစ်ချက်များ၊ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်၊ အထောက်အကူပြု ပညာရေးဝန်ထမ်းများအတွက် အရည်အသွေး၊ သင်ယူခွင့်ရယူနိုင်မည့် ကျောင်းသား ကျောင်းသူများအတွက် အရည်အချင်းလိုအပ်ချက်များနှင့် အဆိုပါကျောင်းသား ကျောင်းသူများအတွက် သင်တန်းအစီအစဉ်များ၊ အခြေခံအဆောက်အဦနှင့် သင်ထောက်ကူပစ္စည်းများ၊ အရည်အသွေး စီမံခန့်ခွဲမှုစနစ် ကျင့်သုံးခြင်းနှင့် ရယူနိုင်ခဲ့သည့် အရည်အသွေးရလဒ်များ ဖြစ်သည်။ အထူးပြုဘာသာရပ်တစ်ခုချင်းစီ၏ လုပ်ငန်းစဉ်များသည် တက္ကသိုလ်၏မျှော်မှန်းချက် ရည်ရွယ်ချက်များတွင် ပေါင်းဆုံ ဖြစ်ပေါ်စေသည်။

စာမျက်နှာ 23 သို့

**ပညာရေးသည်**
**သက်ဆိုင်သည့် ပညာရေးဝန်ကြီးဌာန၊**
**အဖွဲ့အစည်းများတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ**
**ပညာရေးနှင့်ဆက်နွယ်သော ပညာရေးဖွံ့ဖြိုးမှုအတွက်**
**စိတ်အားထက်သန်သော ပြည်တွင်းပြည်ပ**
**အဖွဲ့အစည်းအသီးသီးနှင့် လူပုဂ္ဂိုလ်များပါမကျန်**
**ပါဝင်နိုင်ခွင့် ရှိရပေမည်။**



Photo - Dr Tin Aung (FB)

ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးဆွေးနွေးပွဲကို မတ်လ ၂၉ ရက်နေ့ မွန်းလွဲပိုင်းက ကျင်းပစဉ်

# ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေး Master Plan (မူကြမ်း) ဇူလိုင်လအတွင်းပြီးစီးရန်လျာထား

**ရန်ကုန်၊ မတ် ၂၉**

ရန်ကုန်တက္ကသိုလ်(ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအဖွဲ့ ဦးဆောင်၍ ယင်းတက္ကသိုလ် အဆင့်မြှင့်တင်ရေး Master Plan(မူကြမ်း)တစ်ခု ယခုနှစ် ဇူလိုင်လအတွင်း အပြီးရေးဆွဲရန် ပြင်ဆင်နေကြောင်း ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက The Voice သို့ ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ယနေ့ (မတ်လ ၂၉ရက်) မွန်းလွဲပိုင်းက ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ကောင်စီခန်းမတွင် ရန်ကုန်တက္ကသိုလ်(ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမျိုးသိမ်းကြီးအပါအဝင် တာဝန်ရှိသူများနှင့် Central European University တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

"အဓိကတော့မြန်မာပြည်ကပညာရှင်တွေနဲ့ပဲဆွဲမှာပါ။ သူတို့က(Central European University) က အကြံပဲပေးမှာပါ။ ကြီးကြပ်တာလည်း ပြည်တွင်းက ဆရာကြီးတွေကပဲကြီးကြပ်မှာပါ။ ဘယ်အပိုင်းတွေကို မူကြမ်းမှာ အဓိကထည့်သွင်းဖို့ရှိသလဲ ဆိုတာ ဆွေးနွေးနေတုန်းပါပဲ။ မူကြမ်းထွက်မှပဲ အကုန်ချပြလို့ ဖြစ်မှာပါ" ဟု ဒေါက်တာဖိုးကောင်းက ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်(ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး အဖွဲ့ ဥက္ကဋ္ဌအဖြစ် ပညာရေးဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးက တာဝန်ယူပြီး စုစုပေါင်း အဖွဲ့ဝင် ၁၄ဦးပါဝင်၍ အစိုးရသစ်လက်ထက် ၂၀၁၆ခုနှစ် နိုဝင်ဘာလ အတွင်းက ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့ အဖွဲ့ဝင်များထံမှ သိရှိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပညာရေးဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မတ်လ ၂၇ရက်ထုတ် အစိုးရပိုင် ကြေးမုံသတင်းစာတွင် ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ဆောင်ရွက်ရေး Master Plan ရေးဆွဲပြုစုသွားရန် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများရှိကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ရန်ကုန်တက္ကသိုလ်ပြုပြင်မွမ်းမံရေး၊ အဆင့်မြှင့်တင်ရေးဆွေးနွေးမှု ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းကပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးသို့ ယခင်အစိုးရလက်ထက် ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သူ ယခုနိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပထမဆုံးအကြိမ် တက်ရောက်ခဲ့သည်။

သမ္မတဟောင်းဦးသိန်းစိန်လက်ထက်ကလည်း ရန်ကုန်တက္ကသိုလ် ပြန်လည် အဆင့်မြှင့်တင်ရေး တက္ကသိုလ် အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း၊ ထပ်တိုးတည်ဆောက်ခြင်း၊ ပြည်ပတက္ကသိုလ်များနှင့် နားလည်မှုစာချွန်လွှာရေးထိုးခြင်း၊ ပညာရှင်များ၊ ကျောင်းသားများ ဖလှယ်ခြင်း၊ သုတေသန ပူးပေါင်းဆောင်ရွက်ခြင်းများဆောင်ရွက်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးတက္ကသိုလ်ဖြစ်သည်။

■ J-02

CARTOON




# ပညာရှင်အဆင့်(၄) နှင့် အဆင့်တူ ရာထူးတိုး ရေးဖြေစာမေးပွဲ ၈၀၀၀ ခန့် ဖြေဆို

**ရန်ကုန်၊ မတ် ၂၉**

ပညာရေးဝန်ထမ်းများကို လုပ်သက်နှင့် ပညာအရည်အချင်းများ အလိုက် ရာထူးတိုးစာမေးပွဲပြုလုပ်လျက်ရှိရာ မတ်လ ၂၈ရက်ကကျင်းပသည့် ပညာရှင်အဆင့်(၄)နှင့် အဆင့်တူ ရာထူးတိုး ရေးဖြေစာမေးပွဲကို တိုင်းနှင့်ပြည်နယ်အားလုံးတွင် ဝင်ရောက်ဖြေဆိုသူ ၈၀၀၀ ခန့်ရှိကြောင်း အခြေခံပညာဦးစီးဌာနထံမှ သိရှိရသည်။

အလယ်တန်းကျောင်းအုပ်၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ ဦးစီးအရာရှိ(ပညာရှင်)၊ ဦးစီးအရာရှိ(ကာယ)၊ ဦးစီးအရာရှိ(ရုံး)၊ ဦးစီးအရာရှိ (ကွန်ပျူတာ)နှင့် စီမံကိန်းမှူး ရာထူးများကို လုပ်သက်သုံးနှစ်နှင့် ငါးနှစ်ပြည့်ပြီးသူများ လျှောက်ထားနိုင်ကြောင်း အခြေခံပညာဦးစီးဌာနမှ ခေါ်ယူခဲ့ခြင်း ဖြစ်ကြောင်း ယင်းဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အတိအကျတော့ ကျွန်တော်မမှတ်ထားလိုက်တော့ဘူး။ စာရင်းရှိကတော့ ၁၀၀၀၀ကျော်ရှိတဲ့အထဲမှာ ၈၀၀၀ လောက်ဖြေသွားတယ်။ အရင်ဆုံးရေးဖြေ အဖြေတွေ စစ်ဆေးပြီးမှ လူတွေ့စစ်ဆေးဖို့ လုပ်မှာပါ။ ရက်အတိအကျတော့ ပြောလို့မရသေးဘူး" ဟု အဆိုပါ တာဝန်ရှိသူက ပြောကြားသည်။

အဆိုပါ ရာထူးတိုး စာမေးပွဲမှာ ပညာရှင်အဆင့်ဖြစ်သည့်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများ နှင့် ညီမျှမှုရှိ၊ မရှိ ရာထူးဝန်အဖွဲ့ထံ ပေးပို့သွားမည်ဖြစ်ပြီး ရာထူးဝန်အဖွဲ့မှ အောင်မြင်ကြောင်း အတည်ပြုမှသာ လူတွေ့စစ်ဆေးမှုကို လက်ခံမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ထပ်မံပြောဆိုသည်။

အလယ်တန်းကျောင်းအုပ် ရာထူး ဖြေဆိုခဲ့သည့် ဆရာအောင်ကျော်သူက "မေးခွန်းပုံစံက တစ်ကြိမ်နဲ့တစ်ကြိမ် မတူတော့ဘူး။ ပြောင်းသွားတယ်။ ပထမအကြိမ်တုန်းက အင်္ဂလိပ်စာမေးတယ်။ ဒုတိယအကြိမ်မှာတော့ အင်္ဂလိပ်စာ မပါတော့ဘူး။ မှား၊ မှန်ရွေးတို့ ကွက်လပ်တို့ မေးတယ်ပေါ့။ ခုနောက်ဆုံးအကြိမ်မှာတော့ ခေါင်းစဉ်လေးမျိုးမှာ ကွက်လပ်ဖြည့်တာနဲ့ လိုရင်းတိုရှင်းဖြေရတဲ့ မေးခွန်းတိုလေးတွေပဲပါတော့တယ်" ဟု ပြောကြားသည်။

မေးခွန်းများသည် ကျောင်းအုပ်တစ်ယောက်၏ လုပ်ငန်းများဖြစ်သော အထွေထွေစီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး စီမံခန့်ခွဲရေးနှင့် စစ်ဆေးခြင်းဆိုင်ရာများကို အဓိကထားမေးမြန်း ထားကြောင်း၊ ဖြေဆိုမှုတွင် အဆင်ပြေကြောင်း ဦးအောင်ကျော်သူက ထပ်မံပြောဆိုသည်။

ပညာရေးဝန်ကြီးဌာနအနေနှင့် ပညာရှင်အဆင့်(၄)နှင့် အဆင့်တူ ရာထူးတိုး စာမေးပွဲကို တတိယအကြိမ်ခေါ်ဆိုခြင်းဖြစ်ပြီး ရေးဖြေရမှတ်များ၊ လုပ်သက်ရမှတ်များနှင့် ထူးချွန်ရမှတ်များကို ပေါင်းကာ စီနီယာအလိုက်အမှတ်များဖြတ်၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း အခြေခံပညာဦးစီးဌာနထံမှ သိရှိရသည်။

■ ရွှေဖူးခင်

# အိန္ဒိယ ပညာရေးပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန်၊ မတ် ၂၉**

နိုင်ငံတကာအသိအမှတ် ပြု အိန္ဒိယနိုင်ငံ တက္ကသိုလ်များတွင် သွားရောက်ပညာသင်ကြားရန် စိတ်ဝင်စားသည့် မြန်မာကျောင်းသား၊ ကျောင်းသူများအတွက် အိန္ဒိယပညာရေးပြပွဲကိုရန်ကုန်မြို့ Summit Parkview ဟိုတယ်၌ မတ်လ ၃၁ရက်မှ ဧပြီလ ၁ရက် အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးထံမှ သိရှိရသည်။

အဆိုပါပြပွဲ တွင် ပညာသင်ဆုများ ရရှိနိုင်မည့် အခွင့်အရေးဆိုင်ရာများကို တာဝန်ရှိသူများ၊ သံရုံးတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပညာရေး ကိုယ်စားလှယ်များနှင့် ဟိန္ဒူအမျိုးသမီး အဖွဲ့အစည်း တာဝန်ရှိသူ များက နံနက် ၁၀နာရီမှ ညနေ ၅နာရီ အထိ ဆွေးနွေးပေးမည်ဖြစ်သည်။

■


The Voice Daily

လစေးမှာယူဖတ်ရှုသည့်

စာဖတ်ပရိသတ်များ

အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

# ရိုးရိုးတွေးပါ

အိန္ဒိယနိုင်ငံ တက္ကသိုလ်လာတွင် ပညာသင်ကြားပြီး ပြန်လာသော ရဟန်းငယ်တစ်ပါးရှိသည်။ ဗုဒ္ဓ၏ ဟောကြားတော်မူသော တရားတော်များကို အလွန်မြတ်နိုးသည်ဖြစ်သောကြောင့် မိမိဇာတိသို့ အပြန်တွင် စာပေါင်းများစွာကို ကူးယူပြီး အထုပ်ကိုထမ်းကာ ပြန်လာခဲ့သည်။

ရဟန်းသည် အနားယူသည့် အချိန်တိုင်းတွင်လည်း စာလိပ်များကိုထုတ်ပြီး အလွတ်ကျက်မှတ်နေတတ်သည်။ သူ၏ အိမ်အပြန်ခရီးမှာ တောကိုဖြတ်၊ တောင်ကိုတက် ရက်ပေါင်းများစွာ ကြာခဲ့ပါသည်။

တစ်နေ့တွင် ရဟန်းသည် ရွာလေးတစ်ရွာကို ရောက်လာခဲ့သည်။ ထိုရွာတွင် အဘွားအိုတစ်ယောက်သည် မုန့်များကို ရောင်းချနေသည်။ ရဟန်းသည် ဆာလောင်သဖြင့် မုန့်ကိုစားလိုသည်။ သို့သော် သူတွင် ပိုက်ဆံ မရှိ။ ထို့ကြောင့် အဘွားအိုရှေ့တွင် ရပ်လိုက်ပြီး

"ဒကာမကြီး မုန့်တစ်ခုလောက်ရောင်းပါ။ ငါ့တွင် ပေးစရာ ပိုက်ဆံတစ်ပြားမှ မရှိပါ။ သို့သော် ငါကျောတွင် ထမ်းလာသော တန်ဖိုးကြီးလှသည့်ရတနာများထဲမှ သင့်အတွက် တစ်ခုခုကို ရွတ်ပြနိုင်ပါသည်"

အဘွားအိုက စိတ်ဝင်စားသွားသည်။

"ဘယ်လို ရတနာတွေများ ထမ်းလာရသလဲ"

"ဗုဒ္ဓ၏ တန်ဖိုးရှိလှသော တရားများဖြစ်သည်"

"ရဟန်း တရားနာရန် အချိန်မရှိပါ။ သို့သော် ရဟန်းသည် ပညာရှိပုံပေါ်သည်။ မေးခွန်းတစ်ခုမေးပါမည်။ ဖြေနိုင်လျှင် မုန့်ကို အလကားပေးလိုက်ပါမည်"

"မေးပါ ဒကာမကြီး"

"ရဟန်း သင်သည် မုန့်ကိုစားလျှင် အတိတ်စိတ်နှင့်စားမည်လား၊ ပစ္စုပ္ပန်စိတ်နှင့် စားမည်လား၊ အနာဂတ်စိတ်နှင့် စားမည်လား။ ဘာနှင့်စားမည်နည်း ဖြေကြားပါ"

ရဟန်းက အကြိမ်ကြိမ် အထပ်ထပ်စဉ်းစားသည်။ မေးခွန်းကို ပြန်ရွတ်ကြည့်သည်။ အဖြေကိုရှာမရ။ နောက်ဆုံး စိတ်ဓာတ်ကျပြီး ကျောပိုးလာသည့် အထုပ်ကြီးကို ကောက်ထမ်းကာ ရှေ့ဆက်သွားရန် ပြင်လိုက်သည်။

အဘွားအိုက -

"ရဟန်း မေးခွန်းကို မဖြေဘဲ အဘယ်ကြောင့် ထွက်သွားသနည်း။ မေးခွန်းက ဘာများ ခက်သနည်း။ သင်မဖြေချင်လည်း နေပါ။ မုန့်တစ်ခု ယူသွားပါ"

ရဟန်းက နောက်ပြန်လှည့်လိုက်ပြီး -

"ဒကာမကြီး၊ ဒကာမကြီး မေးသည့် မေးခွန်းတွေက လေးနက်လွန်းလှသည်။ ငါဖြေကြားနိုင်စွမ်း မရှိ။ ရှက်လှသည်။ မုန့်လည်း စားချင်စိတ် မရှိ။ ငါ့တွင် အများကြီး လိုသေးကြောင်း သိလိုက်ရပြီ"

"ရဟန်း ကျွန်ုပ်က ရိုးရိုးလေး မေးခြင်းဖြစ်ပါသည်။ သင် ကျွန်ုပ်ပေးသည့်မုန့်ကို ဘာနှင့်စားမည်နည်း"

"အို မိခင် ရှက်လှပါသည်။ မဖြေနိုင်ပါ"

"ရဟန်း မိုက်မဲလွန်းလှပါလား။ ကျွန်ုပ်ပေးသည့်မုန့်ကို သင် ပါးစပ်နှင့်မစား ဘာနှင့်စားမည်နည်း။ ဘာကိုစားသည်ဖြစ်စေ၊ ဘာကို သောက်သည်ဖြစ်စေ ပါးစပ်နဲ့မစား၊ ပါးစပ်နှင့်မသောက်လျှင် သင်ဘာနှင့် စားသောက်မည်နည်း။ အတွေးခေါင်လွန်းလှပါဘိ"

■ E01 (A Simple Question)









# ဦးနှောက်လှိုင်းများကို စစ်ဆေးပြီး

## ကလေးတစ်ဦး၏ စွမ်းရည်ကို ၂ နှစ်ကြိုတင်ခန့်မှန်းနိုင်မည်

**နယူးယောက်၊ မတ်လ ၂၉**

ကလေးတစ်ဦး၏ ဦးနှောက်လှိုင်းများကို တိုင်းတာစစ်ဆေးပြီးနောက် လာမည့် ၂ နှစ်အတွင်း သူ၏ စာဖတ်နိုင်စွမ်းအခြေအနေ မည်မျှအထိ တိုးတက်မြင့်မားလာနိုင်သည်ကို ကြိုတင်ခန့်မှန်းနိုင်မည့် နည်းစနစ်တစ်ခုအား Binghamton တက္ကသိုလ်၊ စိတ်ပညာဌာနမှ သုတေသီများက ရှာဖွေတွေ့ရှိခဲ့ကြောင်း The Independent သတင်းတွင်ဖော်ပြထားသည်။

ကလေးတစ်ဦး၏ ဦးနှောက်လှုပ်ရှားမှုများကို သူကျောင်းတွင် ရရှိလာခဲ့သည့် ပညာရေးမှတ်တမ်းနှင့် တိုက်ဆိုင်စစ်ဆေးပြီးနောက် သူ၏ စာဖတ်နိုင်စွမ်း၊ ဝေါဟာရများကို မှတ်နိုင်စွမ်းများကို လာမည့် ၂ နှစ်အတွင်း မည်မျှအဆင့်ရှိလာမည်ကို ကြိုတင်ပြောနိုင်ကြောင်း ပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

ထိုသို့ ကလေးတစ်ဦး၏ လုပ်ဆောင်နိုင်စွမ်းကို ကြိုတင်ခန့်မှန်းရခြင်းမှာ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး ဆရာများအနေနှင့် ပိုင်းဖြတ်ကာ လိုအပ်ချက်များရှိနေလျှင် ဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ကြောင်း ယင်းတို့ကဆိုသည်။

ပညာရှင်များသည် ERP (Event-related Potentials) ဆိုသည့် ကလေးများ၏ ဆုံးဖြတ်နိုင်စွမ်းများရှိသည့် ဦးနှောက်အတွင်းမှ အခန်းကဏ္ဍများကို လေ့လာဆန်းစစ်ခဲ့ပြီးနောက် ကလေးတစ်ယောက် မည်မျှ အတိုင်းအတာအထိ ခံယူလုပ်ဆောင်နိုင်စွမ်းရှိကြောင်းကို ပိုင်းဖြတ်နိုင်ခဲ့ကြသည်။

ERP သည် ဦးနှောက်က တုံ့ပြန်လာမှုကို တိုင်းတာနိုင်စွမ်းရှိသော အထူးပြုလုပ်ထားသည့် ဆင်ဆာစနစ်ဖြစ်ပြီး EEG (electroencephalography) ဟုခေါ်သော ဦးနှောက်အတွင်းရှိ လျှပ်စစ်ဖြင့်တိုင်းတာရမှုများကို မှတ်တမ်းတင်ထားသောစနစ်နှင့် တွဲဖက်ကာ ရရှိလာသည့် မှတ်တမ်းမျဉ်းများဖြင့် တိုင်းတာပိုင်းဖြတ်ရခြင်းဖြစ်သည်။

ဦးနှောက်ဆဲလ်များသည် အီလက်ထရွန်နစ်လျှပ်စစ်လှိုင်းများ လွှတ်ပေးလိုက်သည့်အခါတွင် EEG စက်များက လှိုင်းများအဖြစ် မှတ်တမ်းတွင် ဖော်ပြပေးမည်ဖြစ်သည်။

ဦးနှောက်ကထုတ်လွှတ်လိုက်သည့် လှိုင်းများကို ပညာရှင်များက ကလေးများ၏ ရလဒ်ကျောင်းမှတ်တမ်းနှင့် တိုက်ဆိုင်ကြည့်ပြီး ဦးနှောက်၏ အသေးစိတ်မှတ်ချက်ဖြင့် အနာဂတ်ကို ကြိုတင်ပြောနိုင်ခဲ့ခြင်းဖြစ်သည်။

"ကလေးတစ်ယောက် စာဖတ်နေချိန်မှာ သူ့ဦးနှောက်က လှုပ်ရှားနေတဲ့ လှိုင်းတွေကိုကြည့်ပြီးတော့လည်း သူ့ရဲ စာဖတ်နိုင်စွမ်းဟာ ဘယ်လောက်အထိ ဖြစ်လာနိုင်သလဲဆိုတာ ကြိုတင်ပြောနိုင်ပါတယ်" ဟု သုတေသနအဖွဲ့မှ ဒေါက်တာ ဆာရာ လာ့စ်ဇလိုကပြောကြားသည်။

■ E01

# အိန္ဒိယနိုင်ငံတွင် တက္ကသိုလ် ၂၃ ခုနှင့် နည်းပညာတက္ကသိုလ် ၂၇၉ ခုတို့သည် အတုများဟုဆို

**နယူးဒေလီ၊ မတ် ၂၉**

အိန္ဒိယနိုင်ငံ ဒေလီမြို့တွင် ကောလိပ်အတုပေါင်း ၆၆ ခုကို ဖော်ထုတ်တွေ့ရသဖြင့် နိုင်ငံအတွင်း အများဆုံး ပညာသင်ဌာန အတုများကို ဖွင့်လှစ်ထားရာ နေရာဖြစ်နေပြီး၊ တရားဝင်ဖွင့်လှစ်ခြင်း ခွင့်မပြုထားသော တက္ကသိုလ် ၂၃ ခုနှင့် နည်းပညာ အင်ဂျင်နီယာ တက္ကသိုလ်ပေါင်း ၂၇၉ ခုကိုလည်း ဖော်ထုတ်တွေ့ရှိခဲ့ရကြောင်း Hindustan Times သတင်းတွင်ဖော်ပြထားသည်။

ယင်းအတုလုပ်ထားသော တက္ကသိုလ် ကောလိပ်များမှ ပေးအပ်သည့် ဘွဲ့များကို အစိုးရက အသိအမှတ်မပြုဘဲ၊ ယင်းဌာနများက ထုတ်ပေးထားသည့် အောင်လက်မှတ် ဘွဲ့လက်မှတ်များမှာ စက္ကူတစ်ခုသာဖြစ်ကြောင်း တက္ကသိုလ်များ ခွင့်ပြုပေးသည့် ကော်မရှင်က ထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံမှ UGC (University Grants Commission) အဖွဲ့က ပြည်နယ်ပေါင်း ၇ ခုတွင် ဖွင့်လှစ်ထားသော တက္ကသိုလ် ၂၃ ခုမှာ အတုများဖြစ်နေကြောင်း ပြောကြားသည်။

အိန္ဒိယနိုင်ငံအတွင်း တက္ကသိုလ်၊ ကောလိပ် Website အတုများသည် အလွန်ခေတ်စားနေပြီး လာမည့်လအတွင်း သူတို့သင်တန်းများ ဖွင့်တော့မည်ဆိုသည့်သတင်းများကို တင်ထားကာ ကျောင်းတက်လိုသူများကို လိမ်လည် မက်လုံးပေးလျက်ရှိကြသည်။

UGC မှ တာဝန်ရှိသူများက အစိုးရခွင့်မပြုထားသော နည်းပညာတက္ကသိုလ်များနှင့် တက္ကသိုလ်အတုများ စာရင်းကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်သူများ သတိပြုမိရန်အတွက် သတင်းစာနှင့် မီဒီယာများတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ကျောင်းသားနှင့် မိဘများအနေနှင့်လည်း ယင်းပညာသင်ဌာန အတုများကို တွေ့ရှိဆက်ဆံမိနေပါက ရဲတပ်ဖွဲ့သို့ အမြန်ဆုံး တိုင်ကြားရန်လိုကြောင်းလည်း ယင်းကဆိုသည်။

UGC အနေဖြင့် ထိုတက္ကသိုလ်၊ ကောလိပ်များက အောင်မြင်ထားသည်ဆိုသော ကျောင်းသားများ၏ ဘွဲ့များကို အသိအမှတ်ပြုမည်မဟုတ်ဘဲ၊ ထိုသို့ထုတ်ပြန်ခဲ့သည့်အတွက် ကျောင်းများစွာက အောင်မြင်ထားသည့် ဘွဲ့ရထားသူများ အနေဖြင့်လည်း အခက်အခဲများ ရင်ဆိုင်ရဖွယ်ရှိကြောင်း Hindustan Times တွင် ရေးသားထားသည်။

UGC က ထုတ်ပြန်ထားသည့် တက္ကသိုလ်၊ ကောလိပ်အတုစာရင်းကို www.ugc.ac.in တွင်လည်းကောင်း www.aicte-india.org Website များထဲတွင်လည်းကောင်း အသေးစိတ် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အစိုးရက သတိပေးထားသည်။

■ E01

# ဖင်လန်နိုင်ငံ ပညာရေးစနစ်ကရလိုက်သည့် သင်ခန်းစာသုံးခု

**ဖင်လန်** နိုင်ငံပညာစနစ် ပြုပြင်ပြောင်းလဲ မှုကို လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်ကတည်းက ဆက်တိုက်ပြုလုပ်ခဲ့သည်။ ယနေ့ဆိုလျှင် ဖင်လန်ပညာရေးစနစ် သည် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများထဲတွင် ထိပ်ဆုံးရောက်နေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်နေပြီ။ PISA (Programme for International Student Assessment) အဖွဲ့၏ တိုင်းတာချက်များ အရ လွန်ခဲ့သော ၁၅ နှစ်အတွင်း ဖင်လန်နိုင်ငံသည် အခြားသော နိုင်ငံများထက် ဘာသာစကား၊ သင်္ချာနှင့် သိပ္ပံပညာရပ်များတွင် အထူးချွန်ဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း သိရ သည်။ ထို့ကြောင့် ဖင်လန်နိုင်ငံသည် အဘယ်ကြောင့် ပညာရေးတွင် အထူးချွန်ဆုံးနိုင်ငံ တစ်နိုင်ငံ ဖြစ်လာရကြောင်း လေ့လာဆန်းစစ်ရန် လိုပေသည်။

ဖင်လန်နိုင်ငံမှာ ကလေးများသည် အသက် ၇ နှစ်ပြည့်မှ ကျောင်းတက်ကြရသည်။ အသက် ၇ နှစ်အရွယ်ကို သူတို့က သင်ယူရန် အကောင်းဆုံးနှင့် ဉာဏ်ရည်အဖွံ့ဖြိုးဆုံး အရွယ်ဟု သတ်မှတ်ထားပြီး အသက် ၈ နှစ်အရွယ် ကလေးတိုင်းအတွက် မသင်မနေရ ပညာရေးစနစ်ကို ပြဋ္ဌာန်းပေးထားသည်။

ကျောင်း၏ စာသင်ချိန်အတိုဆုံး၊ ကျောင်းသားဦးရေ အနည်းဆုံး စာသင်ခန်းများဖြင့် သင်ကြားမှုများကိုလုပ်ဆောင်ကြသည်။ အိမ်စာကိုလုံး၀မပေးသလောက်ဖြစ်သည်။ စာမေးပွဲကို အခြားနိုင်ငံများတွင် ကျင်းပသလို ဦးနှောက်ခြောက်လောက်အောင် စာတွေကျက်ပြီး ဖြေကြားခိုင်းခြင်းလည်း မရှိပေ။ စာမေးပွဲမရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စာမေးပွဲမရှိသလို အဆင့်သတ်မှတ်ချက်လည်းမရှိ၊ ပြိုင်ဆိုင်မှုလည်းမရှိ၊ ထူးချွန်စံပြကျောင်းသားဆိုသည်လည်း မရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဖင်လန်နိုင်ငံတွင် တက္ကသိုလ်နှင့် အသက်မွေးကျောင်းပညာသင် အထက်တန်းကျောင်းများမှဆင်းသော ကျောင်းသားအရေအတွက်သည် ၉၃ ရာခိုင်နှုန်းရှိသည်။ အမေရိကန်ပြည်ထောင်စုထက် ၁၇ ရာခိုင်နှုန်းသာသည်။ တက္ကသိုလ်ဝင်တန်းအောင်ပြီးနောက် ၆၆ ရာခိုင်နှုန်းခန့် တက္ကသိုလ်ပညာကို ဆက်လက်သင်ကြားနိုင်ကြသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအထဲတွင် တက္ကသိုလ်ဆက်တက်ကြသည့်အရေအတွက် အများဆုံးဖြစ်သည်။ ကျောင်းသားတစ်ယောက်အတွက် အသုံးစရိတ်မှာ ဖင်လန်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုထက် ၃၀ ရာခိုင်နှုန်း နည်းသေးသည်။

ဖင်လန်ပညာရေးမှ ရရှိလိုက်သည့် သင်ခန်းစာသုံးခုမှာ -

### ကလေးများကို ကစားခိုင်းခြင်း

ဖင်လန်နိုင်ငံမှ ကလေးများသည် တစ်နေ့လျှင် အတန်းသုံးခုမှ လေးခုသာတက်ကြရသည်။ ကျောင်းချိန်အတွင်း၌လည်း မကြာခဏ အားလပ်ချိန်များ ပေးထားသေးသည်။ ရာသီဥတုကောင်းလျှင် အပြင်ထွက်ပြီး ကစားကြသည်။ ဆောင်းတွင်းမှာပင် နှင်းတောထဲထွက်ပြီး ကစားနေသူများတွေ့ရသည်။ စာသင်နေစဉ် ၁၅ မိနစ် သို့မဟုတ် မိနစ် ၂၀ ခန့်အနားပေးပြီး အစားအစာတစ်ခုခုကို စားခိုင်းခြင်း၊ ကစားခိုင်းခြင်း၊ လေကောင်းလေသန့်ထွက်ရှူခိုင်းခြင်းများကို လုပ်ခိုင်းတတ်သည်။ ကလေးများကို တွန့်လိမ်ခွင့်မပေး။ ပျင်းလာပြီထင်လျှင် ထွက်ကစားခိုင်းသည်။ ကလေးကို အချိန်အကြာကြီးထိုင်ခိုင်းထားခြင်းထက် ကစားပြီးတွေးခိုင်း၊ လှုပ်ရှားပြီး သင်ခန်းစာများကို ဖန်တီးတတ်စေရန် အလေးပေးထားသည်။

### ဆရာကို ရိုသေလေးစား

ဖင်လန်နိုင်ငံတွင် မူလတန်းဆရာအလုပ်သည် အလွန်ဂုဏ်ရှိသလို၊ မူလတန်းဆရာတစ်ဦး ပိုင်ဆိုင်ထားရသည့်ဘွဲ့များကလည်း အလွန်မြင့်ရသည်။ ဆရာအဖြစ် လျှောက်ထားသူအရေအတွက်၏ ၁၀ ရာခိုင်နှုန်းခန့်သာ လက်ခံလေ့ရှိသည်။ ဆရာတစ်ယောက်ဖြစ်ရန် အရည်အချင်း ဘွဲ့လက်မှတ်များအပြင် အင်တာဗျူးပေါင်းများစွာကိုလည်း ဖြတ်သန်းရသေးသည်။ ဆရာတစ်ဦးကို အမျိုးမျိုး လေ့လာသုံးသပ်ပြီးမှ ပညာရှင်များက မှတ်ချက်ပေးပြီး ခန့်ထားလေ့ရှိသည်။ ဆရာတစ်ဦးအတွက် အနည်းဆုံး ဘွဲ့မှာ Master Degree ဖြစ်သည်။ ထို့ပြင် ပညာရေးအတွက် အဆင့်ဆင့် ပိုမြင့်သောဘွဲ့များ၊ လက်မှတ်များရမှ အာမခံချက် ရှိနိုင်သည်။ ဖင်လန်တွင် ကျောင်းဆရာအလုပ်မှာ ဆရာဝန်နှင့် ရှေ့နေများထက် မြင့်မားသည်။




ဆရာအဖြစ်တာဝန်ထမ်းဆောင်မည့် သူတစ်ဦးသည် ပညာရေးဆိုင်ရာ ဘွဲ့လက်မှတ်များအပြင် ကျွမ်းကျင်မှုဆိုင်ရာ ဘွဲ့များရထားမှ မိဘများကလည်း အထင်ကြီးလေးစားကြသည်။ မိဘများက မိမိတို့သားသမီးများကို သင်ကြားသည့် ဆရာများကို အထူးစောင့်ကြည့်နေကြသည်။ ဆရာများကလည်း လွတ်လပ်စွာ တီထွင်ဖန်တီး သင်ကြားခွင့်အပြည့်ရှိသည်။ ဆရာများအပေါ် အထက်ကဖိစီးထားမှု၊ ချုပ်ကိုင်မှု၊ အာဏာပါဝါပြမှုများလုံးဝမရှိသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

### တစ်ဦးချင်း အရည်အသွေး အလေးပေး

ဖင်လန်နိုင်ငံ စာသင်ခန်းများသည် ကျောင်းသားဦးရေ အလွန်နည်းသည်။ မူလတန်းဆရာတစ်ဦးသည် သူ၏ကလေးကို တစ်ပါတည်း ၆ နှစ်ဆက်တိုက် သင်ကြားသွားရသည်။ ဆရာက ကလေးအကြောင်း ကောင်းကောင်းသိသည်။ သူတို့တစ်ဦးချင်းတွင် လေ့လာသင်ယူမှုပုံစံ မည်သို့ရှိကြောင်း ဆရာက ကောင်းစွာ နားလည်ထားပြီး ဖြစ်သည်။ ဉာဏ်ရည်အားနည်းသူများ စာမလိုက်နိုင်သည့် ကလေးများကို သီးခြားအချိန်ပေးပြီး ပြန်လည်သင်ကြားပေးသည်။

ဖင်လန်ပညာရေးစနစ်တွင် ကျောင်းသားများကို စိတ်ဖိစီးမှုမရှိစေရန် အလေးပေးသည်။ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ချက်ချနိုင်ခြင်း၊ ပိုင်းဖြတ်ဝေဖန်နိုင်ခြင်းတို့လုပ်ဆောင်နိုင်စေရန် ဆရာများက ကျောင်းသားများကိုအလေးပေး လေ့ကျင့်သင်ကြားပေးသည်။ သူတို့ကိုထိန်းချုပ်ပြီး အမိန့်ပေးစေခိုင်းခြင်းထက် လွတ်လပ်စွာဖော်ထုတ်နိုင်ခြင်းများကို ဦးစားပေးထားသည်။

ဖင်လန်နိုင်ငံပညာရေးစနစ်နှင့် ပတ်သက်ပြီး Smithsonian မဂ္ဂဇင်းတွင် -

“ဖင်လန်နိုင်ငံ ပညာရေးစနစ်တွင် ကျောင်းသားများကို မည်သို့လေ့လာရမည်ဆိုခြင်းကို လမ်းပြထားသည်။ မည်သို့စာမေးပွဲစစ်ဆေးမည်ဟုမပြော။ စာမေးပွဲကပြောမည့် ကလေး၏အကြောင်းထက် ဆရာများက ကလေးတွေအကြောင်း ကောင်းကောင်းသိသည့် စနစ်ဖြစ်သည်”ဟု ရေးသားထားသည်။ ■ **E01**

**(Ref : Three Lessons from Finland’s Education System, Zandre Campos)**

# စင်ကာပူကျောင်းများတွင် စိတ်ငြိမ်းချမ်းမှုဆောက်တည်ခြင်း




**စင်ကာပူ** နိုင်ငံ Westwood Primary School မူလတန်းကျောင်းတွင် ထူးခြားသော အလေ့အကျင့်တစ်ခုကို ဆောင်ရွက်ပေးနေကြောင်းတွေ့ရသည်။ ကျောင်းသား ကျောင်းသူများကို ကျောင်းမလွတ်မီ ကျောင်းစားသောက်တန်းတွင် ထိုင်ခိုင်းထားပြီး ငါးမိနစ် ခန့် အသက်ရှူ တရားထိုင်သည့် လေ့ကျင့်ခန်းများ လေ့ကျင့်ခိုင်းခြင်းဖြစ်သည်။ ဆရာမလေးတစ်ဦး အသံက လွင့်ပျံလာသည်။

“ငြိမ်ငြိမ်လေးထိုင်၊ မျက်လုံးတွေ ပိတ်ထား၊ အသက်ကို ရှူသွင်း၊ ရှူထုတ်၊ ဖြည်းဖြည်းလေးလုပ်” ဆိုသည့်အသံက စားသောက်ခန်း စပီကာများမှ ထွက်လာသည်။ ထိုလေ့ကျင့်ခန်းကို သူတို့ နှစ်မိနစ်ခန့် လုပ်ကြရသည်။

အချို့သောကလေးများသည် ကလေးပီပီ ဂနာမငြိမ်ဖြစ်နေသည်။ သူတို့မျက်လုံးလေးတွေကို ကြိုးစားမှိတ်ရင်းက စိတ်ကိုငြိမ်အောင်ထိန်းကာ ဆရာမ အသံအတိုင်း လိုက်လုပ်ရန် ကြိုးစားနေသူတွေရှိသလို၊ အချို့ကလည်း ဟိုကြည့် သည်ကြည့် လုပ်နေကြသည်။

အချို့သောကလေးတွေက မျက်လုံးတွေ မှိတ်ပြီး ကိုယ်ကို မတ်နိုင်သမျှမတ်အောင် ကြိုးစားထိုင်နေကြသည်။ သူတို့ တရားထိုင်သည့် သဘောတရားကို ရအောင် ရှုမှတ်နေကြခြင်းဖြစ်သည်။ အားလုံးကို အချိန်ပြည့်လျှင် လွှတ်ပေးလိုက်သည်။ ကလေးများ ပျော်ရွှင်စွာ ကျောင်းဆင်းသွားကြသည်။

စတုတ္ထတန်းအဆင့်မှ အသက် ၁၀ နှစ်အရွယ် ဆော်လမွန်လင်းဆိုသူ၏ ရုပ်သွင်မှာ တကယ့်ကိုတည်ငြိမ်လွန်းလှသည်။ သူက “အသက်ရှူသွင်း ရှူထုတ် လေ့ကျင့်ခန်းလုပ်ရတာ စိတ်ဖိစီးနေတာ ပျောက်သွားသလိုပဲ” ဟုဆိုသည်။

ယခုနှစ် ဇန်နဝါရီလကတည်းက Westwood မူလတန်းကျောင်းတွင် ကလေးများကို စိတ်လေ့ကျင့်ခန်းအနေနှင့် အသက်ရှူခြင်းကို စတင်မိတ်ဆက်ပေးမည်ဖြစ်ကြောင်း ကြေညာထားသည်။ ကျောင်းလွှတ်ချိန်တိုင်း အချိန် ငါးမိနစ်ပေးပြီး ကလေးများကို စုရုံးထိုင်ခိုင်းကာ နှစ်မိနစ်ခန့် တရားမှတ်သလို လုပ်ခိုင်းခြင်းမှာ ပညာရေးအတွက် အကောင်းမြင်စိတ်ဓာတ်များ ထွန်းကားလာစေရန်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လူတစ်ယောက်တွင် စိတ်ကိုပြင်ဆင်လေ့ကျင့်ခြင်းမှာ အလွန်အရေးကြီးသည်။ လက်ရှိအနေအထားကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ဆင်ခြင်နိုင်ခြင်းက အရေးကြီးသည်။ ပတ်ဝန်းကျင်ကို မည်သူ့လွှမ်းမိုးချုပ်ကိုင်မှုမှ မပါဘဲ မိမိတစ်ဦးတည်းက ထိန်းချုပ်နိုင်သည်ဆိုသည့် သဘောတရားဖြစ်အောင် လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်သည်။ အသက်ရှူ လေ့ကျင့်ခန်းသည် စိတ်ကိုမှတ်ခြင်းဖြစ်သည်။ စိတ်ကို တည်ငြိမ်စေရန် အားထုတ်ခြင်းဖြစ်သည်။ စိတ်ကိုတည်ငြိမ်အောင် ထိန်းနိုင်ပြီဆိုလျှင် ဖိစီးမှုအားလုံး လျော့ပါးသွားစေနိုင်သည်။ ထို့ကြောင့် နေ့စဉ်ဖြစ်ပေါ်လာနိုင်သည့် စိတ်ဖိစီးမှုများကို ကလေးများတွင် လျော့ပါးသက်သာစေရန် ထိုသို့လေ့ကျင့် ပြင်ဆင်ပေးခြင်းဖြစ်သည်။

Westwood မူတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး မစ္စဆိုဖီယာတန်က

“စိတ်ကို တည်ငြိမ်အောင်လုပ်ခြင်းဟာ ကလေးတွေရဲ့ အတွေးတွေ စိတ်ခံစားမှုတွေကို ပုံမှန်ပြန်ဖြစ်စေပါတယ်။ ဒီလိုလုပ်ဆောင်တာ ပုံမှန်လေးဖြစ်သွားရင် သူတို့အတွက် အကျိုးတရားတွေ အများကြီးရလာနိုင်ပါတယ်” ဟု ပြောကြားသည်။

စင်ကာပူနိုင်ငံတွင် လွန်ခဲ့သော ၂ နှစ်ခန့်ကတည်းက မူလတန်းနှင့် အလယ်တန်းကျောင်း ၁၀ ကျောင်းခန့်တွင် စိတ်လေ့ကျင့်ခန်းအတွက် လေ့ကျင့်ခြင်းများကို ထည့်သွင်းလာကြောင်းတွေ့ရသည်။ ဗြိတိန်နိုင်ငံတွင်လည်း ထိုသဘောတရားများကို ထည့်သွင်းပြီး ကျောင်းသားများကို တရားထိုင်၊ တရားမှတ်ခိုင်းခြင်းများ ပြုလုပ်လာ ကြကြောင်းတွေ့ရသည်။ ဗြိတိန်နိုင်ငံတွင် ၂၀၁၃ ခုနှစ်ကတည်းက ကျောင်းသားများအား စိတ်လေ့ကျင့်ခန်းများ၊ အသက်ရှူလေ့ကျင့်ခန်းများ လုပ်ဆောင်လာခဲ့ရာ စိတ်ဖိစီးမှုများနည်းပါးသွားခဲ့ကြောင်း British Journal of Psychiatry တွင် ရေးသားထားသည်။

ကျောင်းများတွင် စိတ်လေ့ကျင့်ခန်းများကို ထည့်သွင်းပေးခြင်းကြောင့် ကလေးများသည် စိတ်ဓာတ်ပိုပြီး ရင့်ကျက်လာခြင်း၊ ငြိမ်းချမ်းလာခြင်း၊ သတိရှိမှု၊ နိုးကြားတက်ကြွမှုများ ပိုကောင်းလာခြင်း စသည့် အကျိုးတရားများ ရရှိလာခဲ့ကြောင်း Westwood မူလတန်းကျောင်းမှ မိဘတစ်ဦးဖြစ်သူ အသက် ၄၈ နှစ်အရွယ်ရှိ ဂျိန်းဒီဗာကာကလည်း ထောက်ခံပြောကြားသည်။

သူမက မိမိကလေးများကိုကျောင်းတွင်သာမက အိမ်တွင်လည်း စိတ်အလေ့ကျင့်ကောင်းများရရှိစေရန် တရားထိုင်သည့်လေ့ကျင့်ခန်းများကို လုပ်ဆောင်ပေးကြောင်းပြောကြားသည်။

■ **E01**

**(Source: The Straita Times)**

# ဆရာများ၏ ရင်ဖွင့်သံ (မအောင်မရှိ)

နေဇာကျော်

'မအောင်မရှိ' အသုံးအနှုန်းကို ဆရာ၊ မိဘ၊ ကျောင်းသားအားလုံး နှစ်တိုင်းပြောနေမြဲ ကြားနေရမြဲဖြစ်သည်။ ယခုနှစ်တွင်လည်း ပထမတန်းမှ နဝမတန်းအထိ(စတုတ္ထတန်းနှင့် အဋ္ဌမတန်းမပါ)ကျောင်းသားများကို မအောင်မရှိ အတန်းတင်ပေးရန် ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူ အဆင့်ဆင့်က ပြောကြားထားကြောင်း အခြေခံဆရာအသိုင်းအဝိုင်းကြား ပြောဆိုနေကြသည်။ ယင်းစနစ်သည် နိုင်ငံအချို့တွင် ကျင့်သုံးနေသည့် Continuous Assessment Program ကို ကျင့်သုံးခြင်းဖြစ်သည်ဟု ဆရာအချို့ကဆိုကြသည်။ သို့သော်ယင်းစနစ်မှာ ကျောင်းသားအနည်းငယ်ကို ဆရာကိုယ်တိုင် အနီးကပ်ကြီးကြပ်သင်ကြားပြီး တစ်ဦးချင်း ဆွေးနွေးစေခြင်း၊ အုပ်စုလိုက်ဆွေးနွေးစေခြင်း၊ ကိုယ်တိုင်လုပ်ဆောင်စေခြင်းအပါအဝင် ကျောင်းသားများ၏ လစဉ်အကဲဖြတ်မှတ်တမ်း၊ ဘက်စုံအရည်အချင်းအကဲဖြတ်မှတ်တမ်းများကိုအခြေခံ၍ အတန်းတင်ပေးခြင်းဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတွင် ယင်းစနစ်အောင်အောင်မြင်မြင်မလုပ်ဆောင်နိုင်သေးချိန် မအောင်မရှိ အတန်းတင်ပေးရာတွင် ထိုစနစ်အသုံးပြုသည်ဟု ဆရာအချို့က ဆိုသည်။ အမှန်တကယ်ပင် မြန်မာ့ပညာရေး ဦးမော့လာစေနိုင်မည်လားဆိုသည်ကို ဆရာများ၏ သဘောထား၊ အကြံပြုချက်များစုစည်း၍ ယခုတစ်ပတ် ဆရာများ၏ ရင်ဖွင့်သံကဏ္ဍမှတစ်ဆင့် The Voice က ဖော်ပြလိုက်ပါသည်။

## "ဖြေနိုင်နိုင်၊ မဖြေနိုင်နိုင် နောက်တစ်တန်းတက်ရမယ်ဆိုတာ ကလေးတွေကလည်း သိပြီးသား"

### ဦးမြတ်သီဟထွန်း (မူလတန်းပြ၊ အမက ရွာသစ်စု(လေးအိမ်စု)၊ မအူပင်မြို့နယ်၊ ဧရာဝတီ တိုင်းဒေသကြီး)

ဒီနှစ်မှာလည်း တစ်တန်းကနေ ကိုးတန်းအထိ မအောင်မရှိအတန်းတင်ပေးရမယ်ဆိုတာမျိုး ညွှန်ကြားတာရှိပါတယ်။ အဲဒါလည်း အခုမှမဟုတ်ဘဲ တော်တော်ကြာပါပြီ။ ဒီနှစ်မှာလည်း ဆက်ပြီးရှိနေသေးတာပါ။ လေးတန်းနဲ့ ရှစ်တန်းတော့ မပါသေးဘူးပေါ့။ နောက်ထပ် ကျွန်တော်တို့ကြားတာက Confirm


MTH(FB)

တော့ မဖြစ်သေးဘူး။ အခု လေးတန်း ကလေးတွေကို တောင်မှ ရာနှုန်းပြည့်အောင်ချက်ပေးရမယ်ပြောနေတာ။ ဘယ်သူ က ပြောသလဲမေးရင် ပညာရေးဌာနမှာ ဘယ်သူကပြောသလဲ မေးမရဘူး။ အထက်ကပြောတယ်လို့ပြောကြတာပဲခင်ဗျာ။ ဌာနတွင်းမှာတော့ လေးတန်းကလေးတွေကို ရာနှုန်းပြည့်အအောင်ပေးရမယ်လို့ကြားနေပါတယ်။ အဲဒါ အမှန်ဆိုရင်တော့ မဟုတ်သေးဘူးလို့ပဲပြောရပါလိမ့်မယ်။

ကျွန်တော်ပြောလိုတာ မအောင်မရှိစနစ်က မှားနေတယ်လို့ ပြောချင်ပါတယ်။ စနစ်အမှားကြီးလို့ ပြောချင်ပါတယ်။ မြန်မာ့ပညာရေး နိမ့်ကျသွားရတဲ့ အကြောင်းအရင်းသည် အဲဒီမအောင်၊ မရှိစနစ်ကြောင့် အဓိကလို့ပြောလို့ရပါမယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကျောင်းတက်ခဲ့ကြတယ်။ မဖြေနိုင်တဲ့လူ၊ အရည်အချင်းမမီတဲ့လူ ကျကြတာထုံးစံပါပဲ။ ရာနှုန်းပြည့်အောင်မြင်မှုဆိုတာက နှစ်တိုင်းမရှိနိုင်ဘူးခင်ဗျ။ ကလေးတစ်ယောက်နဲ့တစ်ယောက်က လည်း ဉာဏ်ရည်မတူဘူး။ နောက်ခံအခြေအနေတွေက လည်း မတူကြဘူး။ ရာနှုန်းပြည့် အောင်ချက်ရရမယ်၊ အအောင်ပေးခိုင်းတဲ့ ကိစ္စက အဲဒါကြောင့် မြန်မာ့ပညာရေးပျက်တယ်လို့ပြောလို့ရပါလိမ့်မယ်။ အဓိက ကလေးအများစုကလည်း ဘယ်လိုအသိဝင်သွားလဲဆို သူတို့ဘယ်လိုပဲဖြစ်ဖြစ် လာမယ့်နှစ်မှာ နောက်တစ်တန်းတက်ရမှာပဲ။ ဒီကျောင်းစာကို သိပ်စိတ်မဝင်စားဘူး။ စာမေးပွဲလာဖြေ လိုက်တာနဲ့ ဖြေနိုင်နိုင်၊ မဖြေနိုင်နိုင် နောက်တစ်တန်းတက်ရမယ်ဆိုတာ ကလေးတွေကလည်း သိပြီးသား။

နောက်တစ်ချက်က မိဘတွေအနေနဲ့ကလည်း သာမန်မိဘပေါ့။ တကယ်ပညာတတ်တယ်၊ ဆင်ခြင်တုံတရားရှိတယ်၊ နားလည်တဲ့ မိဘက ဒီစနစ်ကို သဘောမကျဘူး။ တချို့မိဘကျတော့ တစ်နှစ်တစ်တန်း အောင်တယ်ဆိုရင် အဆင်ပြေတယ်ပေါ့ဗျာ။ ပညာရေး အားပေးရကောင်းမှန်းမသိတော့ဘူးပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် တစ်နှစ်တစ်တန်းအောင်နေမှာဆိုတော့ သိတော့ ပညာရေးကို ကောင်းသထက်ကောင်းအောင် အားပေးဖို့ စိတ်ဝင်စားမှုနည်းသွားတာပေါ့။

အဲဒါတွေက ပညာရေးဌာနက လူကြီးတွေ ပြောနေတဲ့ CAP System (Continuous Assessment Program) ပေါ့။ အတန်းစဉ်အလိုက် အတန်းတင်ပေးတဲ့စနစ်ပေါ့။ အဲဒီစနစ်က နိုင်ငံခြားမှာ ကျင့်သုံးတဲ့အခါ ကျောင်းသားနှစ်ဆယ်ကို ဆရာတစ်ဦး။ အဲဒီကျောင်းသားနှစ်ဆယ်ကိုမှ ဆရာက အနီးကပ်စိတ်ကြိုက်သင်တယ်။ သင်ပြီးတော့မှ ဒီကလေးတွေရဲ့အရည်အချင်း မှတ်တမ်းပေါင်းချုပ်ရေးရတယ်။ ပြီးတော့ လစဉ်အကဲဖြတ်မှတ်တမ်းရှိတယ်။ ကျောင်းလုပ်ငန်း ဆောင်ရွက်မှု မှတ်တမ်းရှိတယ်။ ကလေးတွေရဲ့ကိုယ်တိုင်အမြင်တွေ ရေးတာကို ဆရာကပြန်စစ်။ ကလေးတွေရဲ့ အရေးအသား၊ သဘော ထားအမြင် စတဲ့အရည်အသွေးကို ပြန်စစ်ဆေးရတာပေါ့။ အဲဒီလိုစနစ်တကျလုပ်ပြီးတော့မှ အတန်းတင်ပေးတဲ့စနစ်ပေါ့။ မြန်မာပြည်မှာ အဲဒီစနစ်ကို အဲဒီအတိုင်းမကျင့်သုံးဘဲနဲ့ ပီပီပြင်ပြင် မဖြစ်ဘဲနဲ့ စာမေးပွဲနဲ့ဖြတ်ချပြီးတော့မှ CAP System ဆိုပြီးတင်ပေးခိုင်းတာပါ။ ဒီစနစ်က အဲဒီလိုဆိုရင်တော့ အောင်မြင်မှာမဟုတ်ဘူး။ လိုအပ်တာလည်း မဖြည့်ပေးနိုင်ဘဲနဲ့ ဆက်ပြီးလုပ်နေတဲ့အခါ ဆိုးကျိုးက ကလေးတွေရော၊ ကျောင်းသားမိဘတွေရော ရင်ထဲမှာ တစ်နှစ်တစ်တန်းကျိန်းသေအောင်ပြီးသား ဆိုတဲ့ အသိဝင်သွားပြီး ပညာရေးအားပေးတာ၊ အလေးထားတာ တော်တော်ကိုအားနည်းသွားလိမ့်မယ်။ ■

## "မဖြေတဲ့သူက လွဲရင် အကုန်အောင်တယ်"

### ဦးဆန်းမျိုးအောင် (အထက်တန်းပြ၊ အထက(၇) ကလေးမြို့ စစ်ကိုင်းတိုင်းဒေသကြီး)

ဒီလိုမအောင်မရှိ အတန်းတင်ပေးရမယ်ဆိုတာမျိုးက ကျွန်တော်တို့ဘက်မှာလည်း ဟုတ်ပါတယ်။ ကိုးတန်းလည်း တစ်ယောက်မှအကျမရှိ၊ အအောင်ပေးရမယ်ဆိုတာ ဟုတ်ပါတယ်။ ဘုတ်အဖွဲ့ရဲ့ဆုံးဖြတ်ချက်အရတော့ အရင်ဆုံးက အောင်တဲ့သူတွေကို ဆွဲထုတ်တယ်။ ပြီးတော့ တစ်ဘာသာကျတဲ့သူတွေကို ဆွဲထုတ်တယ်။ နောက်ဆုံး ဆယ်မှတ်ရရင်တောင် အအောင်ပေးရတာမျိုးဖြစ်သွားတယ်။ ပြီးတော့ လုံးဝကို ဘာသာစုံကျနေတဲ့ ကျောင်းသားဆိုရင် ဘာလုပ်ရလဲဆိုရင် ပထမနှစ်ဝက်နဲ့ ဒုတိယနှစ်ဝက်ကို ပေါင်းတယ်။ ပျမ်းမျှရှာတယ်။ အဲဒါကို နှစ်နဲ့ပြန်စားတယ်။ စားပြီးတော့ ရလာတာကို ဘက်စုံအရည် အချင်းအကဲဖြတ်မှတ်တမ်း၊ လစဉ်အကဲဖြတ်မှတ်တမ်းကဟာတွေနဲ့ ပြန်ညှိတယ်။ နောက်ဆုံးပြောရရင် ကလေးတွေအကုန်လုံး အောင်စေချင်လို့ကို ဒါတွေပြန်ညှိခိုင်းတာပေါ့ခင်ဗျာ။ ဒါတွေပြန်ညှိတော့ ကလေးတွေက ဒီအမှတ်တွေနဲ့ပဲ အကုန်အောင်သွားကြတာပေါ့။ မအောင်တဲ့သူကို မရှိဘူး။ မဖြေတဲ့သူက လွဲရင် အကုန်အောင်တယ်။

အကျိုးအပြစ်ပြောရမယ်ဆိုရင် အရင်ဆုံး အကျိုးကိုပြောရင် အစိုးရလိုချင်နေတဲ့ ကလေးတွေ ကျောင်းထွက်တာမရှိရေးကတော့ ရသွားတာပေါ့။ နိုင်ငံတော်အစိုးရလိုချင်တဲ့ပုံစံက ဒီကလေးတစ်ယောက်က စာမေးပွဲကျလို့ ကျောင်းထွက်သွားရင် ပြင်ပက ကလေးလုပ်သွားတွေ ဖြစ်သွားလိမ့်မယ်။ ဒါဆိုတော့ ဒီကလေးကို အတန်းတင်ပေးလိုက်ရင် ကျောင်းမထွက်တော့ဘူး။ ဆယ်တန်းရောက်မှ ကျတယ်ဆိုရင်တောင်မှ ဒီကလေးက ဆယ်တန်းအထိ နေဖူးတယ်ဆိုတာ ဖြစ်သွားတာပေါ့။ နောက်ပြီးတော့ တစ်ဖက်က မိဘဘက်က ပြန်ကြည့်ရင်လည်း ကျွန်တော်တို့ ကျောင်းဆိုရင် ကလေးတွေက ချင်းတောင်ပေါ်ကနေ ဆင်းလာတဲ့ကလေးတွေများတယ်။ သူတို့ အများစုက စီးပွားရေးလည်း အခြေအနေ မကောင်းကြဘူး။ တစ်နှစ်တစ်နှစ် ဘော်ဒါဆောင်မှာ အပြတ်လာနေကြတာဆိုတော့ သူတို့အတွက် ကုန်ကျစရိတ်ကလည်း မိဘတွေအတွက်ကများတယ်။ ကျလို့ ပြန်နေရမယ်ဆိုရင် မိဘတွေကလည်း မထားနိုင်တော့ဘူး။ အဲဒီတော့ မိဘတွေကလည်း မကျစေချင်ဘူးပေါ့။ ကလေးတော့ အခြေခံမပါဘူး။ ဒါကတော့ အကျိုးအနေနဲ့ ကြည့်မယ်ဆိုရင် ကြည့်လို့ရတာပေါ့။

ဒါပေမဲ့ ပညာရေးရဲ့ဖြစ်စဉ်အရ ပြန်စဉ်းစားရင် ဆိုးကျိုးက ပိုများတယ်။ ကလေးတွေက အရည်အချင်းမရှိဘူး။ အောင်လာတယ်။ နောက်နှစ်ဆိုရင် ပိုဆိုးမှာ။ အခုက ကိုးတန်းကိုသောင်းပြောင်းရောထွေးအောင်လာပြီး ဆယ်တန်းရောက်တဲ့အချိန် ကလေးတွေကို ပြန်သင်ရတဲ့အခါ ခက်ပြီ။ ကျွန်တော်တို့ဘက်မှာ ဘယ်လိုရှိသလဲဆိုတော့ တော်တဲ့ကလေးအချို့က ကျောင်းမှာမနေကြတော့ဘူး။ တစ်နည်းအားဖြင့်


Photo by JM

ကျွန်တော်တို့ကျောင်းပတ်ဝန်းကျင်မှာ ဘော်ဒါကောင်းကောင်းမရှိဘူး။ မရှိတော့ ကောင်းတဲ့ဆီကို သွားတက်တယ်။ ဆိုတော့ ဘော်ဒါကောင်းတာက လည်း ကျွန်တော်တို့ဘက်မှာ သိပ်မရှိဘူး။ အဲဒီတော့ တော်တဲ့ကလေးအချို့က ထွက်သွားတယ်။ ညံ့တဲ့ ကလေးအချို့ ပိုက်ဆံမတတ်နိုင်လို့ မပြောင်းနိုင်တဲ့ကလေးအချို့ကျန်ခဲ့တယ်။ ဆိုတော့ ဒီကလေးတွေ ပြန်သင်တဲ့အခါ ဆယ်တန်းအောင်ချက်ကျတော့ တော်တော်ဒုက္ခရောက်တယ်။ 'is' ဘာလဲဆိုတာ မသိတာက အစပါတယ်။ အဲဒါကို သင်ပေးတယ်။ ပြန်မေးတယ်။ မမှတ်ထားဘူး။ ပြန်သင်ပေးရပြန်တယ်။ အဲဒီလိုဖြစ်နေတယ်။ အဲဒီတော့ ကျွန်တော်တို့ သင်ရတာ တော်တော်ဒုက္ခရောက်တယ်။ ဒီကလေးက ဆယ်တန်းအောင်ဖို့လည်း တော်တော်ခက်သွားပြီ။

တစ်နည်းအားဖြင့် ဆယ်တန်းမှာ စာရဲ့ဖိအားကို ခံနိုင်ဖို့ ဦးနှောက်က မမီတော့ဘူး။ အခြေခံမပါဘဲ တက်လာတယ်။ ပေါ့ပေါ့ပါးပါး တက်လာတယ်။ ဆယ်တန်းရောက်တဲ့ အချိန် အကုန်ကျက်ရတာ ဆိုတော့ ခြောက်ဘာသာရဲ့ဖိအားကို မခံနိုင်တော့ဘူး။ ဆိုတော့ ကလေးက စိတ်ထွက်ပေါက်ရှာတယ်။ ရှာပြီး မှားကုန်တာမျိုးဖြစ်သွားကြတယ်။ ■

# ကမ္ဘာကြီးထဲက ရွာလေးတစ်ရွာသို့ရောက်ခဲ့သူ




ချန်ဒေါ်လီရွာသည် အိန္ဒိယနိုင်ငံရှိ အလွန်သေးငယ်သော ရွာလေးတစ်ရွာဖြစ်ပြီး နယူးဒေလီမြို့မှ အနောက် တောင်ဘက်သို့ လေးနာရီအကြာ ကားမောင်းသွားလျှင် ရောက်ရှိနိုင်သည့် ရွာလေးဖြစ်သည်။ အိန္ဒိယ နိုင်ငံကြီးသည် အလွန်ကြီးကျယ်ပြီး ချန်ဒေါ်လီရွာလို ရွာငယ်လေးပေါင်းများစွာ ရှိနေပါသည်။

ရွာထဲက လမ်းတွေက ကျဉ်းမြောင်းပြီး ဖုန်ထူလွန်းလှသည်။ ပလက်ဖောင်းလည်းမရှိ။ ရွာထဲတွင် နေထိုင်ကြသည့် အများစုမှာ ဆင်းရဲကြသည်။ အိမ်တွေက ကွန်ကရစ်ကျောက်များဖြင့် ဆောက်လုပ်ထားကြသည်။ နေ့ခင်းနေက ပူလွန်းလှပြီး တစ်ရွာလုံး တိတ်ဆိတ်နေသည်။ ဆိတ်တွေလည်း တွေ့ရသည်။ ကမ္ဘာကမည်သို့မှ အာရုံမထားနိုင်သည့် ထိုရွာကလေးတွင် ယနေ့ အလွန်ထူးခြားသော ကိစ္စတစ်ခုဖြစ်လာပေလိမ့်မည်။ ကမ္ဘာ့ထိပ်တန်း အချမ်းသာဆုံး စာရင်းဝင်၊ Facebook ဆိုသည့် ဆိုရှယ်မီဒီယာကြီးကို ထူထောင်ထားသူ မာ့ခ် ဇပ်ကာဘတ် ယနေ့ချန်ဒေါ်လီရွာကို ရောက်လာမည်။

သာမန်သိထားကြသည်က ဇပ်ကာဘတ် ဤရွာကိုရောက်လာမည်၊ ကွန်ပျူတာဌာနတစ်ခုတည်ဆောက်ထားသည်ကို လာကြည့်မည်လောက်သာဖြစ်သည်။

သူ့ကို ၂၀၁၀ ပြည့်နှစ်က Time မဂ္ဂဇင်းကြီး Person of the Year အဖြစ် မျက်နှာဖုံးတွင် ဖော်ပြခဲ့သည်။ သူသည် Facebook ဆိုသည့် ဆိုရှယ်ကွန်ရက်ကြီးတစ်ခု၏ ဥက္ကဋ္ဌ၊ စီအီးအိုနှင့် ထူထောင်သူတစ်ဦးဖြစ်ပြီး ယခုဆိုလျှင် အသက် ၃၀ ကျော်အရွယ် လူငယ်လေးတစ်ဦးသာဖြစ်သည်။ ယခုအခါ ဆီလီကွန်တောင်ကြားလို နေရာတွင် သူ့ကုမ္ပဏီကို အခြေစိုက်ထားနိုင်ပြီး အအောင်မြင်ဆုံး ကမ္ဘာသိပုဂ္ဂိုလ်ဘဝကို သူရောက်ခဲ့ရပြီ။

တက္ကသိုလ် အဆောင်တစ်ခုတွင် အစပြုလိုက်သည့် Facebook သည် ယခုအခါ တစ်ကမ္ဘာလုံးကို ဝန်ဆောင်မှု ပေးနေရသည့် လုပ်ငန်းဌာနကြီးတစ်ခုဖြစ်လာပြီး ဝန်ထမ်းပေါင်း ၈၀၀၀ နှင့် သုံးစွဲသူပေါင်း ၁ ဒသမ ၃ ဘီလီယံခန့်အထိ တိုးတက်များပြားနေသော ဆိုရှယ်ကွန်ရက်ကြီးတစ်ခုဖြစ်လာသည်။ ယမန်နှစ်ကအထိ ကြော်ငြာက ရသည့် ဝင်ငွေပေါင်းမှာ ဒေါ်လာ ၇ ဒသမ ၈၇ ဘီလီယံဖြစ်သည်။ သူက တရုတ်နှင့်အပြိုင် လူဦးရေများပြား သည့် နေရာတစ်ခုသို့ ဈေးကွက်ချဲ့ထွင်ရန် ပြင်ဆင်နေသည်။

အသက် ၃၃ နှစ်သားအရွယ် ဇပ်ကာဘတ်တစ်ယောက် သူ့အရွယ်နှင့် သူ့ချမ်းသာမှုမှာ အံ့မခန်းဖြစ်သည်။ သို့သော် သူ့ကိုကြည့်လိုက်လျှင် သာမန်ပညာတတ်တစ်ဦးမဟုတ်သည့် ကိန်းကြီးခန်းကြီးမနိုင်သော လူငယ်လေးတစ်ဦး အသွင်ဖြင့်သာ တွေ့မြင်ရမည်ဖြစ်သည်။ မီးခိုးရောင် တီရှပ်လေးကို ဝတ်လာသည်။ ယနေ့ ချန်ဒေါ်လီ ရွာလေးတွင် အလွန်ပူလွန်းလှသည် မဟုတ်ပါလား။ သူက ချန်ဒေါ်လီရွာသားတွေကို စကားပြောသည်။ အထက်တန်းကျောင်းသားလေးတစ် ယောက်က အလွတ်ကျက်လာသည့်စာများကိုပြောနေသလိုပင်။

သူယနေ့ ချန်ဒေါ်လီကို ရောက်လာရသည့် အကြောင်းရင်းမှာ လူတိုင်းအင်တာနက်သုံးစွဲနိုင်ရေး ဖြစ်သည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံအတွင်းရှိ အလွန်သေးငယ်သော ချန်ဒေါ်လီကဲ့သို့ ရွာလေးပေါင်းများစွာတွင် နေထိုင်ကြရသူများ အနေနှင့် အင်တာနက်သုံးစွဲနိုင်ရေးကို သူကလာပြီး စည်းရုံးလှုံ့ဆော်နေခြင်းဖြစ်သည်။ Facebook ၏ COO တစ်ဦးဖြစ်သူ ရှရိုင်းဆင်းဘတ်က လာမည့်ဆယ်နှစ်အတွင်း လူတိုင်းအင်တာနက် အသုံးပြုနိုင်ရေးကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောသည်။

ယခုအခါ ကမ္ဘာ့လူဦးရေ ၇ ဒသမ ၄၉ ဘီလီယံခန့် ရှိနေပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် အင်တာနက်သုံးစွဲသူပေါင်း ၂ ဒသမ ၉ ဘီလီယံခန့်ရှိသည်။ အွန်လိုင်းပေါ်တွင် အင်တာနက်ဖြင့် အပေးအယူလုပ်နေသူပေါင်း သန်းရာချီပြီးရှိသည်။ အင်တာနက် အသုံးမပြုသေးသူပေါင်း ၄ ဒသမ ၃ ဘီလီယံကျော်ရှိနေသေးသည်။ ထိုသူများကို အွန်လိုင်းပေါ် ချိတ်ဆက်မိနိုင်ရန် အရေးကြီးသည်။

လူတိုင်း အင်တာနက်သုံးစွဲနိုင်ရေးသည် အလွန်တန်ဖိုးကြီးစွာ ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။ ဒေါ်လာဘီလီယံနှင့် ချီပြီး ရင်းနှီးမြှုပ်နှံရမည်။ ဇပ်ကာဘတ်တစ်ယောက် ယမန်နှစ်ကတည်းက လူတိုင်းအတွက် အင်တာနက်စီမံချက်ကို ဝိုင်းဝန်းအကောင်အထည်ဖော်ပေးရန် နည်းပညာကုမ္ပဏီများထံ အကူအညီတောင်းထားသည်။ သူ ထူထောင်ထားသည့် Internet.org အဖွဲ့အစည်းထဲကို Ericsson, Qualcomm, Nokia, Samsung တို့ ဝင်ရောက် ပူးပေါင်းလာကြသည်။ ထိုအဖွဲ့သည် ကမ္ဘာ့ NGO အဖွဲ့အစည်းကြီးတစ်ခုဖြစ်ပြီး၊ နိုင်ငံဒေသ အသီးသီးမှ အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းဖွင့်ပေးထားသည်။ သူတို့ဦးတည်ချက်မှာ ကမ္ဘာ့အင်တာနက်မသုံးနိုင်သေးသော လူဦးရေ သုံးပုံနှစ်ပုံခန့်ကို အင်တာနက်အသုံးပြုလာနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်ဖြစ်သည်။

Internet.org သည် ဆာဟာရ သဲကန္တာရတွင် အခြေစိုက်ထားပြီး Wi-fi ကို အခမဲ့ရရှိ သုံးစွဲနိုင်ရန် ဆောင်ရွက် ပေးမည်ဖြစ်သည်။ Ericsson နှင့် NASA တို့မှ မြေပုံနှင့် ဒေတာများကို အသုံးပြုပြီး လူတိုင်း အင်တာနက် အသုံးပြုရေးကို ဆောင်ရွက်နေကြသည်။ ယခုအခါ ကမ္ဘာ့လူဦးရေ၏ ၈၅ ရာခိုင်နှုန်းခန့်ကို အင်တာနက် အသုံးပြုခွင့်ရရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသော်လည်း လူတိုင်း အင်တာနက်အသုံးပြု နေကြသည်တော့ မဟုတ်ပေ။

Facebook ကလည်း ဆာဟာရ သဲကန္တာရအတွင်း ဒရုန်းယာဉ်များ၊ ဂြိုဟ်တုများ၊ လေဆာစနစ်များ အသုံးပြုပြီး Wi-fi အင်တာနက်ကို ကျန် ၁၅ ရာခိုင်နှုန်းအတွက် ကြိုးစားလုပ်ဆောင်နေသည် ဟုဆိုသည်။ လူတိုင်း အင်တာနက်သုံးစွဲနိုင်ရေးအတွက် လုပ်ပေးနေပါလျက် မသုံးစွဲနိုင်ကြသေးခြင်းမှာ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံများကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် ဖုန်းဝယ်မသုံးနိုင်သူများ၊ အင်တာနက် အသုံးပြုရန် အခမပေးနိုင်သူတွေ များစွာ ရှိနေသေးသည်။ အထူးသဖြင့် အင်တာနက်အကြောင်း ကောင်းကောင်း မသိသူတွေလည်းပါသည်။ ထို့ပြင် အင်တာနက်အကျိုးရှိပုံကိုလည်းမသိ၊ သုံးရကောင်းမှန်း လည်းမသိ၊ ဘာမှန်းမသိသူတွေကလည်း များနေသေးသည်။ နေ့စဉ်ဘဝတွင် အင်တာနက်မသုံးသဖြင့် ဘာမှ မဖြစ်နိုင်သူများအဖို့ အင်တာနက်သည် သူတို့ဘဝများအတွက် အရေးမပါ၊ အရာမရောက်ဖြစ်နေမည်သာ။

ဇပ်ကာဘတ်သည် စိတ်ပညာဖြင့် တက္ကသိုလ်တက်ခဲ့သူဖြစ်သည်။ သူက လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ ပြဿနာများကို နည်းပညာဖြင့် ကျော်လွှားနိုင်ရန် ကြိုးပမ်းနေသည်။ သူက အင်တာနက်သုံးစွဲရ ကောင်းမှန်း မသိသေးသူများအတွက် အဖြေများကိုလည်း တွက်ဆပြီးဖြစ်သည်။ အင်တာနက်သုံးရကောင်းမှန်း မသိသူများကို အင်တာနက်အကြောင်းသွားပြီး ပြောလျှင် သူက ဘာကြောင့် အင်တာနက်သုံးရမည်နည်းဟု ပြန်မေးမည်သာဖြစ်သည်။ သူတို့ကို လက်တွေ့သုံးမပြဘဲ၊ သုံးနိုင်စေရန် မဆောင်ရွက်နိုင်ဘဲ အင်တာနက် ကောင်းကြောင်း ပြောနေလျှင် အကျိုးရှိနိုင်မည် မဟုတ်ပေ။

အင်တာနက်အသုံးပြုရန်အတွက် ဆက်သွယ်ရေးလမ်းကြောင်း၊ ဘာသာစကား၊ မြန်ဆန်သည့် ဆော့ဖ်ဝဲ အားလုံး အဆင်သင့်ဖြစ်နေရန်လိုသည်။ ဒေသခံ ဆဲလ်ဖုန်းဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီများအနေနှင့်လည်း ဆော့ဖ်ဝဲများ သုံးနိုင်ရေး အတွက် အခမဲ့ အကျိုးဆောင်ပေးနေရန် လိုအပ်သည်။ အထူးသဖြင့် ဒေတာများ သုံးစွဲခအတွက် အခကြေးငွေ မဖြတ်သည့် ဝန်ဆောင်မှုဆိုလျှင် သုံးစွဲသူများ စိတ်ဝင်စားလာနိုင်သည်။

Internet.org အဖွဲ့သည် ယမန်နှစ် ဇူလိုင်လက ဇန်ဘီယာ၊ အောက်တိုဘာလက တန်ဇန်းနီးယားနိုင်ငံများတွင် ဆော့ဖ်ဝဲများ အခမဲ့ အသုံးပြုခွင့်ရရေး အတွက် လမ်းဖွင့်ပေးလိုက်သည်။ အထူးသဖြင့် AccuWeather, Wikipedia, Google Search တို့ဖြစ်သည်။ အမျိုးသမီး အခွင့်အရေးနှင့် အမျိုးသမီးများ ကျန်းမာရေးအတွက် အထူးစီစဉ်ဆောင်ရွက်ပေးနေသည့် Mobile Alliance မှ တင်ဆက်ပေးနေသော Maternal Action ပရိုဂရမ် များကို အခမဲ့ရယူသုံးစွဲနိုင်ရန် စီစဉ်ပေးထားသည်။ ထို့ပြင် အလုပ်အကိုင် အခွင့်အလမ်းအတွက် Website များကိုလည်း အခမဲ့ရှာဖွေကြည့်နိုင်ကြပြီဖြစ်သည်။ သူတို့ Facebook ကိုလည်း အခမဲ့ သုံးစွဲခွင့် ရရှိနိုင်ကြသည်။

ဇပ်ကာဘတ်သည် ပညာရေးကို အလွန်စိတ်ဝင်စားသူဖြစ်သည်။ ထို့ကြောင့်လည်း ပညာရေးနှင့် ပတ်သက်ပြီး လှူဒါန်းမှုများကို လုပ်ဆောင်လေ့ရှိသည်။ သူက ယခုနှစ် အစောပိုင်းတွင် အမေရိကန်ပြည်ထောင်စု Bay Area ဒေသရှိကျောင်းများအတွက် ဒေါ်လာ သန်း ၁၂၀ ကို သူ့ဇနီးဖြစ်သူနှင့်အတူ လှူဒါန်းခဲ့သည်။ ယခု သူရောက်နေသည့် ချန်ဒေါ်လီရွာက ကျောင်းတစ်ကျောင်း၏ မြင်ကွင်းနှင့် သူလှူဒါန်းခဲ့ဖူးသည့် ကျောင်းများ၏ မြင်ကွင်းက ကွာခြားလွန်းလှသည်။ သူက -

**ကျော်ဗလ**

"ကျောင်းသား ၄၀ လောက် ကြမ်းပြင်ပေါ်မှာ ဒီအတိုင်း ထိုင်နေကြတယ်။ သူတို့မှာ လျှပ်စစ်မီးလည်း မရှိဘူး။ တစ်ရွာလုံးမှာတောင် အိမ်သာတစ်လုံး မရှိဘူး" ဟုဆိုသည်။

ထိုသို့သော ရွာတွင် ဇပ်ကာဘတ်က ကွန်ပျူတာစင်တာကို လာရောက်ထူထောင်ပေးနေခြင်းဖြစ်သည်။ သူလာဆောက်ပေးထားသည့် ကွန်ပျူတာဆောင်လေးက ကျယ်ကျယ်ဝန်းဝန်းရှိသည်။ လေဝင်လေထွက် ကောင်းပြီး လေဆာပရင်တာတစ်လုံးလည်း ရှိသည်။ မိတ္တူကူးစက်တစ်လုံးလည်း ထားပေးထားသည်။ ကွန်ပျူတာတွေကတော့ Laptop အမျိုးအစား ၁၂ လုံးခန့်ထားပေးထားသည်။ ကျောင်းသားတွေက ကွန်ပျူတာ တစ်လုံးတွင် တစ်ဦးစီထိုင်နေကြသည်။ ထုံးစံအတိုင်း ဇပ်ကာဘတ်လာချိန်တွင် မီးပြတ်နေသည်။ ဒါကလည်း ချန်ဒေါ်လီရွာတွင် ဖြစ်ရိုးဖြစ်စဉ်သာ။ မိုင်ပေါင်း ၇၅၀၀ အကွာက မျှော်လင့်ချက်ကြီးစွာဖြင့် ရောက်လာသည့် ဇပ်ကာဘတ်တစ်ယောက် သူကိုယ်တိုင် အင်တာနက်ကို ချိတ်ဆက်ပြီး သုံးကြည့်သည်။ အင်တာနက်က လုံးဝမရ။

ချန်ဒေါ်လီကိုရောက်လာသည့် ဇပ်ကာဘတ်တစ်ယောက် ကျောင်းရှိ ကလေးများနှင့် စကားပြန်ကတစ်ဆင့် စကားပြောကြည့်သည်။ သူက လူမှုရေးအားနည်းသည်ဆိုစေ ဟာသလေးတွေထုတ်တော့လည်း ဘာသာပြန်နှင့် အဆင်မပြေ ဖြစ်နေရသည်။ ကလေးတွေက သူ့ကို သူတို့ရိုးရာ ကြိုးတစ်ချောင်းတပ် တူရိယာဖြင့် ဖျော်ဖြေသည်။ ထို့နောက် ကမ္ဘာ့ထိပ်တန်း ၁၀ ဦး စာရင်းဝင် သူဌေးလေး ဇပ်ကာဘတ်နှင့် ကျောင်းသားများ ဓာတ်ပုံတွေ တွဲရိုက်ကြသည်။ ဇပ်ကာဘတ်ကို ရဟတ်ယာဉ်တစ်စီးက နယူးဒေလီကို ပြန်ခေါ်သွားသည်။ နယူးဒေလီတွင် သူသည် ဝန်ကြီးချုပ် နာရန်ဒရာ မိုဒီနှင့် တွေ့ဆုံရဦးမည်ဖြစ်သည်။ လွတ်လပ်ပေါ့ပါးစွာ တီရှပ် လေးတစ်ထည်ဖြင့် ဖုန်ထူသော ရွာထဲကို လှည့်လည်ခဲ့ရသော ဇပ်ကာဘတ်တစ်ယောက် အဝတ်အစား လဲရပေဦးတော့မည်။

သူကမ္ဘာပတ်ဦးမည်။ အင်တာနက်ရရေးဆိုသည်ထက် သူ့ Facebook ကို လူတိုင်းသုံးစွဲနိုင်ရေးကို သူလိုက်လံပြီး စည်းရုံးလှုံ့ဆော်နေဦးမည်သာဖြစ်သည်။ သို့သော် ဒစ်ဂျစ်တယ်ကွာဟမှု၊ ဒစ်ဂျစ်တယ် ခြိမ်းခြောက်မှုတွေက မဖွံ့ဖြိုးသည့် ဒေသများတွင် ရှိနေသေးသည်။ သူက အင်တာနက်အရေးကြီးကြောင်း နားလည်အောင် လုပ်ရမည်။ သူ့ဘက်က နည်းပညာအထောက်အကူတွေပေးမည်ဟု တဖွဖွပြောသည်။

သို့သော် အိန္ဒိယတွင် ပြဿနာတွေက အများကြီးရှိနေသည်။ အင်တာနက်ရရေးထက် လျှပ်စစ်မီးရရေးက ပိုအရေးကြီးနေသည်။ Facebook အသုံးပြုနိုင်ရေးထက် Facebook ကို အသုံးပြုရမည့် ဖုန်းများကို လျှပ်စစ်အား မည်သည့်နေရာတွင် သွင်းပေးရမည်နည်းဆိုခြင်းက ပိုပြီးအရေးကြီးနေသည်။

သူဌေးလေးက Facebook ကို အလကားပေးသုံးသည့်တိုင် အိန္ဒိယနိုင်ငံတွင် ဖုန်းကိုင်နိုင်ရေး၊ ကွန်ပျူတာ အသုံးပြုနိုင်ရေး၊ စွမ်းအင်ရရှိရေးတို့မှာ အလှမ်းဝေးနေသေးသည်။

■ **(Ref : Inside Facebook's Plan to Wire the World, Lev Grossman)**

# ထိုင်းအစားအသောက်ဆိုင် ဖွင့်မယ့် ဥက္ကာမင်းမောင်

**ရန်ကုန်၊ မတ် ၂၉**


ဓာတ်ပုံ-သန့်ဇင်ဦး

သရုပ်ဆောင် ဥက္ကာမင်းမောင်က ရန်ကုန်မြို့ သာကေတမြို့နယ်မှာ Mercury လို့အမည်ရတဲ့ ထိုင်းအစားအသောက်ဆိုင်ကို မကြာမီ ဖွင့်လှစ်သွားတော့မှာဖြစ်ကြောင်း The Voice ကို ပြောကြားပါတယ်။

"ကျွန်တော်တို့မိသားစုက မွေးကတည်းက စားသောက်ဆိုင်လုပ်ငန်း လုပ်လာတာပါ။ အမေရိကမှာလည်း စားသောက်ဆိုင်လုပ်ငန်း လုပ်တာပဲ။ ကျွန်တော်က အစားအသောက် ချက်ပြုတ်ရတာ ဝါသနာလည်းပါတယ်။ ဒီဆိုင်မှာက ကွေ့တယိုနဲ့ ယိုးဒယားသင်္ဘောသီးထောင်းအပါအဝင်၊ တခြားအစားအစာလေးတွေလည်း ရပါတယ်" လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ယင်းဆိုင်မှာတော့ အစားအသောက်တွေကို အခြေခံလူတန်းစားအများစု လာရောက်စားသောက်နိုင်အောင် ဈေးနှုန်းကို သက်သက်သာသာနဲ့ ဖြစ်အောင် စီစဉ်ပေးထားပေမယ့်၊ အရသာပိုင်းမှာလည်း စိတ်ကျေနပ်မှုရအောင် ကြိုးစားသွားမှာဖြစ်ကြောင်း သရုပ်ဆောင် ဥက္ကာမင်းမောင်က ဆိုပါတယ်။

"ကျွန်တော်က အမေရိကကို ခဏပြန်ရဦးမယ်။ ဆိုင်ကိုတော့ ကျွန်တော့်အမေနဲ့ မန်နေဂျာနဲ့ပဲ လွှဲထားရမှာပေါ့။ မြန်မာနိုင်ငံကိုတော့ စက်တင်ဘာလလောက်မှ ပြန်ရောက်မယ်။ ဒီကြားထဲမှာတော့ ကျွန်တော် Winner ရထားတဲ့ Mister Tourism World Organization အတွက် လန်ဒန်တို့၊ စပိန်တို့ကို သွားပြီး တာဝန်တွေ ထမ်းဆောင်ပေးရဦးမယ်" လို့ ၎င်းက ပြောကြားပါတယ်။

မကြာသေးခင်ကတော့ ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်) ရိုက်ကူးတဲ့ ဝက်ဝက်ကွဲအောင်ပွင့် ရုပ်ရှင်မှာ သရုပ်ဆောင် ရန်အောင်၊ ထွန်းလွင်အောင်၊ ဝတ်မှုံရွှေရည်တို့နဲ့ တွဲဖက်သရုပ်ဆောင်ထားပြီး နှစ်ကုန်ပိုင်းမှာတော့ ရုပ်ရှင်ကားကြီးတစ်ကားရိုက်ဖို့ လက်ခံထားကြောင်း ဥက္ကာမင်းမောင်က ပြောကြားပါတယ်။ ■


ဓာတ်ပုံ-သန့်ဇင်ဦး

# Galaxy Star 2017

## ပြိုင်ပွဲဝင်တွေကို ပရိသတ်တွေက ဖေးဖေးမမနဲ့ အားပေးစေချင်တယ်ဆိုတဲ့ ဖြူဖြူကျော်သိန်း

**ရန်ကုန်၊ မတ် ၂၉**

MRTV4 ရုပ်သံလိုင်းမှာ ဧပြီလ ၇ ရက်နေ့ ကနေ စတင်ထုတ်လွှင့်ပြသတော့မယ့် Galaxy Star 2017 သီချင်းဆိုပြိုင်ပွဲမှာ ယှဉ်ပြိုင်ကြမယ့် ပြိုင်ပွဲဝင်တွေကို ပရိသတ်တွေက ဖေးဖေးမမနဲ့ အားပေး စေချင်ပါတယ်လို့ ယင်းပြိုင်ပွဲမှာ အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ပေးမယ့် တေးသံရှင် ဖြူဖြူ ကျော်သိန်းက The Voice ကို ပြောကြားပါတယ်။

"ပြိုင်ပွဲဝင်တွေအားလုံးဟာ လူမျိုး၊ ဘာသာ၊ အသားအရောင်၊ အသွင်သဏ္ဍာန်၊ ပုံစံ၊ ယဉ်ကျေးမှု၊ မိသားစုနောက်ခံအခြေအနေ၊ ပညာအရည်အချင်း ဘာတစ်ခုမှ မတူကြဘူး။ သို့သော်လည်း သူတို့အားလုံးမှာ အောင်မြင်တဲ့ အဆိုတော်တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ကလေးကတော့ တူကြပါတယ်။ သူတို့ရဲ့စိတ်အားထက်သန်မှုက စိတ်လှုပ်ရှားစရာကောင်းပါတယ်" လို့၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ကိုယ်တိုင်က ကမ္ဘာကျော် အနုပညာရှင်တစ်ယောက် မဖြစ်ဖူးပေမယ့် မြန်မာနိုင်ငံကနေပြီး ကမ္ဘာနဲ့ ရင်ဘောင်တန်းနိုင်တဲ့ ဂီတအနုပညာရှင်တစ်ယောက် ထွက်ပေါ်လာဖို့အတွက် တတ်နိုင်သမျှ ပံ့ပိုးကူညီပေးသွားမှာဖြစ်ပြီး ပရိသတ်တွေကလည်း ပြိုင်ပွဲဝင်လေးတွေကို ချစ်ခင်မှု၊ ကြင်နာမှု၊ စိတ်အားထက်သန်မှုတွေနဲ့ အားပေးပြီး လိုအပ်ချက်တွေကို အကြံပြုပေးစေလို ကြောင်း ဖြူဖြူကျော်သိန်းက ဆိုပါတယ်။

"လူတိုင်းက ကိုယ်လုပ်ရမယ့်အလုပ်ကို Professional စိတ်ထားပြီး အရိုးသားဆုံးနဲ့ အကြိုးစားဆုံး လုပ်လို့ ရှိရင် ပြီးတာပဲ။ ကျန်တာတွေကို သိပ်ပြီး ဂရုစိုက်ဖို့ မလိုပါဘူး။ ကိုယ့်ဘက်က ရိုးသားဖို့၊ မှန်ကန် ဖို့၊ ကြိုးစားဖို့က သာ အဓိကပါပဲ။ ဖြူဖြူ အမြဲတမ်း အဲ့ဒီစိတ်တစ်ခုပဲ ထားပါတယ်။ ပြိုင်ပွဲဝင်တွေကိုလည်း ကိုယ့်အတွေ့အကြုံတွေကို မခြွင်းမချန်ဘဲ မျှဝေပေး သွားမှာပါ" လို့ အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်မှုအတွက် ကြုံတွေ့လာရနိုင်တဲ့ ဝေဖန်မှုတွေနဲ့ ပတ်သက် ပြီး ၎င်းက ဖွင့်ဟပါတယ်။ ■



# အခွေအသစ်ကို အာရုံစိုက်နိုင်ရန်အတွက် မြောက်အမေရိက ဖျော်ဖြေရေးခရီးစဉ် အဲရိုစမစ် ရွှေ့ဆိုင်း

နောက်ဆုံး တေးအယ်ဘမ်ကို အသံသွင်းနေရာမှာ အာရုံစိုက်နိုင်ဖို့အတွက် မြောက်အမေရိက ဖျော်ဖြေပွဲစဉ်ကို နောက်ဆုတ်လိုက်သူကတော့ ရော့ခ်တေးသံရှင်ကြီး အယ်ရိုစမစ် ဖြစ်ပါတယ်။

ဆောင်းဦးပေါက်မှာ စတင်ဖြစ်မယ်လို့ ယူဆရတဲ့ လှည့်လည်ဖျော်ဖြေပွဲကတော့ နောက်ကို ဆုတ်သွားခဲ့ပါပြီ။

"အလုပ်တစ်ခုပြီးသွားအောင်လို့ အချိန်ပေးမယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ထားခဲ့ပါတယ်" ဟု အဆိုပါ တီးဝိုင်းမှ ဂစ်တာသမားက ပြောကြားပါတယ်။

မြောက်အမေရိကလှည့်လည်ဖျော်ဖြေပွဲကို အဲရိုစမစ်အဖွဲ့ရဲ့နောက်ဆုံး စတိတ်ရှိုးများလို့ ခန့်မှန်းကြပေမယ့် ဘယ်တော့မှ ပြီးမှာ မဟုတ်ဘူးလို့ သက်ဆိုင်သူများက ပြောကြားကြပါတယ်။

သွားစရာနေရာတွေက အမြဲအသစ်တွေရှိနေဦးမှာ ဖြစ်ပါတယ်လို့ အဲရိုစမစ်အဖွဲ့က ပယ်ရီက ပြောကြားပါတယ်။

"တရုတ်နဲ့ အရှေ့ဖျားဒေသတွေကို သွားချင်ပါတယ်။ ဘယ်သူမှမသွားသေးတဲ့ နေရာတွေ ရှိနေပါတယ်။ ဒါဟာ နောက်ဆုံး ဖျော်ဖြေမှုလားလို့ မေးလာရင်တော့ ဟုတ်မယ်လို့ မထင်ပါဘူး" ဟု ၎င်းက ဆိုပါတယ်။

ဘယ်တော့လောက် အခွေသစ်ထွက်လာမယ်ဆိုတာကိုတော့ အတိအကျမထုတ်ပြန်သေးတော့ ပရိသတ်တွေက မျှော်နေကြရပါပြီ။ ■ F-02

# ကင်ဆာရောဂါဝေဒနာရှင် ကလေးငယ်ကို ဆေးကုသစရိတ် ထောက်ပံ့ခဲ့တဲ့ Jang Geun Suk

**ဆိုးလ်၊ မတ် ၂၉**



နာမည်ကျော် ကိုရီးယား သရုပ်ဆောင် Jang Geun Suk ဟာ မွန်ဂိုလီးယားနိုင်ငံမှ ဆယ်ကျော်သက်အရွယ် ကင်ဆာ ရောဂါဝေဒနာရှင် အမျိုးသမီးငယ်အတွက် ဆေးကုသစရိတ်ထောက်ပံ့ခဲ့ကြောင်း kpop herald.com မှာဖော်ပြထားပါတယ်။

ယင်းကလေးငယ်နဲ့ မိသားစုအတွက် ကိုရီးယားနိုင်ငံကို လာရောက်ဖို့ ခရီးစရိတ်နဲ့ ကင်ဆာရောဂါကို ဆေးဝါးကုသမှု ခံယူဖို့အတွက် ကုန်ကျစရိတ်တွေအားလုံးကို သရုပ်ဆောင် Jang Geun Suk က လှူဒါန်းပေးခဲ့တာလည်းဖြစ်ပါတယ်။

ကိုရီးယားနိုင်ငံမှာ ဆေးဝါးကုသမှု ခံယူနေရတဲ့ ကင်ဆာရောဂါဝေဒနာရှင်အမျိုးသမီးငယ်က "ကျွန်မမှာ ကင်ဆာရောဂါရှိနေမှန်း စစ်ဆေးတွေ့ရှိပြီးတဲ့အချိန်မှာ တုန်လှုပ်ချောက်ချားသွားခဲ့ပါတယ်။ အဲ့ဒီနောက် ကျွန်မနေတဲ့ မွန်ဂိုလီးယားနိုင်ငံမှာပဲ ပထမဆုံး ဆေးဝါးကုသမှုခံယူခဲ့ပါတယ်။ Jang ရဲ့ကူညီမှုက ကျွန်မရဲ့ဝေဒနာ သက်သာလာဖို့ အထောက်အကူပေးနိုင်ခဲ့ပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

"ကင်ဆာရောဂါအတွက် ဆေးဝါးကုသမှုခံယူရတာ ဘယ်လောက်အထိ ခက်ခဲမှန်း ကျွန်တော်နားလည် ပါတယ်။ ဒါပေမဲ့ မင်းရဲ့မျှော်လင့်ချက်တွေကို မစွန့်လွှတ်လိုက်ဖို့ ငါမျှော်လင့်ပါတယ်" လို့ Jang Geun Suk က သူ့ရဲ့အနုပညာအေဂျင်စီကတစ်ဆင့် သတင်းထုတ်ပြန်ခဲ့ပါတယ်။

"Jang Geun Suk က ၂၀၀၉ ခုနှစ်ကတည်းက World Vision ကနေတစ်ဆင့် ကလေးငယ်အယောက် ၁၀၀ ခန့်ကို ထောက်ပံ့ကူညီပေးခဲ့တာဖြစ်ပါတယ်။ ဧပြီလအတွင်းမှာတော့ ဂျပန်နိုင်ငံရှိ တိုကျိုူ၊ ဖူကူအိုကာနဲ့ နာဂိုယာမြို့တွေမှာ သူ့ပရိသတ်များနဲ့ တွေ့ဆုံပွဲတွေ ပြုလုပ်သွားဖို့လည်းရှိပါတယ်။ ■

# “အချစ်က မိစန္ဒီအတွက် အရမ်းပူလောင်တယ်၊ ညီမ အချစ်ကို အရမ်းကြောက်တယ်”

## မိစန္ဒီနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

**လူငယ်ပရိသတ်ကြိုက်တေးသံရှင်တစ်ဦးဖြစ်တဲ့ မိစန္ဒီနဲ့ တွေ့ဆုံပြီး သူငယ်ချင်းဖြစ်သူ နီနီခင်ဇော်ရဲ့ One Lady Show မှာ ပါဝင်သီဆိုမယ့်အကြောင်း၊ မကြာမီထွက်ရှိမယ့် တတိယတစ်ကိုယ်တော်စီးရီး ‘အသဲလေး’ မှာ ပါဝင်မယ့် သီချင်းတွေအကြောင်းနဲ့ လက်ရှိ အချစ်ရေးအကြောင်းတို့ကို The Voice က မေးမြန်း ဖော်ပြထားပါတယ်။**



ဓာတ်ပုံ- သန့်ဇင်ဦး

**Voice: ကိုယ့်သူငယ်ချင်းအရင်း တစ်ယောက်ဖြစ်တဲ့ နီနီခင်ဇော်ရဲ့ One Lady Show မှာ ပါဝင်သီဆိုဖြစ်ဦးမလား။**

**MSD:** ကိုယ့်သူငယ်ချင်းပွဲဆိုတော့ ဝင်ပါပေးရမှာပေါ့နော်။ နီနီ့ပွဲမှာ သူနဲ့ ညီမဆိုခဲ့တဲ့ ကျေးကျွန်သီချင်းလေးကို ဖျော်ဖြေပေးဖို့ရှိပါတယ်။ ဒီပွဲအတွက် နီနီ အရမ်းကြိုးစားထားပါတယ်။ ညီမပေါင်းသမျှ သူငယ်ချင်းတွေထဲမှာ နီနီက အကြိုးစားဆုံးသူထဲက တစ်ယောက်လို့ ပြောလို့ရပါတယ်။ ကိုယ်ဆိုရင်တောင် သူ့လောက် မလုပ်နိုင်ဘူး။ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ဒီပွဲအတွက် သူသေချာစိတ်နှစ်ပြီး ကြိုးစားထားတယ်။ သူကတကယ် ကြိုးစားထားတော့ ပွဲနေ့ကျရင် သူ အရမ်းပင်ပန်းနေမှာတစ်ခုပဲ စိုးရိမ်တာပါ။ ဒီပွဲက သူ့အတွက် မှတ်တိုင်တစ်ခု ဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်။

**Voice: လူမှုရေးပြဿနာတချို့ကြောင့်ဝေဖန်မှုတွေနဲ့ နီနီရင်ဆိုင်ရချိန်မှာ သူငယ်ချင်းကောင်းတစ်ယောက်အ နေနဲ့ သူ့ဘက်က ရပ်တည်ပြီး အားပေးခဲ့သေးတယ်နော်။**

**MSD:** ညီမ နားလည်ထားတာကတော့ သူငယ်ချင်းဆိုတာက ကောင်းတဲ့အရာတွေဆိုရင်လည်း အတူတူမျှဝေခံစားမယ်။ ဆိုးတဲ့အရာတွေဆိုရင်လည်း တစ်ယောက်နဲ့တစ်ယောက်အားပေးမယ်၊ ရပ်တည်ပေးကြမယ်ပေါ့။ ညီမ က ကိုယ့်သူငယ်ချင်းဖြစ်တဲ့ နီနီ့ကို ချစ်တယ်။ သူလည်း ကိုယ့်ကို ချစ်မယ်လို့ ယုံကြည်တယ်။ သူဘယ်လိုအခက် အခဲတွေပဲရှိရှိ သူ့ဘက်က ရပ်တည်ပေးမယ်။ နောက်ပြီး နီနီက စိတ်ထားအရမ်းကောင်းတယ်။ ကိုယ့်အပေါ်ကိုလည်း အရမ်းကောင်းတယ်။ တကယ်လည်းကြိုးစားတဲ့၊ တော်တဲ့အနုပညာရှင် တစ်ယောက်လည်း ဖြစ်ပါတယ်။ သူနဲ့ လူချင်းမခင်ခင်ကတည်းက အရမ်းအားပေးခဲ့တာပါ။သူအခက်အခဲတွေ ကြုံနေတဲ့အချိန်မှာလည်း သူ့ဘက်က ရပ်တည်ပေးခဲ့ပါတယ်။

**Voice: တတိယတစ်ကိုယ်တော် စီးရီး Title ကို အသဲလေးလို့ ဘာကြောင့်ပေးဖြစ်တာလဲ။ ရှေ့နှစ်ခွေထက်စာရင် ဒီခွေနာမည်က နည်းနည်းလေး နုးညံ့မနေဘူးလား။**

**MSD:** ညီမရဲ့ပထမဆုံးစီးရီးနာမည်ကတော့ မိုနိုပိုလီ၊ ဒုတိယစီးရီးနာမည်ကတော့ ပစ်တိုင်းထောင် ဆိုတော့ နှစ်ခွေလုံးက ကစားစရာနာမည်တွေဖြစ်နေတယ်။ တတိယခွေနာမည်ဖြစ်တဲ့ အသဲလေးကျတော့လည်း လူတွေက အသဲနှလုံးကို အရုပ်လို ကစားသွားကြတာတွေရှိတယ်လေ။ ညီမက တစ်ခွေနဲ့ တစ်ခွေ ဆက်စပ်မှုလေးရှိအောင် ဒီနာမည်လေးကို ပေးဖြစ်တာပါ။ ဒီခွေထဲမှာ အသဲလေးဆိုတဲ့သီချင်းလည်း ပါပါတယ်။ အခုနောက်ပိုင်း လူငယ် တွေကြားထဲမှာ အသဲတစ်ခြမ်းဆိုတဲ့စကားကလည်း ခေတ်စားတယ်လေ။ အသဲလေးဆိုတဲ့ သီချင်းကလည်း လူငယ် ဆန်ဆန် ချစ်စရာကောင်းအောင် ရေးထားတဲ့သီချင်းလေးပါ။ မိစန္ဒီ ကိုယ်တိုင်ရေးထားတာပါ။

**Voice: အသဲလေး သီချင်းက မိစန္ဒီကိုယ်တိုင်ရေးထားတာဆိုတော့ ကိုယ်ပိုင်ခံစားချက်တွေ ပါဝင်မလား။**

**MSD:** ကိုယ်ပိုင်ခံစားချက်တွေနဲ့ ရေးထားတယ်လို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ ကိုယ်ကတော့ သူများရဲ့ အသဲနှစ်လုံးကို တစ်ခါမှ မကစားဖူးဘူး။ ကိုယ့်ကိုပဲ ကစားသွားကြတာများပါတယ်။ ခွေနာမည်ကို အသဲလေးလို့ ပေးထားပေမယ့် ခွေထဲမှာပါတဲ့ သီချင်းတွေက အရမ်းရယ်ရပါတယ်။ အရင်ခွေတွေမှာထက်ပိုပြီး တော့ ပျော်စရာကောင်း တဲ့ သီချင်းလေးတွေ ထည့်ထားတယ်။ သီချင်းပုံစံလေးတွေလည်း ပြောင်းထားပါ တယ်။ အရမ်းအသဲကွဲတဲ့ သီချင်းတွေထက်စာရင် ပျော်စရာကောင်းတဲ့၊ ရယ်ရတဲ့ သီချင်းတွေ ပိုများပါတယ်။ အသဲလေး သီချင်းကတော့ ကောင်လေးက အသဲလေးလို့ခေါ်လိုက်ရင် သူ့ကောင်မလေးက အရမ်းအသဲယားပြီး အရည်ပျော်သွားတယ်ဆိုတဲ့ ပုံစံမျိုးလေး ရေးထားတာပါ။ ဒီခွေက မိစန္ဒီရဲ့ပုံစံ ပိုပေါက်တယ်။ ညီမက အပြင်မှာဆို ပွင့်ပွင့်လင်းလင်းနဲ့ ကလေးဆန်ဆန်နေတတ်တယ်။ ချစ်စရာကောင်းတဲ့ လူငယ်ဆန်တဲ့ သီချင်းတွေ အများကြီးပါပါတယ်။

**Voice: ကိုယ်တိုင်ရေးထားတဲ့ သီချင်း ဘယ်နှပုဒ်လောက်ပါမလဲ။ ဘယ်လိုသီချင်းမျိုးတွေဖြစ်မလဲ။**

**MSD:** ဒီခွေထဲမှာ မိစန္ဒီကိုယ်တိုင် ရေးထားတဲ့ သီချင်းကတော့ တစ်ဝက်ကျော်လောက် ပါပါမယ်။ တခြားတေးရေးတွေနဲ့ ပေါင်းပြီး ရေးထားတဲ့ သီချင်းတွေလည်း ပါပါတယ်။ ဒီခွေမှာ သီချင်း ၁၄ ပုဒ်လောက် ထည့်ဖို့တော့ စဉ်းစားထားတယ်။ သီချင်းတွေကတော့ သေချာပြန်မစီရသေးဘူး။ ညီမ ရေးထားတဲ့ သီချင်းကတော့ ၈ ပုဒ်လောက် ထည့်ဖြစ်လိမ့်မယ်။ သီချင်းတွေကို သေချာအချိန်ပေး ပြီး လုပ်ထားပါတယ်။ အရမ်းလည်း ကြိုးစား ထားပါတယ်။ Featuring တွေကတော့ X Box၊ G Fatt ၊ သားသားနဲ့ နီနီခင်ဇော်ပါပါမယ်။ ဒီခွေကို မေလအကုန်၊ ဒါမှမဟုတ်ရင် ဇွန်လဆန်းလောက်တော့ ထွက်နိုင်အောင် ကြိုးစားနေပါတယ်။

**Voice: အရင်တုန်းကတော့ အချစ်ရေးမှာ ခံစားခဲ့ရတာတွေ ရှိခဲ့ဖူးတယ်။ မိစန္ဒီရဲ့ လက်ရှိ အချစ်ရေးကရော ဘယ်လိုရှိလဲ။**

**MSD:** အမှန်အတိုင်းပြောရရင် ညီမက ငယ်ငယ်ကတည်းက အချစ်ရေးကို ခေါင်းထဲမှာ အရမ်းကြီး မထည့်တတ်တဲ့လူလို့ ပြောလို့ရတယ်။ ညီမက ကလေးဆန်တယ်။ လူငယ်ဆန်တယ်။ စိတ်လည်း အရမ်းမငြိမ်ဘူး။ ကိုယ့်စိတ်ကို အချစ်ပေါ်မှာပဲ အရမ်းကြီးသွား နှစ်ထားလို့မရဘူး။ ကိုယ်က အရမ်းခံစားလွယ်တယ်။ အဲ့ဒါကြောင့် ညီမ အလုပ်ကိုပဲ ပိုပြီး အလေးအနက်ထားတယ်။ ရင်ခုန်မှုတွေကတော့ ရှိတာပေါ့နော်။ အတည်တကျ အချစ်တစ်ခုအနေနဲ့ ရှိလားဆိုရင်တော့ မရှိဘူးလို့ ဖြေရမှာပေါ့။ လက်ရှိမှာ ကိုယ့်မိသားစုနဲ့ ကိုယ့်သူငယ်ချင်းတွေကိုပဲ ပိုအဖော်ပြုပြီးနေဖြစ်တယ်။

**Voice: အခုနောက်ပိုင်း ရှိုးပွဲတွေမှာလည်း သိပ်မတွေ့ရဘူးနော်။ တစ်ကိုယ်တော်ခွေအတွက် အချိန်ပေးနေရလို့လား။**

**MSD:** အခုနောက်ပိုင်းညီမခရီးအရမ်း ထွက်ဖြစ်တယ်။ ရှိုးပွဲတွေ အများကြီးဆိုပြီး ပိုက်ဆံတွေရှာတာထက်စာရင် ကိုယ်လုပ်တဲ့ အလုပ်အပေါ်မှာ ပိုပြီး အရည်အသွေးကောင်းကောင်းနဲ့ လုပ်ချင်တယ်။ အဲ့ဒါကြောင့် သီချင်းတွေ ဖန်တီးတဲ့နေရာမှာ အချိန်ပိုပေးဖြစ်တယ်။ ကိုယ့်ရဲ့ သူငယ်ချင်းတွေ၊ မိသားစုတွေနဲ့ အားရင် ခရီးတွေ ထွက်ဖြစ်တယ်။ ကိုယ့်ဘဝကို ကိုယ်ဘယ်လိုပျော်အောင်နေရမလဲ ဆိုတာကို အရင်ကထက် ပိုပြီး သိလာတယ်။ အချစ်က မိစန္ဒီအတွက် အရမ်းပူလောင်တယ်။ ညီမ အချစ်ကို အရမ်းကြောက်တယ်။

## ဆုကြေးငွေ ကျပ် သိန်း ၁၀၀၀ ချီးမြှင့်မယ့် Galaxy Star Myanmar 2017 သီချင်းဆိုပြိုင်ပွဲ ဧပြီလ ၇ ရက်နေ့ စတင်ထုတ်လွှင့်မယ်



ဓာတ်ပုံ- သန့်ဇင်ဦး

**ရန်ကုန်၊ မတ် ၂၉**

မြန်မာနိုင်ငံမှာ ဆုကြေးအမြင့်မားဆုံးသီချင်း ဆိုပြိုင်ပွဲ တစ်ခုဖြစ်တဲ့ Galaxy Star Myanmar 2017 သီချင်းဆိုပြိုင်ပွဲကို ဧပြီလ ၇ ရက်နေ့ကစပြီး MRTV4 ရုပ်သံလိုင်းမှာ၊ အပတ်စဉ်သောကြာနေ့တိုင်း ည ၉ နာရီ ၁၅ မိနစ် ကစတင်ပြီး ထုတ်လွှင့်ပြသပေးတော့မှာ ဖြစ်ပါတယ်။

“အရည်အချင်းရှိတဲ့လူငယ်တွေက စတားဖြစ်လာဖို့ဆိုတာ မှန်ကန်တဲ့ အခွင့်အလမ်းတစ်ခုလိုအပ်ပါ တယ်။ ဒီအစီအစဉ်ကို တရားဝင်ထုတ်လွှင့်တဲ့အချိန်မှာလည်း မတူညီတဲ့အရည်အချင်းတွေကို ပိုင်ဆိုင်ထားတဲ့ လူငယ်တွေက အမျိုးမျိုးသော ဂီတခံစားမှုတွေကို ပေးစွမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်” လို့ ယင်းအစီအစဉ်ကို အဓိက တာဝန်ယူ တင်ဆက်ပေးမယ့် Namin Myanmar ကုမ္ပဏီမှ ဒါရိုက်တာ Samul Kang က ပြောကြားပါတယ်။

ယင်းပြိုင်ပွဲအတွက် တိုင်းနဲ့၊ ပြည်နယ် ၁၅ ခုက မြို့ကြီးတွေကို သွားရောက်ကာ ပြိုင်ပွဲဝင်ပေါင်း ၂၅၀၀၀ ကျော်ကို အသံစစ်ဆေးမှု ပြုလုပ်ခဲ့ပြီး နောက်ဆုံးဆန် ခါတင်ပြိုင်ပွဲဝင်တွေကို ရွေးချယ်ခဲ့ကြောင်း၊ ပြိုင်ပွဲဝင်တွေက အဆင့် ၅ ဆင့်ယှဉ်ပြိုင်ပြီး ဂီတအရည်အသွေးတွေကို ဖော်ထုတ်ပြသ ရမှာဖြစ်ကြောင်း Galaxy Star Myanmar 2017 ပြိုင်ပွဲကျင်းပရေးကော်မတီက သတင်းထုတ်ပြန်ခဲ့ပါတယ်။

အဆိုပါပြိုင်ပွဲမှာ အကဲဖြတ်ဒိုင်အနေနဲ့ နာမည် ကျော် တေးသံရှင်တွေဖြစ်တဲ့ ဖိုးကာ၊ ဂရေဟမ်၊ J Me၊ ဆုန်သင်းပါရ်၊ ဖြူဖြူကျော်သိန်းတို့က ဆောင် ရွက်ပေးကြမှာဖြစ်ပြီး၊ နောက်ဆုံးအဆင့်ပြိုင်ပွဲမှာတော့ ဒိုင်လူကြီးများရဲ့ ရွေးချယ်မှုက ၄၀ ရာခိုင်နှုန်း၊ ပရိသတ်များရဲ့ ရွေးချယ်မှုက ၆၀ ရာခိုင်နှုန်းနဲ့ Winner ဆုရှင်ကို ရွေးချယ်ပေးသွားမှာဖြစ်ပါတယ်။

ပြိုင်ပွဲမှာ Winner ဆုရရှိသူက ဆုကြေးငွေ ကျပ် သိန်း ၁၀၀၀ ရရှိမယ့်အပြင်၊ ကိုရီးယားနိုင်ငံကို သွားရောက်ပြီး K Pop Music Producer ရဲ့ကြီးကြပ်ပေးမှုနဲ့ တေးအယ်လ်ဘမ်တစ်ချပ် ထုတ်ဝေခွင့်လည်း ရရှိမှာဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ပြိုင်ပွဲ မှာတော့ ပရိသတ်တွေက Ooredoo ဖုန်းလိုင်း တစ်မျိုးတည်းနဲ့သာ မိမိကြိုက်နှစ်သက်တဲ့ ပြိုင်ပွဲဝင် ကို စာတို(Message) ပေးပို့ပြီး မဲပေးနိုင်မှာ ဖြစ်ပါ တယ်။

အဆိုပါ သီချင်းဆိုပြိုင်ပွဲကို Namin Myanmar ကုမ္ပဏီက အဓိက စီစဉ်တင်ဆက်ပေးတာဖြစ်ပြီး Main Sponsor အဖြစ် Ooredoo၊ Title Sponsor အဖြစ် Samsung Myanmar တို့က ပူးပေါင်းပါဝင်ပံ့ပိုးပေးထားကြပါတယ်။ ■

## Recap

❍ လူငယ်ပရိသတ်ကြိုက် ရော့ခ်ဂီတဝိုင်း Idiots ရဲ့ Rock Show ကို ဧပြီလ ၁ ရက်နေ့ ည ၇ နာရီမှာ ရန်ကုန်မြို့ရှိ Sakura Tower အပေါ်ဆုံးထပ်မှာရှိတဲ့ Yangon Yangon Bar မှာ ပြုလုပ်သွားမှာပါ။

ဒီပွဲမှာတော့ Opening Band တွေအဖြစ် The Myth နဲ့ Out Of The Rule တို့က ပါဝင်သီဆိုဖျော်ဖြေပေးသွားမှာဖြစ်ပြီး လက်မှတ်ဈေးနှုန်းကိုတော့ ၁၅၀၀၀ ကျပ် သတ်မှတ်ထားပါတယ်။ လက်မှတ်တွေကိုတော့ Junction Square နဲ့ Junction Mawtin မှာရှိတဲ့ UBO Fashion Stores မှာ ဝယ်ယူရရှိနိုင်ပါတယ်။

❍ ခေါင်းဆောင်မင်းသမီးအနေနဲ့ ပထမဆုံး ရိုက်ကူးခွင့် ရတဲ့ ရုပ်ရှင်ဇာတ်ကားသုံးကားလုံးမှာ အကောင်းဆုံးကြိုးစားသွားဖို့ ဆုံးဖြတ်ထားပါတယ်လို့ အလှမယ်ဟောင်းတစ်ဦးဖြစ်သလို သရုပ် ဆောင်လည်းလုပ်နေတဲ့ နန်းခင်ဇေယျာက The Voice ကို ပြောကြားပါတယ်။

“ပထမကားကတော့ နန်းခင်နဲ့ ပိုင်တံခွန်နဲ့ပါတဲ့ သူရဲကားလေးပါ။ အခုရိုက်နေတဲ့ကားကတော့ ပိုင်တံခွန်ရယ်၊ ကိုနေမင်းရယ်၊ နန်းခင်ရယ်ပါတဲ့ ဟာသကားလေးပါ။ တတိယကားကတော့ နန်းခင်နဲ့ ဦးဇေလုဝန်ပါတဲ့ ဟာသကားလေးပါ။ သုံးကားလုံးကတော့ တစ်ကားနဲ့တစ်ကား ပုံစံလေးတွေ မတူကြဘူး။ ကိုယ် ခေါင်းဆောင်အနေနဲ့ ရိုက်ခွင့်ရတဲ့ကားတွေဆိုတော့ အကောင်းဆုံး ကြိုးစားသွားဖို့ နန်းခင် ဆုံးဖြတ်ထားပါတယ်” လို့ ၎င်းက ဆိုပါတယ်။ ■



Reuters

# နိုင်ဂျီးရီးယား ကျောင်းသားများကို တိုက်ခိုက်မှုကြောင့် အိန္ဒိယနိုင်ငံ တုန်လှုပ်

**ဒေလီ၊ မတ် ၂၉**

ဒေလီအနီးရှိ နွိုင်ဒါမြို့တွင် နေထိုင်သော နိုင်ဂျီးရီးယားကျောင်းသားများအား တိုက်ခိုက်မှုကို တရားမျှတသော စုံစမ်းစစ်ဆေးမှု ပြုလုပ်ပေးမည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူရှ်မာဆွာရပ်ချ်က ကတိပေးလိုက်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ဒေသခံဆယ်ကျော်သက်တစ်ဦး မူးယစ်ဆေးသုံးစွဲမှု လွန်ကဲမှုကြောင့် သေဆုံးခဲ့ရာမှ တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး ၎င်းလူငယ်ကို နိုင်ဂျီးရီးယားကျောင်းသားများက မူးယစ်ဆေးများ ပေးခဲ့သည်ဟု သေဆုံးသူ၏မိဘများက ပြစ်တင်စွပ်စွဲခဲ့ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားကျောင်းသား ငါးဦးမှာ တနင်္လာနေ့က လူစုလူဝေးဖြင့် တိုက်ခိုက်ခြင်းကိုခံခဲ့ရပြီး အခြားတစ်ဦးမှာလည်း ဈေးဝယ်စင်တာအတွင်း ဝိုင်းဝန်းရိုက်နှက်ခြင်းကို ခံခဲ့ရသည်။

အဆိုပါတိုက်ခိုက်မှုများနှင့် ပတ်သက်၍ လူငါးဦးကိုဖမ်းဆီးထားသည်ဟု ရဲဌာနက ပြောကြားသည်။

မစ္စဆွာရပ်ချ်က သူမသည် အုတ္တရပရာဒေ့ရှ်ပြည်နယ်ဝန်ကြီးချုပ် ယိုဂီအဒစ်ယန်နပ်နှင့် စကားပြောဆိုခဲ့ကြောင်း၊ ၎င်းက တရားမျှတစွာ စုံစမ်းစစ်ဆေးပေးမည်ဟု အာမခံလိုက်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဈေးဝယ်ကုန်တိုက်အတွင်း ကျောင်းသားကို ဝိုင်းဝန်းရိုက်နှက်မှုကိုအခြားဈေးဝယ်သူများက လက်ကိုင်ဖုန်းဖြင့် ရိုက်ကူးထားရာမှ လူမှုမီဒီယာများတွင် ပျံ့နှံ့သွားခဲ့သည်။

အရိုက်ခံရသော ကျောင်းသားက ၎င်းသည် တုတ်များ၊ အုတ်ခဲများ၊ ခုံများဖြင့် ရိုက်နှက်ခြင်းခံခဲ့ရကြောင်း၊ မည်သူကမှ ကူညီပေးခြင်း၊ ရဲကိုခေါ်ပေးခြင်း မရှိခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

နွိုင်ဒါမှ ကျောင်းသားတစ်ဦးဖြစ်သူ အယ်ခါဘာဆော်လိုမွန်က 'နိုင်ဂျီးရီးယားကျောင်းသားများအတွက် အခြေအနေမကောင်းကြောင်း၊ ကျောင်းသားတိုင်းက အိမ်ထဲမှ မထွက်ကြသော်လည်း အဓိကပြဿနာမှာ အိမ်ရှင်များက ၎င်းတို့အိမ်မှ အာဖရိကကျောင်းသားများကို ထွက်သွားရန် ပြောဆိုနေခြင်းပင်ဖြစ်ကြောင်း' BBC သို့ ပြောကြားသည်။

အိန္ဒိယရှိအာဖရိကကျောင်းသားများအသင်းကလည်း နွိုင်ဒါရှိအာဖရိကကျောင်းသားများကို လောလောဆယ် အိမ်ထဲမှ မထွက်ကြရန်နှင့် အတန်းမတက်ကြရန် အကြံပြုထားသည်။

ပြီးခဲ့သောနှစ်အတွင်း အိန္ဒိယတွင် နေထိုင်သော အာဖရိကန်လူမျိုးများအပေါ် တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ရာ ဒေလီတွင် ကွန်ဂိုနိုင်ငံသားတစ်ဦး ရိုက်နှက်ခံရကာ သေဆုံးမှုဖြစ်ပွားခဲ့သည်။ ■ F-04

# လွတ်လပ်ရေး ဆန္ဒခံယူပွဲသစ်တစ်ရပ် ကျင်းပရန် စကော့တလန် ကြိုးစား

**လန်ဒန်၊ မတ် ၂၉**

စကော့တလန်ပါလီမန်သည် ဗြိတိန်ထံမှ လွတ်လပ်ရေးယူရန် ဆန္ဒခံယူပွဲအသစ်ကျင်းပရေးနှင့်ပတ်သက်၍ အင်္ဂါနေ့က မဲခွဲဆုံးဖြတ်ခဲ့ပြီး ဗြိတိန်အစိုးရ၏ အတည်ပြုမှုကို တောင်းဆိုမည့် စကော့တလန်ဝန်ကြီးချုပ်အတွက် လမ်းရှင်းပေးနေသည်ဟု VOA သတင်းတွင် ဖော်ပြထားသည်။

အီးယူမှ ဗြိတိန်နုတ်ထွက်မှုမပြီးစီးမီ ၂ နှစ်အတွင်း စကော့ဝန်ကြီးချုပ် နီကိုလာစတာဂျင် ကျင်းပလိုသော ဆန္ဒခံယူပွဲအတွက် လိုအပ်သော ဗြိတိန်ပါလီမန်၏ အတည်ပြုမှုကို တောင်းဆိုရန် စကော့တလန် အီဒင်ဘာရာလွှတ်တော်တွင် ၆၉ ဒသမ ၅၉ မဲဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီးယူမှဗြိတိန်နုတ်ထွက်မည့်ဆုံးဖြတ်ချက်ကို မနှစ်က ပွတ်ကာသီကာ မဲအသာရကာ ဆုံးဖြတ်ခဲ့ပြီးနောက် နုတ်ထွက်မှုလုပ်ငန်းစဉ် တရားဝင်စတင်မှုကို ဗုဒ္ဓဟူးနေ့တွင် ထရီဇာမေက ကြေညာမည်ဖြစ်သည်။

ဘရိတ်ဇစ် မဲပေးပွဲများကို အင်္ဂလန်၊ စကော့တလန်၊ မြောက်အိုင်ယာလန်နှင့် ဝေလနယ်တို့တွင် မနှစ်ကပြုလုပ်ခဲ့ရာ စုစုပေါင်းမဲတွင် ခွဲရေးကအသာရသော်လည်း စကော့တလန် မဲဆန္ဒရှင်များက အီးယူတွင် ဆက်နေရန် သုံးပုံနှစ်ပုံ ထောက်ခံမဲပေးခဲ့ကြပြီးနောက် ဝန်ကြီးချုပ် စတာဂျင်က စကော့တလန် လွတ်လပ်ရေးကို ထပ်မံကြိုးပမ်းလာခဲ့သည်။

စကော့မဲဆန္ဒရှင်များသည် လွန်ခဲ့သောသုံးနှစ်က ဆန္ဒခံယူပွဲတွင် ဗြိတိန်ထံမှ လွတ်လပ်ရေးရယူရေးကို ထောက်ခံခြင်း မပြုခဲ့သော်လည်း ၎င်းဆုံးဖြတ်ချက်မှာ အီးယူမှ ဗြိတိန်ခွဲထွက်ရန် စတင်ဆွေးနွေးမှုများ ထွက်ပေါ်မလာမီက ချမှတ်ခဲ့ခြင်းဖြစ်သည်။

မနှစ်က ဘရိတ်ဇစ်မဲပေးပွဲတွင် ခွဲရေးက အနိုင်ရသွားပြီး နာရီပိုင်းအကြာတွင် စကော့ဝန်ကြီးချုပ် စတာဂျင်က အင်္ဂလန်နှင့်အတူလိုက်ပါ နုတ်ထွက်ရေးကိုလက်သင့်မခံနိုင်ကြောင်း၊ စကော့တလန် လွတ်လပ်ရေးအတွက် ဆန္ဒခံယူပွဲအသစ် ကျင်းပရန် လိုအပ်ကြောင်း ရှင်းလင်းပြောဆိုခဲ့သည်။

လန်ဒန်သည် စကော့တလန်လွတ်လပ်ရေး ဆန္ဒခံယူပွဲအသစ် ကျင်းပမှုကိုပိတ်ပင်ရန် ဒီမိုကရေစီနည်းအရအခွင့်အလမ်းမရှိဟု သူမက ပြောကြားသည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဇာမေကမူ အီးယူမှ ဗြိတိန်နုတ်ထွက်သည့်လုပ်ငန်းစဉ် မတိုင်မီ စကော့တလန် လွတ်လပ်ရေးအတွက် ဆန္ဒခံယူပွဲကျင်းပခြင်းကို သူမအနေနှင့် ထောက်ခံမည်မဟုတ်ဟု ပြောကြားထားသည်။

"အခုကမဲခွဲရမယ့် အချိန် မဟုတ်ပါဘူး။ ယူနိုင်တက်ကင်းဒမ်းမှာ နေထိုင်သူတွေအားလုံးဟာ အတူတကွ စုစည်းဆောင်ရွက်ရမှာပါ။ ခွဲမထွက်သင့်ပါဘူး" ဟု ထရီဇာမေက ပြောကြားသည်။ ■ F-04


BBC

# မွန်တီနီဂရိုးနိုင်ငံ၏ NATO အဖွဲ့ဝင်လျှောက်ထားမှု အမေရိကန်အထက်လွှတ်တော်အတည်ပြု

**ဝါရှင်တန်၊ မတ် ၂၈**

မွန်တီနီဂရိုးနိုင်ငံ၏ နေတိုးအဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကို အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်က အတည်ပြုခဲ့ကြောင်း VOA သတင်းက ဖော်ပြထားသည်။

ထောက်ခံမဲ ၉၇ မဲ၊ ကန့်ကွက်မဲ ၂ မဲဖြင့် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ပြီး ကန်တက်ကီပြည်နယ်မှ ရီပတ်ဘလစ်ကန်အထက်လွှတ်တော်အမတ် ရန်းပေါလ်နှင့် ယူတားရ်ပြည်နယ်မှ ရီပတ်ဘလီကန် အထက်လွှတ်တော်အမတ် မိုက်လီးတို့သာ ကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။

ပေါလ်က မွန်တီနီဂရိုးနိုင်ငံ နေတိုးအဖွဲ့ဝင်ဖြစ်လာပါက အမေရိကန်၏ အကာအကွယ်သာ ပိုမိုဖြန့်ကြက်ပေးရဖွယ်ရှိပြီး အပြန်အလှန်အကျိုးရှိစရာ မမြင်ကြောင်း ဝေဖန်ခဲ့သည်။

နေတိုးအဖွဲ့ဝင်အရေးအတွက် တိုးချဲ့ရေးလိုလားသူများကမူ မွန်တီနီဂရိုးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် အဖွဲ့အကျိုးစီးပွားအတွက် တင်းပြည့်အဖွဲ့ဝင်မဖြစ်မီကပင် တက်ကြွစွာ ပံ့ပိုးပေးခဲ့ပြီးဖြစ်သည်ဟု ထောက်ပြခဲ့သည်။

"အာဖဂန်နစ္စတန်နိုင်ငံအတွင်း နေတိုးအဖွဲ့ဦးဆောင်တဲ့ စစ်ဆင်ရေးမှာ မွန်တီနီဂရိုးဟာ တက်ကြွစွာပါဝင်ခဲ့ပါတယ်။ ရုရှားက မွန်တီနီဂရိုးရဲ့ ဒီမိုကရေစီရေးဖြစ်ပေါ်တိုးတက်မှုတွေကို ထိခိုက်အောင် အစွမ်းကုန်လုပ်ဆောင်ခဲ့ပေမယ့် သူတို့တွေ ခိုင်ခိုင်မာမာ ရှေ့ဆက်ခဲ့ပါတယ်" ဟု အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ တင်နက်ဆီပြည်နယ်မှ ရီပတ်ဘလစ်ကန် အထက်လွှတ်တော်အမတ် ဘော့ဘ်ကော့ကာက သုံးသပ်ပြောကြားထားသည်။

အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့ရေးရာကော်မတီဥက္ကဋ္ဌ ဂျွန်မက်ကိန်းကလည်း "ဒါဟာ သေးငယ်ပြီး လူဦးရေ ၆ သိန်းခွဲပဲရှိတဲ့ နိုင်ငံလေးတစ်နိုင်ငံကို ထပ်တိုးလက်ခံတယ်၊ လက်မခံဘူးဆိုတာထက်ပိုပါတယ်။ ဒါဟာ ဗလာဒီမာပူတင်နဲ့ ကျူပ်တို့ရင်ဆိုင်နေတဲ့ပြိုင်ပွဲမှာ စမ်းသပ်မှုတစ်ခုပါ"ဟု သုံးသပ်ခဲ့သည်။

နိုင်ငံခြားဆက်ဆံရေးကော်မတီမှ မေရီလင်းပြည်နယ် ဒီမိုကရက် အထက်လွှတ်တော်အမတ် ဘင်ကာဒင်ကလည်း မွန်တီနီဂရိုးကိုလက်ခံပေးလိုက်ခြင်းသည် ရုရှားကို အားကောင်းသည့် သတင်းစကားဖြင့် သတိပေးလိုက်ရာရောက်ကြောင်း သုံးသပ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုမှာ ဘော်လ်ကန်ဒေသ နိုင်ငံငယ်၏ နေတိုးအဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကို တရားဝင်အတည်ပြုပေးရန် ကျန်ရှိနေသည့် နိုင်ငံသုံးနိုင်ငံအနက်မှ တစ်နိုင်ငံဖြစ်သည်။

နေတိုးအဖွဲ့ကို ယခင်ဆိုဗီယက်ပြည်ထောင်စုရန်မှ ကာကွယ်ရန် ၁၉၄၉ ခုနှစ်တွင် အမေရိကန်ဦးဆောင်သော အနောက်နိုင်ငံများက ထူထောင်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီး ရက်စ်တီလာဆင်ကလည်း အထက်လွှတ်တော်အနေနှင့် မွန်တီနီဂရိုး၏ အဖွဲ့ဝင်ဖြစ်မှုကို ထောက်ခံပေးကြရန် တိုက်တွန်းခဲ့သည်။

■ F-03

# ပျောက်ဆုံးနေသည့် အင်ဒိုအမျိုးသား၏အလောင်း စပါးကြီးမြွေဗိုက်ထဲတွင် ပြန်တွေ့

**ဂျကာတာ၊ မတ် ၂၉**

ပျောက်ဆုံးနေသည့် အင်ဒိုနီးရှား အမျိုးသား၏ရုပ်အလောင်းကို စပါးကြီးမြွေတစ်ကောင်က မျိုထားခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြန်လည်ရှာဖွေတွေ့ရှိပြီးနောက် သတင်းထုတ်ပြန်ထားသည်ဟု BBC သတင်းက ဆိုသည်။

ဆူလာဝေစီကျွန်းပေါ်တွင် အက္ကဘာ ဟု အမည်ရသူ အမျိုးသားသည် ဆီအုန်းများဆွတ်မည်ဟု ထွက်ခွာသွားပြီးနောက် တနင်္ဂနွေနေ့ကတည်းက ပျောက်ဆုံးနေခဲ့ခြင်းဖြစ်သည်။

အသက် ၂၅ နှစ်အရွယ်ရှိ အဆိုပါ အမျိုးသားကို ရှာဖွေရန် ရဲတပ်ဖွဲ့က ကြိုးစားခဲ့ရာ အလွန်ကြီးမားသောမြွေကြီးတစ်ကောင်ကိုတွေ့ရသဖြင့် ထိုမြွေကြီးက မျိုလိုက်သည်ဟု ယူဆခဲ့ရသည်။

ထိုမြွေကိုဖမ်းပြီး ဝမ်းဗိုက်ကို ခွဲကြည့်သည့်အခါ ပျောက်ဆုံးအမျိုးသား၏ ရုပ်အလောင်းကို ပြန်လည်တွေ့ရှိခဲ့ရသည်။

အဆိုပါမြွေကြီးသည် စုစုပေါင်း ၂၃ပေ ရှည်သည့် ရောမမြွေကြီးတစ်ကောင်ဖြစ်သည်။

ယင်း စပါးကြီးမြွေကြီးသည် ကမ္ဘာပေါ်တွင် အရှည်လျားဆုံး တွားသွားသတ္တဝါမျိုးဖြစ်ပြီး မျိုမချခင်တွင် သားကောင်ကို အသက်ရှူကျပ်အောင် ဖျစ်ညှစ်သတ်လေ့ရှိသည်။ စပါးကြီးမြွေများသည် လူသားကို သတ်စားခဲလှသော်လည်း ရန်ဖန်ရန်ခါ ကလေးငယ်များနှင့် တိရစ္ဆာန်များကို လူနေရပ်များမှ ဝင်ဆွဲလေ့ရှိသည်။

အက္ကဘာ ပျောက်ဆုံးနေသည်မှာ တစ်ရက်ကျော်နေပြီဖြစ်ကြောင်း ရွာသားများက လာရောက်တိုင်တန်းမှ ရဲတပ်ဖွဲ့က သိရှိရှာဖွေခဲ့ကြောင်း ဆူလာဝေစီပြည်နယ် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ ပြောခွင့်ရအရာရှိ မာရှူရာ က ပြောကြားသည်။

■ F-02


BBC


Reuters

# စာပေနိုဘယ်လ်ဆု တက်ယူရန် ဘော့ဒီလန် သဘောတူလိုက်ပြီ

**နယူးယောက်၊ မတ် ၂၉**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ပေးအပ်ချီးမြှင့်မည့် နိုဘယ်လ်ဆုပေးပွဲသို့ တက်ရောက်ဆုယူရန်အတွက် တေးသံရှင် ဘော့ဒီလန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း BBC သတင်းတစ်ရပ်က ဖော်ပြထားသည်။

အမေရိကန်တေးသံရှင် ဘော့ဒီလန်သည် အောက်တိုဘာလကတည်းက ထိုဆုကိုရရှိကြောင်း ကြေညာခံရသော်လည်း ဆုကို လာမယူခဲ့၊ အမှတ်တရ စကားလည်း သွားမပြောခဲ့ပေ။

အမေရိကန်ဒေါ်လာ ကိုးသိန်းတစ်သောင်း တန်ကြေးရှိ ယင်းဆုကိုယူရန်အတွက် အဆိုပါဒေသသို့ သွားရောက်ရန် လိုအပ်သည်။

ဆွီဒင်နိုင်ငံမြို့တော်တွင် ဘော့ဒီလန်နှင့်တွေ့ဆုံကာ မစ္စတာဒီလန်သည် ဖျော်ဖြေပွဲနှစ်ပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆုပေးရေးကော်မတီက ထုတ်ပြန်ထားသည်။

လူကိုယ်တိုင် စင်ပေါ်တက်ပြီး စကားပြော၊ မပြော မသိရသေးဘဲ ဗီဒီယိုဖြင့် စကားပြောထားသည့်ရုပ်ရှင်ကို ပို့ပေးဖွယ်ရှိသည်။

လာမည့် ဇွန်လအထိ ဆုကို တက်မယူ၊ စကားမပြောပေးပါက ဆုရရှိသည့် ငွေများကို ဆုပေးအဖွဲ့က ပြန်လည်သိမ်းဆည်းရဖွယ်ရှိသည်။

“သတင်းကောင်းကတော့ ဆွီဒင်အကယ်ဒမီနဲ့ဘော့ဒီလန်တို့ယခုသီတင်းပတ်အကုန်မှာ တွေ့ဆုံကြဖို့ ဆုံးဖြတ်ထားပါတယ်”ဟု ဆွီဒင်အကယ်ဒမီမှ အတွင်းဝန် ပရော်ဖက်ဆာ ဆာရာဒန်နီးယက်စ် က ပြောကြားသည်။

ထိုတွေ့ဆုံမှုတွင် ဆုပေးအဖွဲ့က နိုဘယ်လ်ဆုတံဆိပ်ကို ဒီလန်အား အပ်နှင်းမည်ဖြစ်ကာ ဂုဏ်ပြုစကား ပြောကြားမည်ဖြစ်သည်။

“အခမ်းအနားကို ခပ်သေးသေးပဲ လုပ်မှာပါ၊ မီဒီယာတွေကိုလည်း ဖိတ်မှာမဟုတ်ပါဘူး။ ဘော့ဒီလန်နဲ့ အကယ်ဒမီရဲ့ အဖွဲ့ဝင်တွေပဲ တက်ရောက်မှာဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ သူ့ရဲ့ဆန္ဒဖြစ်ပါတယ်”ဟု အဆိုပါ ပါမောက္ခက ပြောကြားခဲ့သည်။

ဆုပေးပွဲစင်မြင့်ပေါ်သို့ တက်မလာခဲ့ဘဲ ဗီဒီယိုဖြင့်သာ အမှတ်တရစကားပြောခဲ့မှုများ ယခင်ကလည်း ရှိခဲ့ဖူးသည်။

■ F-02

## စာမျက်နှာ 14 တက္ကသိုလ်ပညာရေး မနေးတည်ဆောက်ကြရမည် မှအဆက်

အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အာဆီယံပညာရေးဆပ်ကော်မတီတို့၏အစီအစဉ်ဖြင့် ၁၉၉၅ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီးသော အာဆီယံတက္ကသိုလ်များကွန်ရက်ကြီးတွင် အာဆီယံနိုင်ငံများမှ တက္ကသိုလ်ပေါင်း ၃၀ ခန့် ပါဝင်လျက်ရှိသည်။ အဖွဲ့ရုံးအား ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ ပရာထိုင်းလမ်း၊ ချူလာလောင်ကွန်တက္ကသိုလ်ဝင်းဂျမ်ဂျူရီ (၁၀) အဆောက်အအုံတွင် တည်ထောင်ဖွင့်လှစ်ထားသည်။ အာဆီယံတက္ကသိုလ်များကွန်ရက်အဖွဲ့ကြီး၏ မိတ်ဖက်နိုင်ငံ၊ မိတ်ဖက်အဖွဲ့မှာ ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ အီးယူ၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယား၊ ရုရှား၊ အမေရိကန် နှင့် ယူအင်ဒီပီတို့ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်များသည် အဆိုပါအဖွဲ့ကြီးတွင် အဖွဲ့ဝင်များအဖြစ် ပါဝင်လျက်ရှိသည်။

အဖွဲ့ကြီးသည် မူလတွင် တက္ကသိုလ်များအချင်းချင်း အတွေ့အကြုံဗဟုသုတများ အပြန်အလှန်ဖလှယ်ခြင်း၊ ဆရာ၊ ကျောင်းသားများဖလှယ်ခြင်း၊ သင်တန်းအစီအစဉ်များအတွင်း သင်ရိုးညွှန်းတမ်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခဲ့ရာမှ ယခုအခါ အာဆီယံတက္ကသိုလ်များအတွက် အရည်အသွေးအာမခံမှု ASEAN University Network Quality Assurance (AUN-QA) လုပ်ငန်းစဉ်ကြီးကို ဒေသတွင်းတက္ကသိုလ်များ၏ ပညာရေးအရည်အသွေး မြင့်မားရေး မျှော်မှန်းချက်အဖြစ် အကောင်အထည်ဖော်ခဲ့သည်။ AUN-QA လုပ်ငန်းစဉ်အား တက္ကသိုလ်တိုင်းမှ အကောင်အထည်ဖော်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှု ရောက်၊ မရောက် တက္ကသိုလ်အဆင့်၊ အမျိုးသားအဆင့် အဆင့်ဆင့်စစ်ဆေးမှုများ ခံယူခြင်းအားဖြင့် AUN-QA ၏ အရည်အသွေးအာမခံစနစ် တည်ဆောက်ထားမှုကို ရယူထားကြောင်း အသိအမှတ်ပြုခြင်း ခံရသည်။ အသိအမှတ်ပြုတက္ကသိုလ်မှ မွေးထုတ်လိုက်သော ဘွဲ့ရတစ်ဦး၏အရည်အချင်းသည် ဒေသတွင်းတက္ကသိုလ်များ၏ ဘွဲ့ရများနည်းတူ အရည်အသွေး ပြည့်မီကြောင်း သက်သေထူလိုက်ခြင်းဖြစ်သည်။ ဤအချက်သည် ပြည်တွင်းတက္ကသိုလ်များ၌ တက်ရောက်ဆဲမျိုးဆက်သစ် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်မှ အလျင်အမြန်ဖြည့်ဆည်းပေးရမည့် သတိပြုဖွယ် အရေးကြီးကိစ္စတစ်ရပ်လည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တက္ကသိုလ်ပေါင်း ၁၅၀ ကျော်မှ နှစ်စဉ်မွေးထုတ်ပေးနေသည့် ဘွဲ့ရအရေအတွက်ကို ခန့်မှန်းနိုင်မည်ဖြစ်သည်။

AUN-QA လုပ်ငန်းစဉ်သည် အာဆီယံနိုင်ငံများအတွင်း အာဆီယံတက္ကသိုလ်များ အချင်းချင်းစုပေါင်းရေးဆွဲအတည်ပြုထားသော အဆင့်မြင့်ပညာရေးကဏ္ဍ တက္ကသိုလ်များအတွက် အရည်အသွေးအာမခံမှုစနစ်တစ်ရပ်ဖြစ်သည်။ အခြားဒေသတွင်း အဖွဲ့အစည်းများ၌လည်း အလားတူ မိမိဒေသအလိုက် ပညာရေးအရည်အသွေး အာမခံမှုစနစ်များကို အသီးသီး ဖော်ဆောင်လျက်ရှိသည်။ ဥပမာ- အမေရိကန်အင်ဂျင်နီယာပညာရေးနှင့် နည်းပညာဆိုင်ရာဘုတ်အဖွဲ့ (American Board of Engineering and Technology-ABET)၊ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် (Federation of Engineering Institutions in Asia and Pacific-FEIAP) ကဲ့သို့သော အဖွဲ့များသည် အစိုးရမဟုတ်သော လွတ်လပ်သော ပညာရေးအရည်အသွေး စိစစ်အသိအမှတ်ပြုရေးအဖွဲ့များ ဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ နည်းပညာတက္ကသိုလ်များသည် AUN-QA လုပ်ငန်းစဉ်များအပြင် FEIAP လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ အရည်အသွေးစိစစ်အသိအမှတ်ပြုရေးကော်မတီ၏ လမ်းညွှန်၊ လေ့ကျင့်မှုအောက်တွင် တစ်ပြိုင်တည်း အကောင်အထည်ဖော်နိုင်ရန် ကြိုးစားနေကြသည်။ နည်းပညာတက္ကသိုလ် ၁၀ ခုကျော်သည် ယခုအခါ တက္ကသိုလ်၏ အရည်အသွေး စီမံခန့်ခွဲမှုစနစ်အား နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေး စီမံခန့်ခွဲမှုစနစ် ISO-9001 အသိအမှတ်ပြုလက်မှတ်များ ရယူထားကြပြီး ဖြစ်သည်။

### ရလဒ်အခြေပြု ပညာရေး

တက္ကသိုလ်များအတွက် ရလဒ်အခြေပြုပညာရေး တည်ဆောက်ရာတွင် အရေးကြီးသော ရလဒ်ကြီးနှစ်ရပ်ကို ဦးတည်ကြရမည် ဖြစ်သည်။

(က) ဘွဲ့ရများသည် မိမိသင်ယူလေ့လာခဲ့သော အထူးပြုဘာသာရပ်ဆိုင်ရာ အခြေခံအသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် အသုံးချနိုင်စွမ်းရည်များ ပိုင်ဆိုင် နေရမည်။ အဆိုပါစွမ်းရည်များသည် ပတ်ဝန်းကျင်လူ့အဖွဲ့အစည်း၏ အမှန်တကယ်လိုအပ်နေသော ပညာရပ်ဆိုင်ရာ နယ်ပယ်များနှင့် အံဝင်ခွင်ကျ ဖြစ်နေရမည်။

(ခ) တက္ကသိုလ်များမှဆောင်ရွက်သော သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုများသည် လူမှုစီးပွားဆိုင်ရာစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းပညာအသုံးချနိုင်မှု ရလဒ်ကောင်းများအဖြစ် ဖန်တီးဖော်ဆောင်ပေးနိုင်ရမည်။

ပညာရေးသည် ကျယ်ဝန်းလျက် နူးညံ့သိမ်မွေ့သည်။ ပညာရပ်ဝန်းတွင် ပညာရှင်တို့ ပျော်မွေ့နိုင်ရန်လည်း အရေးကြီးသည်။ ပညာရေး တည်ဆောက်မှုသည် ယခုရေတွင်းတူး ယခုရေကြည်သောက် မဟုတ်။ ခိုင်မြဲသောမျှော်မှန်းချက်အား ကျယ်ဝန်း၍ လက်တွေ့ကျသော လုပ်ဆောင်ရန် လုပ်ငန်းစဉ်များ စနစ်တကျရေးဆွဲချမှတ်မှုအောက်တွင် လူ့စွမ်းအားများကို မှန်မှန်ကန်ကန် အသုံးချအကောင်အထည်ဖော်ရခြင်းဖြစ်သည်။ ဖွံ့ဖြိုးသောနိုင်ငံများ၏ ပညာရေးအကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံနှင့်စံနမူနာကောင်း၊ နည်းလမ်းကောင်းများကို ရယူဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာ့ပညာရေးသည် နှစ်ပေါင်းများစွာကာလအတွင်း ပုံစံအမျိုးမျိုးဖြင့် အုပ်ချုပ်သူတို့၏ နိုင်ငံရေးပုံရိပ်အောက်တွင် ရှင်သန်လာခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအဖြစ် ထူထောင်ရင်း ဒီမိုကရေစီ ပညာရေးအဖြစ် ပီပြင်လာစေရန် အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရပေမည်။ ပညာရေးသည် သက်ဆိုင်သည့် ပညာရေးဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ပညာရေးနှင့်ဆက်နွယ်သော ပညာရေးဖွံ့ဖြိုးမှုအတွက် စိတ်အားထက်သန်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းအသီးသီးနှင့် လူပုဂ္ဂိုလ်များပါ မကျန် ပါဝင်နိုင်ခွင့် ရှိရပေမည်။ အဆိုပါအချက်အား တက္ကသိုလ်များ၏ တက္ကသိုလ်ပဋိညာဉ်စာတမ်းများတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်ရပေမည်။

### ရှေ့ခရီး ဘယ်နည်းနှင့် သွားကြမည်

မြန်မာနိုင်ငံတက္ကသိုလ်များ၏ ပညာရည်အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုလုပ်ငန်းများ ပိုမိုဖြစ်ထွန်းပေါ်ပေါက်လာရေးမှာ ပြည်သူလူထုတစ်ရပ်လုံးမှ အထူးလိုလားတောင့်တနေသော ကိစ္စရပ်ကြီးတစ်ခုဖြစ်သည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကာလတွင် အမျိုးသားပညာရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် နယ်ပယ်ပေါင်းစုံမှ ပညာရေးဆိုင်ရာ အကြံပြုချက်များ၊ ပါဝင်ဆွေးနွေးမှုများပြုလျက် အသံ ကျယ်ကျယ်လောင်လောင်ဖြင့် ကြိုးပမ်းသွားခဲ့ကြသည်။ ရလဒ်အဖြစ် အမျိုးသားပညာရေးဥပဒေ (၂၀၁၄) နှင့် အမျိုးသားပညာရေးဥပဒေအား ပြင်ဆင်သည့် ဥပဒေ(၂၀၁၅)တို့ကို အသီးသီး ပြဋ္ဌာန်းနိုင်ခဲ့ကြသည်။

ဥပဒေ၏ရည်မှန်းချက်များ၊ အခြေခံမူများ၊ အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေး အာမခံမှုဆိုင်ရာပြဋ္ဌာန်းချက်များသည် တက္ကသိုလ်များအတွက် အရည်အသွေးဆိုင်ရာ တိုးတက်မှုဆီသို့ မလွဲမသွေရောက်ရှိစေရေးအတွက် ဦးတည်ပြဋ္ဌာန်းထားကြောင်း ထင်ရှားစွာ တွေ့ရသည်။ ဤတွင် ရည်မှန်းချက်၊ အခြေခံမူများနှင့် အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေး အာမခံမှုလုပ်ငန်းများ အမှန်တကယ်ရောက်ရှိရေးအတွက် လက်တွေ့လုပ်ရမည့်လုပ်ငန်းစဉ်များသည် အထူးအရေးကြီးလျက် ရှိသည်။ မြန်မာနိုင်ငံရေးသမိုင်းတွင် ခေတ်အဆက်ဆက်၌ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသောကဏ္ဍများတွင် ယခုကဲ့သို့မျှော်မှန်းချက်များ ချမှတ်ခဲ့ကြသည်ချည်းဖြစ်သည်။ သို့သော် အဆိုပါ မျှော်မှန်းချက်များဆီကော ရောက်ပါ၏လား။ မျှော်မှန်းချက်၊ ရည်ရွယ်ချက်ထက် ယင်းမျှော်မှန်းချက်ရည်ရွယ်ချက်များကို မည်သို့မည်ပုံ ရောက်ရှိအောင် ဆောင်ရွက်မည်၊ မည်သူတို့ဖြင့် အကောင်အထည်ဖော်မည်၊ လိုအပ်သောငွေကြေး၊ ပစ္စည်းများကို မည်သို့ရယူမည်၊ အချိန်ကာလ မည်မျှသတ်မှတ်မည်၊ အဆင့်တိုင်း ရည်မှန်းချက်ရအောင် မည်သို့ စစ်ဆေးတိုင်းတာမည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် မည်သို့လုပ်ဆောင်မည်ဆိုသော လုပ်ငန်းစဉ်စီမံချက်များမှာ လက်တွေ့နှင့်ကွာဟလျက် ထင်သလောက် ခရီးမပေါက်၊ အချိန်တို့သာ ပေးဆပ်ခဲ့ရလေသည်။ ကြားထဲကမျိုးဆက်သစ်တို့သာ အကျိုးဆက်များ ခံစားခဲ့ရသည်။ ယခု ခေတ်တစ်ခေတ် ပြောင်းဖို့ရောက်ခဲ့သည်။ ယခင်လို ယခင်တိုင်းမဖြစ်စေချင်၊ လက်တွေ့ကျသော တိုးတက်မှုနည်းလမ်းများကို ရှာကြရပေမည်။

နောက်တစ်ပတ်တွင် ဆက်လက်ဖော်ပြပါမည်

ဖိုးရာဇာ (ပေါက်ချောင်းသား)

# သစ်ခိုးထုတ်မှု ဖမ်းမိထားသူများ သက်သေခံကားနှင့် ထွက်ပြေး

**ပုသိမ်၊ မတ် ၂၉**

ဖမ်းဆီးထားပြီးသော သစ်ခိုးထုတ်မှုသက်သေခံ ပစ္စည်းများနှင့် တရားခံများ လွတ်မြောက်သွားသောကြောင့် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးဇော်မင်းသိန်းနှင့် တောခေါင်း ဦးမျိုးညွန့်တို့ကို တာဝန်ပေါ့လျော့မှုဖြင့် ခရိုင်ကျော်ပြောင်းရွှေ့ပြစ်ဒဏ်ဖြင့် အရေးယူထားကြောင်း ဧရာဝတီတိုင်းဒေသကြီး အစိုးရရုံးထံမှ သိရသည်။

ယခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်က ရဲတပ်ဖွဲ့ လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူများက သာပေါင်းမြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများကို ဖမ်းဆီးပေးကာ အပ်နှံပေးခဲ့သော သစ်တင်ယာဉ်၊ ကားသော့၊ သစ်နှင့် လူစသည့် ပျောက်ဆုံးမှုကြောင့် အရေးယူခဲ့ကြောင်း ယင်းဌာနထံမှ သိရသည်။

"သူတို့ကို ဟသ်ာတ ခရိုင် သစ်တောဦးစီးမှူး ဦးဆောင်တဲ့အဖွဲ့က ရှေးဦး စစ်ဆေးပြီး တာဝန်ရှိသူဖြစ်နေတဲ့အတွက် ခရိုင်ကျော်ပြောင်းရွှေ့အပြစ်ဒဏ်ပေးခဲ့ပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် သယံဇာတသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဦးဘဟိန်းက ပြောကြားသည်။

ဒေသခံများ၏ သတင်းပေးတိုင်ကြားချက်အရ သာပေါင်းမြို့နယ် သဲဖြူရွာ နှင့် သာပေါင်းလေး ရွာအကြား ဒိုးတန်းချောင်းအနီး၌ ကားများပေါ် သစ်တင်နေစဉ် ဖမ်းမိခဲ့ကြောင်း၊ သစ်တင်ကား ၂ စီး ၊ လူ ၁ဦး ၊ မြေကြီးတွင်ပုံထားသော သစ်များနှင့် ကားပေါ်တင်ပြီး သစ်များ အပါအဝင် သစ် ၃၅ တန်ကျော်ကို ဖမ်းဆီးရမိပြီး ဓာတ်ပုံများနှင့် တကွ ရဲတပ်ဖွဲ့နှင့် သစ်တောဦးစီးဌာနသို့ ဇန်နဝါရီ ၂၂ ရက်က လွှဲပြောင်းပေးခဲ့ကြောင်း၊ ဒေသအတွင်းရှိ သစ်တောများတွင် သစ်တင်ကားများ၊ တရားမဝင်သစ်ထုတ်သူများ ပုန်းအောင်းနေသဖြင့် နယ်မြေရှင်းပေးရန် သက်ဆိုင်ရာ အဖွဲ့အစည်းထဲ အကြောင်းကြားခဲ့ကြောင်း သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း က ပြောကြားသည်။

ကားများကို မောင်းမရစေရန် ဘီးလေလျှော့ထားခြင်း၊ တရားခံကို သေချာစွာ မဖမ်းဆီးခြင်း၊ ကားသော့မဖြုတ်ခြင်းတို့ကြောင့် တရားမဝင်သစ်ထုတ်သူများက ကားကိုမောင်းပြေးခဲ့ကြောင်း၊ တောတွင်း၌ လမ်းခွဲမြောက်မြားစွာ ရှိနေ၍ မဖမ်းမိတော့ကြောင်း၊ မှတ်တမ်းဓာတ်ပုံမှာ မထင်ရှားခြင်း၊ ကားနံပါတ်မပါရှိခြင်း၊ ဖမ်းမိထားသူမှာလည်း ဖမ်းမိသည့် နေရာအနီးနေထိုင်သူဖြစ်နေရာ အတိအကျ ကားမောင်းသူဟု မသတ်မှတ်နိုင်ခြင်း၊ လမ်းတစ်လျှောက် ပိတ်ဆို့ပစ်ချခဲ့သော သစ်ခွဲသား ၈၀ ချောင်းကိုသာ ပိုင်ရှင်မဲ့သိမ်းဆည်းရမိပြီး သစ်တင်ကားနှင့် လူတို့ကို တရားစွဲဆိုနိုင်ခြင်းမရှိကြောင်း ဝန်ကြီး ဦးဘဟိန်းက ပြောကြားသည်။

"တရားမဝင် သစ်ဖမ်းမိရင် ပိုင်ရှင်မဲ့တွေကများနေတယ်။ ကားရော ကားမောင်းသူပါမိတဲ့ အမှုမျိုးတောင် တကယ့်သစ်ခိုးထုတ်သူကို တရားခွင်အရောက်မပို့နိုင်တော့ ဒီနေ့ဖမ်းလည်း မနက်ဖြန်သစ်ခိုးထုတ်တာ ရှိနေဆဲပဲ၊ တောထဲမှာ သစ်တင်ကားအများစုက နံပါတ်မတပ်ကြဘူး။ လိုင်စင်မဲ့တွေပါ၊ သာပေါင်းတောထဲမှာ သစ်တင်ကား ရာဂဏန်း အထိရှိနေတယ် တကယ်ဖမ်းရင် မြေလျှိုးမိုးပျံ လို့မှမရတာ မိရမှာပေါ့" ဟု သာပေါင်း ဒေသခံ ဦးအောင်သက်ခိုင် ကမှတ်ချက်ပြုသည်။

သာပေါင်းမြို့နယ် သစ်တောများ အတွင်းမှ သစ်များကိုတရားမဝင် သစ်ထုတ်လုပ်သူများက သစ်တောဦးစီးဌာနခွင့်ပြုချက် အမှတ်တံဆိပ်များ အတုရိုက်နှိပ်ကာ ဘောမိချောင်းမှတစ်ဆင့် ပင်လယ်ဘက်အခြမ်းက လည်းကောင်း၊ သာပေါင်း ရေနံ့သာကားလမ်းမှ ငသိုင်းချောင်း မြို့ဘက်အထွက်လမ်းက လည်းကောင်း၊ သစ်တောတွင်းရှိ သာပေါင်း ရွှေညောင်ပင်ချောင်းမှ တစ်ဆင့် ငဝန်မြစ်ကြောင်းအတိုင်း ကန်ကြီးထောင့်မြို့နယ်ဘက်သို့လည်းကောင်း ထုတ်လုပ်သယ်ယူကြကြောင်း ဒေသခံများထံမှ သိရှိရသည်။

■ R-12

# ရွှေဘိုနွေစပါး ကောက်စိုက်စက်ဖြင့် စမ်းသပ်စိုက်

**ရွှေဘို၊ မတ် ၂၉**

ရွှေဘိုနွေစပါးတစ်မျိုးဖြစ်သည့် ရွှေဆည်ရင်စပါးမျိုးကို မတ်လ ၂၈ ရက်နေ့က ကောက်စိုက်စက်ဖြင့် စမ်းသပ်စိုက်ပျိုးပညာပေးပြသခဲ့ကြောင်း ရွှေဘိုမြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊အမှတ်၃စက်မှုလယ်ယာစခန်းမှ ဒုဦးစီးမှူး ဦးသန်းဇော်က ပြောကြားသည်။

အဆိုပါ စမ်းသပ်စိုက်ပျိုးမှုကို ရွှေဘိုမြို့နယ် ကျားရွာ၊ တက်တူရွာ၊ ညောင်ပင်သာရွာမှ တောင်သူများပိုင်ဆိုင်သည့် ကွင်းအမှတ် ၂၉၆ ကွင်း၊ ဧက ၁၀၀ တွင် ကောက်စိုက်စက်ဖြင့် တောင်သူများကို ပညာပေးပြသစိုက်ပျိုးခြင်း ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

ယင်းသို့စက်ဖြင့် စိုက်ပျိုးခြင်းသည် စပါးစိုက်ပျိုးရန် အလုပ်သမားရှားပါးသည့် ပြဿနာပြေလည်စေရန်၊ ကုန်ကျစရိတ်သက်သာစေရန်နှင့် အချိန်ကုန်သက်သာစေရန်ရည်ရွယ်၍ တောင်သူများကို ပညာပေး စိုက်ပျိုးပြသခြင်းဖြစ်ကြောင်း ဦးသန်းဇော်က ရှင်းပြသည်။

"လုပ်သားရှားပါးမှုက နှစ်စဉ်ကြုံတွေ့နေရတယ်၊တစ်ဧကိုတစ်နာရီလောက်ပဲကြာတယ်" ဟု အဆိုပါ ကောက်စိုက်ပညာပေးပွဲ တက်ရောက်လာသည့် ပန်းရန်ကျေးရွာ တောင်သူ ဦးအောင်ရွှေက ဆိုသည်။

ယခင်က ကောက်စိုက်သမားများကိုခေါ်ယူစိုက်ပျိုးပါက တစ်ဧကလျှင် ကျပ် ၃၅,၀၀၀မှ ကျပ် ၄၀,၀၀၀ ခန့်ကုန်ကျစရိတ်ရှိပြီး စက်ဖြင့်စိုက်ပျိုးခြင်းသည် အလုပ်သမား ပြဿနာကအစ စရိတ်အားလုံးပို၍ သက်သာကြောင်း ၎င်းကပြောဆိုသည်။

အဆိုပါစက်ဖြင့် စိုက်ပျိုးခြင်းကို တောင်သူအများစုက စိတ်ပါဝင်စားလျက်ရှိပြီး လာမည့်နှစ်တွင် စက်ဖြင့်စမ်းသပ်စိုက်ပျိုးမည့် အလားအလာရှိနေကြောင်း၊ စက်ဖြင့်အစားထိုးစိုက်ပျိုးလိုပါက ဌာနမှ လိုအပ်မှုများကို ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စက်မှုလယ်ယာဦးစီးဌာနထံမှ သိရသည်။

"ကောက်စိုက်စက်ကို အသုံးပြုရတဲ့ အားသာချက်က လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်တယ်။ ရာသီဥတုကြောင့် စိုက်ချိန်နောက်ကျတယ် ဆိုရင် တောင် အလုပ်သမားတွေကို အခြားဒေသကခေါ်စိုက်ရတဲ့ အခက်အခဲတွေမရှိတော့ဘူး" ဟု ဦးသန်းဇော်က ဆိုသည်။

သို့သော် ယင်းစက်ဖြင့်စိုက်ပျိုးခြင်း၏ အားနည်းချက်မှာမူ ယခင်ရိုးရာနည်းအတိုင်းစပါးပျိုးသကဲ့သို့ ပျိုး၍မရဘဲဗန်းများဖြင့်သာပျိုးပေးရကြောင်း တောင်သူများထံမှ သိရသည်။

■ R-09



ဓာတ်ပုံ – မြတ်သူထွန်း

# ရခိုင်တွင် သုံးမည့်ဂျပန်မှ အမြန်ရေယာဉ် လွှဲပေး

**စစ်တွေ၊ မတ် ၂၉**

ရခိုင်ပြည်နယ်အတွင်း ၂ နှစ်ကြာ ရပ်နားထားသည့် ကမ်းရိုးတန်းသွားခရီးသည်တင် သင်္ဘောများနေရာတွင် အစားထိုးပြေးဆွဲရန်အတွက် ဂျပန်နိုင်ငံမှ ပေးအပ်လှူဒါန်းသည့် အမြန်ရေယာဉ်သုံးစင်းအနက်ကဋ္ဌပနဒီ(၁)အမြန်ရေယာဉ်ကို မတ်လ ၂၉ ရက်နေ့က စစ်တွေမြို့တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။

ဂျပန်နိုင်ငံမှ ရခိုင်ကမ်းရိုးတန်းတွင် အသုံးပြုရန်အတွက် လက်ရှိ ဂျပန်နိုင်ငံတွင် အသုံးပြုနေသည့် အမြန်ရေယာဉ်များကို အကြီးစားပြုပြင်မှုများပြုလုပ်ကာ ရခိုင်ပြည်နယ်သို့ ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး Mr. Tateshi Higuchi က ယင်းလွှဲပြောင်းပေးအပ်ပွဲအတွင်း ပြောကြားသည်။

ယခုသင်္ဘောအပြင် ဂျပန်နိုင်ငံမှ ထပ်မံရောက်ရှိလာမည့်နှစ်စင်းအနက် တစ်စင်းမှာ မေလကုန်တွင် ရောက်ရှိမည်ဖြစ်ပြီး၊ အသစ်တည်ဆောက်နေသည့် အမြန်ရေယာဉ်တစ်စင်းမှာ လာမည့်နှစ် ဒီဇင်ဘာလတွင် ရောက်ရှိမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်း ဦးစီးဌာနထံမှ သိရသည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၅ ခုနှစ်က အောင်တံခွန် ၃ သင်္ဘောနစ်မြုပ်ခဲ့ပြီး နောက်ပိုင်းတွင် ရပ်နားထားခဲ့သည့် မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်၊ မာန်အောင် ခရီးစဉ်များကို ယခုဂျပန်နိုင်ငံမှ ပေးအပ်လှူဒါန်းသည့် အမြန်ရေယာဉ်များဖြင့် ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါဌာနထံမှ သိရသည်။

■ R-04

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၄၂၁၀၀ ၆၅၇၉၊ ၀၉ ၄၂၁၁၁ ၈၃၂၇

# မြစ်ကြီးနားရှိ လွတ်လပ်ရေးကျောက်တိုင် ရှေး/သုလက်အောက်မရှိ၍ ပြုပြင်မည်မဟုတ်

**မြစ်ကြီးနား၊ မတ် ၂၉**

မြစ်ကြီးနားမြို့မြို့မဈေး၂ ရှိ လွတ်လပ်ရေး ကျောက်တိုင်ကို ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်မရှိသေးကြောင်း ကချင်ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာသင်းလွင်က မတ်လ ၂၉ ရက်နေ့က ကချင်ပြည်နယ်လွှတ်တော်တွင် ပြောကြားသည်။

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တနိုင်းမြို့နယ် အမှတ် ၂ မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၏ မေးခွန်းကို ၎င်းကယင်းသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ယင်းလွတ်လပ်ရေး ကျောက်တိုင်သည် နှစ် ၇၀ ခန့်သာကြာမြင့်သေးကြောင်း၊ ထို့ပြင် ယင်းကျောက်တိုင်သည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန လက်အောက်တွင် မရှိသေး၍ ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်မရှိသေးကြောင်း ဝန်ကြီးဒေါက်တာသင်းလွင်က ပြောကြားသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့အထိမ်းအမှတ်များကို လွတ်လပ်ရေးကျောက်တိုင်ရှေ့တွင် ခမ်းနားထည်ဝါစွာ ပြုလုပ်နေသော်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လွတ်လပ်ရေး ကျောက်တိုင်သည် မထင်မရှားဖြစ်နေကြောင်း၊ ယင်းကြောင့် အစိုးရအနေနှင့် ယင်းလွတ်လပ်ရေးကျောက်တိုင်ကိုပြုပြင်ထိန်းသိမ်းရန် အစီအစဉ်ရှိ မရှိကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဇော်ဝင်းက မေးမြန်းခဲ့ခြင်းဖြစ်သည်။ ■

R-06




ဖလမ်းမြို့ ရေပေးရေးအတွက် ချင်းပြည်နယ်ဝန်ကြီးချုပ် လိုက်လံစစ်ဆေးခဲ့သည်ကိုတွေ့ရစဉ်

# ဖလမ်းမြို့ရေပေးဝေရေးအတွက် ကျပ်သန်း ငါးထောင် အသုံးပြုမည်

**ကလေး၊ မတ် ၂၉**

ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ ပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်ရေးအတွက် မြို့နှင့် ၂၅ မိုင်ဝေးသည့် နေရာမှ ရေသွယ်တန်းမှု လုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ကျပ်သန်း ငါးထောင် အသုံးပြုကာ ဧပြီလဆန်းတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဖလမ်းခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုး က ပြောကြားသည်။

ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၄၅၀၀ကျော်တွင် တည်ရှိသော ဖလမ်းမြို့တွင် ရပ်ကွက် လေးခုရှိ လူဦးရေ တစ်သောင်းခြောက်ထောင်ကျော်နေထိုင်ကြောင်း၊ နေထိုင်သူများအတွက် သောက်သုံးရေ ရရှိရေးအတွက် စိမ့်စမ်းရေ ၁၂ ခုမှ ရေကိုသွယ်တန်း အသုံးပြုခြင်း၊ ဖလမ်းမြို့နှင့် ဟားခါးမြို့အကြား လိုင်ဗားရေလှောင်တမံမှ လေးလက်မပိုက်ဖြင့် ရေသွယ်တန်းကာ ဖလမ်းမြို့ကို ရေပေး ဝေနေကြောင်း၊ ယင်းသို့ ပေးဝေနေသည့် ရေအရင်းအမြစ်များမှာ ၂၀၁၅ ခုနှစ်က သဘာဝဘေးကြောင့် ပျက်စီးမှု အချို့ဖြစ်ပေါ်ပြီး နွေရာသီ ရေနည်းကာလတွင် သောက်သုံးရေ မလုံလောက်မှုနှင့် ကြုံတွေ့နေရကြောင်း ၎င်းက ရှင်းပြသည်။

ယင်းပြဿနာကိုဖြေရှင်းရန် ကမ္ဘောဇဘဏ်၏ အနာဂတ် အလင်းတန်းဖောင်ဒေးရှင်းမှ လှူဒါန်းထားသော ရေသယ်ယာဉ်တစ်စီး၊ ဖလမ်းခရိုင် မီးသတ်ဦးစီးဌာနရှိ ရေသယ်ယာဉ် လေးစီးဖြင့် သောက်သုံးရေပေးဝေနေကြောင်း၊ ရေရှည် သောက်သုံးရေရှားပါးမှု ပြဿနာဖြေရှင်းရန်အတွက် နိုင်ငံတော် သမ္မတသီးသန့် ရန်ပုံငွေသန်းငါးထောင်ကိုအသုံးပြုကာ လိုင်ဗားရေလှောင်တမံမှ ၈ လက်မပိုက်ဖြင့် ဖလမ်းမြို့ ရေပေးဝေရေးလုပ်ငန်း အကောင်အထည်ဖော်နိုင်ရန် ဆောက်ရွက်နေကြောင်း၊ ယင်းလုပ်ငန်းကို မိုးရာသီမတိုင်ခင် အပြီးသတ်ရန် ဆောင်ရွက်နေကြောင်း ၎င်းက ရှင်းပြသည်။

"တင်ဒါခေါ်နေတာကြောင့် ဒီလကုန်လောက်မှစပြီး ဆောင်ရွက်မှာပါ။ ရေအရင်းအမြစ် နေရာတွေကို လိုက်စုစည်းပြီး လောလောဆယ် ရေပြဿနာကို ဖြေရှင်းပေးနေတယ်၊ ရေရှည်အတွက် လိုင်ဗားကနေ ရေသွယ်ပြီး ရေပေးဝေနိုင်ဖို့ ဆောင်ရွက်နေတာပါ" ဟု ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုး က ပြောဆိုသည်။

ဖလမ်းမြို့တွင် နေသူများမှာ မြို့နယ် ၁၀မိုင်ခန့်ဝေးသော စိမ့်စမ်းရေများမှ ရေကို သွယ်တန်း ရယူနေရကြောင်း၊ စိမ့်စမ်းရေတွင်းမှ ရေခန်းခြောက်လာသည့်အတွက် တစ်ပတ်လျှင် ၂ ကြိမ်ရေရသော်လည်း တစ်ပီပါပင် ပြည့်အောင်မရကြောင်း၊ စိမ့်စမ်းတွင်းများမှ သွားရောက်ခပ်ယူနိုင်သူများသာရေရပြီး မခပ်နိုင်ပါက ရေကိုဝယ်ယူအသုံးပြုနေရကြောင်း ဖလမ်းမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အတွင်းရေးမှူး ဒေါ်ငူးရီး က ပြောသည်။ ■ R-20

# သာစည်တွင် ကျေးရွာများ ရေရှားပါးမှုနှင့် စကြုံ

**မိတ္ထီလာ၊ မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာခန့်တွင် သောက်သုံးရေရှားပါးမှုနှင့် စတင်ကြုံတွေ့နေရကြောင်း အဆိုပါဒေသခံများထံမှ သိရသည်။

ယင်းကြောင့် အဆိုပါမြို့ခံ ရေလှူအသင်းတစ်သင်းဖြစ်သည့် ဇေယျသုခရေအလှူရှင်အသင်းက ကျေးရွာ ၃၀ ကို ဂါလန် ၁၂၀၀၀ ဆံ့ရေကားတစ်စီးနှင့် ဂါလန် ၁၈၀၀ ဆံ့ရေကားတစ်စီးတို့ဖြင့် နေ့စဉ်သွားရောက်ကာ ရေလှူနေရကြောင်း ယင်းအသင်း အတွင်းရေးမှူး ဦးမြင့်ဆွေ(ပွိုင့်)က ပြောကြားသည်။

သာစည်မြို့နယ်အတွင်းရှိ သောက်သုံးရေလိုအပ်ချက်ရှိနေသော ကျေးရွာများကို ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့တွင်းနှင့် ခုနစ်မိုင်ဝန်းကျင်ခန့်သာကွာဝေးသော ကျီတိုင်ကုန်း(တောင်ရွာ၊ မြောက်ရွာ)၊ ရွာပုလဲလေး၊ ဆင်သေ၊ အုတ်ဖို၊ ဘုတ်တလုပ်၊ ကြာဘက်ကုန်းနှင့် အောင်မြင်သာရွာများသည် သောက်သုံးရေ ပြတ်လပ်မှုအများဆုံးဖြစ်ကြောင်း ကွင်းဆင်းလေ့လာမှုတွင်ပါဝင်သည့် အောင်သာစည်လူငယ်အဖွဲ့မှ အဖွဲ့ဝင် ဦးထွန်းထွန်းလင်းက ပြောကြားသည်။

"အဲဒီရွာတွေမှာ ရေတွင်းတော့ရှိတယ်။ ရေငန်တယ်။ ဒါပေမဲ့ အခုရေတွင်းတွေက ရေမထွက်တော့တာ။ အရင်က သုံးရေအတွက်ကို သူတို့ဆီက ရေကိုသုံးတယ်။ သောက်ရေကို ဘေးရွာတွေကနေလှည်းနဲ့ သွားယူရတယ်" ဟု ၎င်းက ရှင်းပြပြောဆိုသည်။

သာစည်မြို့နယ်တွင် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်ကလည်း ဒေသတွင်းကျေးရွာများ၌ သောက်သုံးရေရှားပါးပြတ်လပ်မှုများနှင့် ကြုံတွေ့ခဲ့ရပြီး ရပ်ကွက် ၇ ခု၊ ကျေးရွာ ၂၂၉ ရွာတွင် လူဦးရေ နှစ်သိန်းကျော်ခန့် နေထိုင်လျက်ရှိသည်။ ■ R-01

# လူပျောက်ရှာသည့် အမျိုးသမီး အဓမ္မပြုကျင့်ခံရ

**ဟသ်ာတ၊ မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် မြို့ကွင်းအုပ်စု ပေကုန်းကျေးရွာတွင် နေထိုင်သော အသက် ၄၀ အရွယ် အမျိုးသမီးက လူပျောက်ရှာရန်အတွက် အသက် ၃၀အရွယ် အမျိုးသားကိုခေါ်ဆောင် သွားရာမှ အဓမ္မပြုကျင့်ခံရသဖြင့် မတ်လ ၂၇ ရက်တွင် အမှုဖွင့်ခဲ့ကြောင်း ဟသ်ာတမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

လွန်ခဲ့သော နှစ်လက မောင်အရင်းဖြစ်သူမှာ အလယ်စုကျေးရွာ ပေါ်တော်မူဘုရားတွင် မူးလဲနေသည်ဟုကြားသိသဖြင့် တစ်ရွာတည်းနေသူ ကိုစိုးမောင်မာင်ကို လမ်းတွင်တွေ့သောကြောင့် လိုက်ပို့ပေးရန် အဖော်ခေါ်ခဲ့ကြောင်း၊ ဘုရားပေါ်တွင် မောင်ဖြစ်သူကို မတွေ့သဖြင့် အဖော်လိုက်ပါသူက လိုက်ပြမည်ဆိုကာ အလယ်စုရွာလယ်ကွင်းတွင် တွန်းလှဲကာ အဓမ္မပြုကျင့်ခဲ့ကြောင်း အဆိုပါ ရုံးထံမှ သိရသည်။

ယင်းနောက် အသက်ရန်ရှာခံရမည်ကို စိုးရိမ်သဖြင့် နှစ်လခန့် အမှုမဖွင့်ဘဲထားပြီး အိမ်နီးချင်း အမျိုးသမီးနှစ်ဦးကိုသာ အသိပေးခဲ့ကြောင်း၊ ဆွေမျိုးသားချင်းများနှင့် တိုင်ပင်ကာ မတ်လ ၂၇ ရက်တွင် တလုတ္တော်နယ်မြေရဲစခန်းတွင် ရာဇသတ်ကြီး ပုဒ်မ ၃၇၆ဖြင့် အမှုဖွင့်ခဲ့ပြီး ကျူးလွန်သူကို ဖမ်းဆီးကာ စစ်ဆေးနေကြောင်း ဟသ်ာတ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

■ R-13

# ကျိုင်းတုံတွင် မိုးသီးကြွေသဖြင့် အိမ် ၂၀ပျက်စီး

**ကျိုင်းတုံ၊ မတ် ၂၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စု ဝမ်ဆိုင်း(လွယ်)ရွာတွင် မတ်လ ၂၈ရက် နံနက် ၁နာရီခွဲက မိုးသီးများ ကြွေကျသဖြင့် လူနေအိမ် ၂၀ ပျက်စီးခဲ့ကြောင်း ကျိုင်းတုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ရုံးထံမှ သိရသည်။

ယင်းကျေးရွာတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး၂ ဒသမ၅လက်မခန့်ရှိ မိုးသီးများကြွေကျခဲ့ရာ နေအိမ် ၂၀၏ သွပ်ခေါင်မိုးများပေါက်ကာ ပျက်စီးခဲ့ကြောင်း၊ ပျက်စီးနေအိမ်များကိုလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သွပ်များ ထောက်ပံ့ရန်ရှိပြီး ကြက်ခြေနီအနေနှင့်အိုးခွက် ပန်းကန်များ ထောက်ပံ့ရန်ရှိကြောင်း၊ မိုးသီးကြွေမှုကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်သေဆုံးမှု မရှိကြောင်း ပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဦးစီးမှူး (ဒုတိယတန်း) ဦးထူးလှိုင်က ပြောကြားသည်။ ■ R-16

# သောက်ရေခပ်ရာမှ လူသေဆုံးမှု ၂၁ ဦးကို ထောင်ဒဏ်ချမှတ်

**ရန်ကုန်၊ မတ် ၂၉**

ဒလမြို့နယ် ခနိတောကျေးရွာတွင် သောက်သုံးရေခပ်ရာမှ ခိုက်ရန်ဖြစ်ခဲ့သော လူသေဆုံးမှုတွင် ပြစ်မှုကျူးလွန်ခဲ့သည့် အမျိုးသား ၂၁ ဦးကို မတ်လ ၂၈ ရက်နေ့က တောင်ပိုင်းခရိုင်တရားရုံးမှ အလုပ်နှင့် ထောင်ဒဏ်အမိန့်များ အသီးသီးချမှတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

၂၀၁၅ ခုနှစ် ဧပြီလ ၂၇ ရက်နေ့ ညပိုင်းအချိန်တွင် ခနိတောကျေးရွာထိပ်တွင် နေထိုင်သည့် ဦးကျော်တင့်၏နေအိမ်ကို ယင်းရွာတွင် နေထိုင်သည့် အမျိုးသား အယောက် ၃၀ မှ တုတ်၊ ဓား လက်နက်များ ကိုင်ဆောင်၍ နေအိမ်ဖျက်ဆီးပြီး မိသားစုဝင်များကို ရန်ပြုတိုက်ခိုက်ခဲ့သောကြောင့် အမျိုးသမီးနှစ်ဦး ဒဏ်ရာရကာ အသက် ၂၇ နှစ်အရွယ် ဦးကျော်တင့်၏ ညီဖြစ်သူမှာ သေဆုံးခဲ့ကြောင်း စစ်ဆေးချက်များအရ သိရသည်။

"လယ်မြေပိုင်ဆိုင်မှု အငြင်းပွားခဲ့ရာက လူသတ်မှုအထိ ဖြစ်ခဲ့တာပါ၊ အခင်းဖြစ်နေ့က ဦးကျော်တင့် ပိုင်ဆိုင်တဲ့ လယ်မြေကို မြေစာရင်းဌာနက လာတိုင်းခဲ့တယ်၊ ဒါကို ရွာသားတွေက မကျေနပ်ဘူး၊ ဒါကြောင့် တစ်ရွာလုံးမှာရှိတဲ့ ယောက်ျားတွေက တုတ်၊ ဓားတွေကိုင်ဆောင်ပြီး ဦးကျော်တင့်တို့ မိသားစုကို အကြမ်းဖက်ခိုက်ရန်ပြုခဲ့တာ၊ ဒီအမှုမှာ ဖမ်းဆီးအရေးယူခံရသူ အယောက် ၃၀ ရှိခဲ့ပေမယ့် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သူ ၂၁ ဦးပဲ ထောင်ဒဏ်အမိန့်ချခံရတယ်၊ ကျန်လူတွေက ပြစ်မှုကျူးလွန်ကြောင်း မထင်ရှားလို့ အမှုကနေ ကွင်းလုံးကျွတ် လွတ်သွားတယ်" ဟု ရဲအရာရှိ တစ်ဦးက ပြောသည်။

အဆိုပါ လူသတ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ လယ်မြေပိုင်ဆိုင်မှု အငြင်းပွားခဲ့ခြင်း မဟုတ်ကြောင်းနှင့် ခနိတောကျေးရွာတွင် တစ်ကန်တည်းသာရှိသော သောက်ရေကန် ပိုင်ဆိုင်မှု အငြင်းပွားရာမှ ခိုက်ရန်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း ခနိတောကျေးရွာတွင် နေထိုင်သူများထံမှ သိရသည်။

"ဦးကျော်တင့် တို့ မိသားစုက သောက်ရေကန်ဘေးမှာရှိတယ်၊ ဒီရေကန်က သူတို့ဘိုးစဉ်ဘောင်ဆက်တည်းက တူးဖော်ထားတဲ့ရေကန်၊ သူတို့ပိုင်တယ်ဆိုပြီး ရေလာခပ်တဲ့ ရွာသူရွာသားတွေကို ရန်ရှာခဲ့တယ်၊ တစ်ရွာလုံးကလည်း ရေရှားတော့ ဒီရေကန်ပဲ အားကိုးနေရတာ၊ အများပိုင်ရေကန်အဖြစ် ရွာသူ၊ ရွာသားတွေက သတ်မှတ်ပေးစေချင်တယ်၊ ဒါကို သူတို့ မိသားစုက လက်မခံခဲ့ဘူး၊ အခင်းဖြစ်နေ့က ရေခပ်တဲ့ကောင်မလေးကိုဦးကျော်တင့်တို့ ခြံဝိုင်းထဲကနေ ခဲနဲ့ထုပြီး ဆဲဆိုခဲ့တာကြောင့် ရွာသားတွေက ဒေါသထွက်ပြီး သူတို့မိသားစုကို တုတ်၊ ဓားတွေနဲ့ အကြမ်းဖက် တိုက်ခိုက်ခဲ့တာပါ" ဟု ခနိတောကျေးရွာတွင် နေထိုင်သည့် အမျိုးသမီးတစ်ဦးက ဆိုသည်။

အခင်းဖြစ်ညက ခနိတောကျေးရွာတွင် နေထိုင်သူ အသက် ၃၆ နှစ်အရွယ် အောင်ကျော်ညွှန့် အပါအဝင် ရွာသားအယောက် ၃၀ က တုတ်၊ ဓားများကိုင်ဆောင်၍ ဦးကျော်တင့် နေအိမ်ကို ခဲဖြင့် ဝိုင်းထုဖျက်ဆီးခဲ့ပြီး ဦးကျော်တင့်၏ အမေနှင့် နှမဖြစ်သူကို တုတ်၊ ဓားများဖြင့် ရိုက်နှက်ထိုးခုတ်ခဲ့ကြောင်း၊ ယင်းနောက် လယ်ကွင်းထဲ ထွက်ပြေးတိမ်းရှောင်ခဲ့သော ဦးကျော်တင့်၏ ညီဖြစ်သူ အသက် ၂၇ နှစ်အရွယ် ကိုကျော်သူကို ဝိုင်းဖမ်းဆီး၍ သတ်ဖြတ်ခဲ့ကြောင်း တောင်ပိုင်းခရိုင်တရားရုံးထံမှ သိရသည်။

အဆိုပါ အမှုမှ ပြစ်မှုကျူးလွန်ခဲ့သူဟုဆိုသော ခနိတောကျေးရွာမှ ရွာသား ၃၀ ဦးကို ဖမ်းဆီး၍ တောင်ပိုင်းခရိုင်တရားရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၃၀၂/၄၅၂/၃၂၅/ ၃၂၄/ ၃၂၃/ ၄၃၆/ ၄၂၇/ ၂၉၄/၁၄၉ ဖြင့်တရားစွဲဆို စစ်ဆေးခဲ့ပြီးနောက် ပြစ်မှုကျူးလွန်ကြောင်း မထင်ရှားသည့် အမျိုးသားအချို့ကို ပြန်လွှတ်ပေးခဲ့သည်။

ယင်းအမှုမှ ပြစ်မှုကျူးလွန်ရာတွင် ဦးဆောင်ခဲ့သည့် ခနိတောကျေးရွာမှ အောင်ကျော်ညွှန့်ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရ အလုပ်နှင့် ထောင်ဒဏ် ၂၀ နှစ်၊ အောင်စန်းဦး၊ ဝင်းသန်း၊ အေးခိုင်၊ မြင့်သန်းတို့ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)/၁၁၄အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်၊ သန်းနိုင်၊ ကျော်နိုင်ဦး၊ သိန်းထွေး၊ စိန်အေး၊ သိန်းဇော်တို့ကို ရာဇသတ်ကြီးပုဒ်မ ၃၂၅/၄၂၇အရ အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်၊ နိုင်ဇော၊ တင်အောင်မြင့်၊ သန်းဇော်၊ အောင်အောင်၊ အောင်ဇော်၊ ဟန်ကြည်၊ ခင်မောင်မြင့်၊ ကျော်စိန်၊ ငကျော်(ခ)ကျော်မြင့်၊ အောင်မိုး၊ သန်းဆွေတို့အား ရာဇသတ်ကြီးပုဒ်မ ၄၂၇ အရ အလုပ်နှင့် ထောင်ဒဏ် ၂ နှစ်စီကျခံစေရန် မတ်လ ၂၈ ရက်နေ့က တောင်ပိုင်းခရိုင် တရားရုံးတွင် အမိန့်ချမှတ်ခဲ့သည်။ ■ S-03

# ဒဂုံမြောက် မဝတ လမ်းဆုံတွင် ကားသူခိုးကို ရပ်ကွက်နေသူများက ဝိုင်းဖမ်း

**ရန်ကုန်၊ မတ် ၂၉**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းရှိ မဝတ လမ်းဆုံတွင် မတ်လ ၂၈ ရက် ည ၁၀ နာရီခွဲက အငှားယာဉ်တစ်စီးကို ခိုးယူပြေးသည့် အသက် ၃၇ နှစ်အရွယ် အမျိုးသားကို ရပ်ကွက်နေသူများက ဝိုင်းပိတ်ဆို့ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၇ ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်းတွင် နေထိုင်သူ ဇာနည်အောင်သည် ယင်းညက သဃ်န်းကျွန်းမြို့နယ်၊ ကမာကြည်လမ်းမှ ကယ်လ်ဒီးနား အမျိုးအစားအငှားယာဉ် တစ်စီးကို ငွေကျပ် ၅၀၀၀ ဖြင့် ငှားရမ်း၍ ၎င်းနေထိုင်ရာ နေအိမ်သို့လိုက်လံပို့ဆောင်ခိုင်းခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်းရှိ အားကစားကွင်းမှတ်တိုင်အရောက် အငှားယာဉ်မောင်း အမျိုးသားမှ အပေါ့သွားလိုသောကြောင့် ယာဉ်ရပ်နား၍ အောက်ဆင်းစဉ် ယာဉ်မောင်းဘေးတွင် အိပ်ချင်ယောင်ဆောင်နေသည့် ဇာနည်အောင်က အငှားယာဉ်မောင်းနှင်ထွက်ပြေးခဲ့ကြောင်း အမှုဖွင့်တိုင်ကြားချက်များအရ သိရသည်။

"တက္ကစီမောင်းသူက သူ့ကားနောက်အပြေးလိုက်ခဲ့ရာက မဝတ လမ်းဆုံမီးပွိုင့်မှာ မီးနီမိပြီး ရပ်ထားတဲ့ သူ့ကား ပြန်တွေ့လိုက်တယ်၊ "ကားသူခိုး ကားသူခိုး" လို့ သူက အော်ဟစ်အကူအညီတောင်းလို့အနီးနားက လူတွေရောက်လာပြီး ကားသူခိုးကို ဝိုင်းဖမ်းပေးခဲ့တာ" ဟု ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိ တစ်ဦးက ပြောသည်။

အဆိုပါ အငှားယာဉ်ခိုးယူပြေးသူကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မှ ရဲစခန်းက (ပ) ၃၆၄/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၃၈၂ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ S-03

## မျက်နှာဖုံး - ရန်ကုန်မြို့လယ်တွင် ကိုယ်လုံးတီးဖြင့် ပြေးလွှားနေသည့် မှ အဆက်

မြောက်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူဖြစ်ပြီး ယင်းညက အနော်ရထာလမ်းနှင့် ၁၁ လမ်းထိပ် တွင် ၎င်း၏ခင်ပွန်းဖြစ်သူနှင့် စကားများရန်ဖြစ်ရာမှ လုံးထွေးသတ်ပုတ်နေစဉ် လှည့်ကင်းရဲတပ်ဖွဲ့က လာရောက်ထိန်းသိမ်းသောကြောင့် ၎င်းက ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစားများချွတ်၍ ကိုယ်လုံးတီးဖြင့် လမ်းပေါ်ထွက်ပြေးခဲ့သည်။

"လင်မယား ရန်ဖြစ်တာကို ရဲက လာထိန်းလို့ စိတ်ဆိုးပြီး အမျိုးသမီးက သူ့အဝတ်အစားတွေ အကုန်ချွတ်ချလိုက်တာ၊ သတ္တိရှိရင် ငါ့လာဖမ်းကြည့် နင်တို့ဘောင်းဘီပါ ဆွဲချပစ်မှာလို့ ရဲကို သူက ပြန်ခြိမ်းခြောက်နေတာ၊ သိပ်မကြာဘူး၊ အမျိုးသမီး ရဲတပ်ဖွဲ့ဝင်တွေ ရောက်လာပြီး သူ့ကိုဝိုင်းဖမ်းဆီးခဲ့ရတယ်၊ သာမန်လူဆိုရင်တော့ ဒီလို အပြုအမူမျိုး မလုပ်ဝံ့ဘူး၊ အမျိုးသမီးပုံစံက မူးယစ်မယ့် အရာတစ်ခုခု သုံးစွဲထားတဲ့ပုံပေါက်နေတယ်" ဟု ယင်းဖြစ်စဉ်ကို မျက်မြင်တွေ့ ခဲ့သည့် အမျိုးသားတစ်ဦးက ပြောကြားသည်။

ကိုယ်လုံးတီးအမျိုးသမီးနှင့် ၎င်း၏ခင်ပွန်းဖြစ်သူတို့ကို ရဲတပ်ဖွဲ့က ထိန်းသိမ်းပြီးနောက် စစ်ဆေးမေးမြန်းရာ အခင်းဖြစ်နေ့ နံနက်ပိုင်းက မြောက်ဥက္ကလာပမြို့နယ်ရှိ နေအိမ်မှ ရန်ကုန်မြို့အတွင်းသို့ အလုပ်ရှာရန် ၎င်းတို့နှစ်ဦး အတူထွက်လာခဲ့ပြီးနောက် အလုပ်ရှာမရသည့်ကိစ္စဖြင့် ယင်းည ၉ နာရီခွဲက အနော်ရထာလမ်းနှင့် ၁၁ လမ်းထိပ်အရောက် နှစ်ဦး အချင်းများ ရန်ဖြစ်ခဲ့ကြောင်း၊ ယင်းနောက် နှစ်ဦး သတ်ပုတ်နေစဉ် တာဝန်ရှိသူများက လာရောက် ထိန်းသိမ်းသည့်အပေါ် ဒေါသဖြစ်မိရာမှ ဝတ်ဆင်ထားသည့်အဝတ်အစားများကို ချွတ်ပစ်ခဲ့ကြောင်း အမျိုးသမီးက ထွက်ဆိုခဲ့ပြီး ယင်းဖြစ်စဉ်ကို လမ်းမတော်မြို့မှ ရဲစခန်းမှ အမှုဖွင့်အရေးယူထားခြင်း မရှိကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ S-03

## မှုခင်းသတင်းတိုများ

■ ဒဂုံအရှေ့မြို့နယ်၊ ၁၂ ရပ်ကွက်ရှိ CNG ဂက်စ်ဆိုင်တွင် မတ်လ ၂၇ ရက် နံနက် ၅ နာရီက တန်းစီနေသည့် YBS ယာဉ်နှစ်စီး နေရာလုရာမှ စကားများရန်ဖြစ်ကာ အသက် ၃၄ နှစ်အရွယ် YBS (၂၄) ယာဉ်မောင်းအမျိုးသားကို ယာဉ်လိုင်းအမှတ်(၂၇) ယာဉ်မှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့က ဝိုင်းထိုးကြိတ်ပြီး ခဲဖြင့် ထုခဲ့ကြောင်း သိရသည်။

■ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ငါးလုပ်ငန်းဦးစီးဝင်းတွင် မတ်လ ၂၈ ရက် နံနက် ၅ နာရီက အသက် ၄၃ နှစ်အရွယ် အမျိုးသားတစ်ဦး နေအိမ်ရှေ့ထုပ်တန်းတွင် ကြိုးဆွဲချ သေဆုံးခဲ့သောကြောင့် ရုပ်အလောင်းကို အင်းစိန်မြို့နယ်ဆေးရုံသို့ ပို့အပ်စစ်ဆေးနေသည်။

■ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၈ ရပ်ကွက်၊ စည်ပင်လမ်းတွင် မတ်လ ၂၈ ရက် ညနေ ၄ နာရီက Honda Fit အငှားယာဉ်တစ်စီးမှ လမ်းဖြတ်ကူးနေသော အသက် ၁၆ နှစ်အရွယ် မိန်းကလေးတစ်ဦးကို ဝင်တိုက်မိခဲ့သောကြောင့် ယာဉ်တိုက်ခံရသူမှာ ဖူးရောင်ပေါက်ပြဲဒဏ်ရာများ ရခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းသူ အငှားယာဉ်မောင်းမှ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

■ မြောက်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ ပိတောက်(၇)လမ်းတွင် မတ်လ ၂၈ ရက် နံနက် ၁၁ နာရီက လောင်းကစား သတင်းရရှိထားသည့် နေအိမ်ကို ဝင်ရောက်စစ်ဆေးခဲ့ရာ နှစ်လုံးထီဂဏန်းများ ရေးထားသည့် စာရွက်များနှင့်အတူ လောင်းကြေးငွေကျပ် ၈၆၅၀၀ နှင့် အိမ်ရှင်အမျိုးသားကို ဖမ်းမိခဲ့သည်။

■ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်းရှိ နတ်စင်လမ်းထိပ်တွင် မတ်လ ၂၈ ရက် နံနက် ၈ နာရီခွဲက ဘယ်တာ အမျိုးအစား ယာဉ်တစ်စီးမှ အရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းဖြတ်ကူးနေသော အသက် ၆၂ နှစ် အရွယ် အမျိုးသားတစ်ဦးကို ဝင်တိုက်မိခဲ့သောကြောင့် ယာဉ်တိုက်ခံရသူမှာ ဖူးရောင်ပေါက်ပြဲဒဏ်ရာများ ရခဲ့ပြီး ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ထားရသည်။

S-03

## မျက်နှာဖုံး - မောင်တောတွင် လက်ပစ်ဗုံးကွဲ၍ ရဲဘော်နှစ်ဦး မှ အဆက်

ဗုံးသီးအမျိုးအစား ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းပေါက်ကွဲမှုကြောင့်တပ်သား သူရိန်ဇော်နှင့် တပ်သားနေလင်းဌေးတို့ သေဆုံးခဲ့ပြီး ဒုတပ်ရင်းမှူး ဗိုလ်မှူးကျော်မင်းသွင်၊ ဗိုလ်ကြီးကျော်ဝင်း၊ ဒုတပ်ကြပ်တစ်ဦးနှင့် အခြားစစ်သည်တစ်ဦး ဒဏ်ရာရရှိခဲ့၍ တပ်မတော်စစ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိကြောင်း ၎င်းထံမှ သိရသည်။

ရခိုင်ပြည်နယ် အခြေစိုက် စကခ လက်အောက်ခံ တပ်ရင်းများသည် ၂၀၁၂ ခုနှစ်ကတည်းက နားချိန်မရှိဘဲ ရှေ့တန်းထွက်နေရမှုကြောင့် ပင်ပန်းပြီး ယခုကဲ့သို့ မတော်တဆမှားယွင်းခြင်းသာဖြစ်နိုင်ကြောင်း မောင်တောဒေသတွင် နယ်မြေအေးချမ်းရေးလုံခြုံရေးတာဝန်ယူဆောင်ရွက်နေသော တပ်မတော်သားများက သုံးသပ်ပြောဆိုသည်။

■ R-04

The VOICE Daily CARTOON



The VOICE Daily
Thursday, March 30, 2017



ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက လူ့ဘဝတွင် အကျိုးရှိရှိမည်သို့နေထိုင်ရမည်ကို သိရှိနိုင်စေရန်အတွက် ဟောကြားလျက်ရှိသော ‘ဘဝဖြောင့်ကြောင်း တစေ့တစောင်း’ တရားတော်ကို The Voice Weekly တွင် အပိုင်း ၃၃ အထိ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ The Voice Weekly တွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဖော်ပြနိုင်ခြင်းမရှိသဖြင့် ရပ်နားထားခဲ့သော အဆိုပါ ‘ဘဝဖြောင့်ကြောင်း တစေ့တစောင်း’ တရားတော်ကို The Voice Daily နေ့စဉ်သတင်းစာတွင် အပိုင်း ၃၄ မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့၌ ပုံမှန်ပြန်လည်ဖော်ပြသွားမည်ဖြစ်ပါကြောင်း စာဖတ်သူများကို လေးစားစွာအသိပေးအပ်ပါသည်။

အယ်ဒီတာ

ယမန်နေ့က အဆက်

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၄၉)

ဓမ္မဒူတအရှင်ဆေကိန္ဒ

ဘုန်း ဘုန်းတို့နိုင်ငံ ဘုန်းဘုန်းတို့ အညာကဆို ဒီထန်းလျက်ပေါ်တဲ့ အရပ်ဒေသဆို ချိုတာ ပိုကြိုက်ကြတာပေ့ါ။ ချိုချဉ်စပ်ငန် ခါးဖန်ကမ္ဘာကို လှည့်ကြည့် နေရာဒေသကိုလှည့်ကြည့် သူကြိုက်တဲ့နေရာ သူကြိုက် ကြတာပဲ။ ဘယ်လိုကြိုက်ကြလဲဆို အချိုလိုတဲ့နိုင်ငံမှာ အချိုကြိုက်ကြတာ။ အချဉ်လိုတဲ့နေရာမှာ အချဉ်ကြိုက်ကြတာ။ သူ့ရာသီဥတုနဲ့ အစပ်ကြိုက်တဲ့ နေရာမှာ အစပ်လိုတဲ့နေရာမှာ အစပ်ကြိုက်တာ။ ခန္ဓာကိုယ်က တောင်းဆိုတဲ့ပေါ် မူတည်ပြီးတော့ လိုအပ်လာကြတာလေ။ တအားအေးတဲ့နေရာတွေကျတော့ ချဉ်စပ်ပိုစားကြတာပေ့ါ။ ချဉ်စပ် ငန်ချဉ်စပ်တွေ စားကြတာပေ့ါ။ သဘာဝ ကိုကလည်းပဲ လောကကြီး ဒီလူသားတွေကိုစောင့်ရှောက်ပါတယ် သတ္တဝါတွေကို။ ဒီသတ္တဝါတွေ ဒီနေရာမှာ အချဉ်လိုမယ်ဆိုရင် အချဉ်တွေပေါ်ပေးတာ။ အချိုတွေ လိုမယ်ဆို အချိုပေါ်ပေးတာပေ့ါ။

ဘုန်းဘုန်းတို့ အဲ့ဒါ မုန့်ကြာခွက်လေးလုပ်တော့ စားကောင်းလိုက်တာ။ လျှာပေါ်မှာ အချိုကြိုက်တဲ့သူ ထန်းလျက်လေးပါတော့ ဘယ်လောက်ကောင်း။ နောက်ပြီးတော့လည်း အသံကရှိသေးတယ်။ ကျွတ်ကျွတ်ဆို ကလုပ်ကလုပ်ဆို ဘယ်လိုလုပ်ပြရမယ် မသိဘူး။ တကယ်ကို မုန့်ကြာခွက် ဒီကောက်ညှင်းခွက်ကို ယူပြီးတော့ ဝါးကိုပြလိုက်ချင်တာ။ အဲ့ဒီဝါးလိုက်ရတဲ့ အရသာလေးက နားထဲမှာ ပြန်ကြားရတယ်လေ။ နားထဲမှာ အသံပြန်ကြားပြီး အဲ့ဒီ အရသာလေးကိုကရှိတာ။ ဟိုမြင်ရတာကလည်း ဖွေးဖွေးဖွေးဖွေး ကောက်ညှင်းမှာ ဒီထန်းလျက်ရည် ညိုညိုမည်းမည်းလေးနဲ့ ဆိုတော့ ဘုန်းဘုန်းက မှတ်မိသေးတယ်။ အမှန်ကတော့ အမေကသင်ပေးတာ ကောက်ညှင်းခွက် အခြောက်လှန်းပြီး လို့ရှိရင် ကြော်ပြီးလို့ ထန်းလျက်ဖျန်းတဲ့အခါ ဘယ်လိုဖျန်းလဲဆို သူက အဝိုက်လေးတွေပဲ ဝိုက်တာပါပဲ။ ဘုန်းဘုန်းက မလုပ်ဘူး။ ပထမတော့ နာရီဝိုက်သလို လိုက်ဝိုက်တာ။ နောက်တော့ ဘာလုပ်ဆို ဒီထန်းလျက်ရည်လေးကို စာရေးသေးတာ။ အတွန့်အတက်လေး ဆွဲသေးတာ လှအောင်လုပ်သေးတာပေ့ါလေ။ ဒီကောက်ညှင်းခွက် အဖြူလေးမှာ ဒီထန်းလျက်ကလေး အရောင်လေးနဲ့ ပန်းလေးဆွဲထားတယ်။ ငယ်တုန်းက ဆွဲတာပြောပါတယ်။ ပန်းပွင့်လေးလို ဆွဲလိုက်တယ်။ တစ်ခါတလေကျ ကိုယ့်စိတ်ကူးထဲပေါ်တာ ကလေးကို ငယ်သေးတာကိုး။ ကြေးစည်ပုံလေး ဆွဲလိုက်တယ်။ ကိုယ်မြင်ဖူးတာ ဒါလေးလေ ကြေးစည်ပုံလေး ဆွဲလိုက်တယ်။ ဟာ ဟိုလိုလေး တုတ်ချောင်းလေး ကန့်လန့်လေးလုပ်လိုက်။ အမေက ဒီလို နာရီလေးလို ခရုပတ်လေးလို ဝိုက်ဝိုက်လေးဆွဲ။ သူ့လိုလည်း လုပ်ပါတယ်။ ကိုယ့်စိတ်ကူးနဲ့ကို လျှောက်လုပ်တော့ မျက်စိထဲမှာ အမြင်ဆန်းနေတာပေ့ါ။ အဖြူရယ် နီညိုလေးရယ် ထန်းလျက်ရောင်ပေ့ါလေ။ ပြီးတော့ စာရေးလို့လည်း ရတယ်ဆိုတော့ မြင်လိုက်ရင် ဒါလေးကိုက စိတ်ဝင်စားစရာပဲ။

အဲ့ဒီမှာ ဘုန်းဘုန်းတို့ ကိုယ်စားကောင်းတော့ အမေ အဲ့ဒါဆိုရင် သူများလည်း စားချင်မှာပဲပေ့ါ။ စိတ်ထဲကဖြစ်တာ။ ပိုတယ်ဆို အိမ်နီးနားချင်းတွေ ပေးတာပါ။ အဘအကြည် ဘာညာ အကုန်လုံး တောင်ဘက်အိမ် မြောက်ဘက်အိမ် စားကြတာပေ့ါလေ။ ပိုသေးရင် ဆွေမျိုးသားချင်းတွေ ပေးတာပေ့ါ။ ကြိုက်ကြတာပေ့ါ တွက်ကြည့်ပါလား။ အဲ့ဒီတော့ ကိုယ်တောင်စားကောင်းလို့ကြိုက်ရင် သူများလည်း စားချင်မှာပဲဆိုတဲ့ စိတ်ပေါ်ပြီး အမေ ဒါလေးလုပ်ရောင်းရင် မကောင်းဘူးလား။ ကောင်းတာပေ့ါ။ ဒီမနက်စာ ကောက်ညှင်းပေါင်း


ဓာတ်ပုံ – အောင်နိုင်

> “ကိုယ်ကောင်းကောင်းစားချင်သလို သူများ ကောင်းကောင်းစားချင်ရှာမှာပဲ။ အဲဒီစိတ်နဲ့ ဈေးရောင်းခဲ့တာ။ ဟာ ဈေးရောင်းရင် ပိုက်ဆံဝင်တယ် အမြတ်ရ မယ်။ အဲဒါကြောင့်မို့ မုန့်ကြာခွက်လုပ်ရောင်းရအောင် အဲဒီလို စီးပွားရေးမဟုတ်ဘူး။ ကိုယ်စားချင်သလို သူများစားချင်မှာပဲ။”

နဲ့ ပဲနဲ့စားတာကို ပေါင်းရင်းနဲ့ ပိုသွားတာကို လုပ်ရင်းနဲ့ အဲ့ဒီကောက်ညှင်းခွက် အဲ့ဒီမုန့်ကြာခွက်ကို ရောင်းဖြစ်တော့တာ။ ခုခေတ်စကားနဲ့ပြောရင် မြန်မာမုန့်ပေ့ါ။ ဘာဓာတ်ဆေးမှ မပါဘူး။ ထန်းဖိုထန်းလျက်ကြီးတွေ ကျိုပြီးတော့ ဒီကောက်ညှင်းစစ်စစ်တွေနဲ့ပဲ လုပ်တာ။ ဘယ်လောက် ရောဂါကင်းတုံး။ ပြီးကျတော့ စားကြည့်လေ စားပြီးရေဆာတယ်လေ။ အချိုကြောင့်လည်း ရေဆာတယ်၊ ကောက်ညှင်းစားလို့လည်း ရေဆာတယ်။ ဒါလေးစားလိုက် ရေလေးသောက်လိုက်။ ဗိုက်လည်းပြည့်တာပေ့ါ။ ဒါလေး ကြုံခဲ့ရတာလေး ဘုန်းဘုန်းက ဘာလို့ ပြောပြတာလဲ။ ကိုယ့်အကြောင်းတွေ ကိုယ်ပြန်ပြောနေတာပါဆို။ ဟုတ်တယ် ကိုယ့်အကြောင်း ကိုယ်ပြန်ပြောပြတာ။ ဒါပေမဲ့ ဒီအထဲမှာ ကိုယ့်ရဲ့စိတ်ဓာတ်ကလေးက ဘာတွေ့လာလဲ။

ကိုယ်ကောင်းကောင်းစားချင်သလို သူများ ကောင်းကောင်းစားချင်ရှာမှာပဲ။ အဲဒီစိတ်နဲ့ ဈေးရောင်းခဲ့တာ။ ဟာ ဈေးရောင်းရင် ပိုက်ဆံဝင်တယ် အမြတ်ရမယ်။ အဲဒါကြောင့်မို့ မုန့်ကြာခွက်လုပ်ရောင်းရအောင် အဲဒီလို စီးပွားရေးမဟုတ်ဘူး။ ကိုယ်စားချင်သလို သူများစားချင်မှာပဲ။ ဒီစိတ်ကလေးတစ်ချက် သွားတွေ့တယ်။ နောက်တစ်ခုကျပြန်တော့လည်း စားသောက်ကုန်ပေ့ါလေ။ အခုပြောနေကြတာဟာ နိုင်ငံတကာက မှောင်ခိုဝင်လာတဲ့ အစားအသောက်တွေက မသန့်ရှင်းတော့ ဓာတုဗေဒဆိုးဆေးတွေပါတော့ ရောဂါတွေများပြီး မြန်မာနိုင်ငံဟာ ကင်ဆာအဖြစ်အများဆုံး စာရင်းထဲဝင်ကုန်ပြီလို့ ဒါတွေလည်း တွေ့နေရတာ။ မြန်မာမုန့် တိုးတက်ကြီးပွားရေးလား ဘာလဲမသိပါဘူး။ မြန်မာမုန့် ပြန်လည်ဖော်ထုတ်ရေးလား အဲ့ဒီလို အဖွဲ့တွေဖွဲ့ပြီး မြန်မာမုန့်တွေ လုပ်မယ်တဲ့။ ဒါတွေလည်း တွေ့တော့ မြန်မာမုန့် ဘယ်လောက်ကောင်းထားတုံး။ မုန့်ကြာခွက် ကောက်ညှင်းခွက်။ ဒီအစားအသောက် တစ်ခု ကောင်းတယ်ဆိုတာကို ဘုန်းဘုန်းက အဲ့ဒီက

တည်းက သဘောပေါက်လိုက်တယ်။ လူတွေမှာက မျက်လုံးနဲ့ကြည့်ပြီး ကောင်းတယ်လို့ သတ်မှတ်တာရှိတယ်။ နားနဲ့ အသံနားထောင်ပြီး ကောင်းတယ်လို့ သတ်မှတ်တာရှိတယ်။ နှာခေါင်းနဲ့အနံ့ နမ်းပြီးတော့ ကောင်းတယ်လို့ သတ်မှတ်တာ ရှိတယ်။ ပါးစပ်နဲ့ လျှာပေါ်မှာ အရသာရှိလို့ ကောင်းတယ်လို့ သတ်မှတ်တာရှိတယ်။ ထားပါ ခန္ဓာကိုယ်နဲ့ ထိတာလည်း သတ်မှတ်ပြီးတော့ ကောင်းတယ်လို့သတ်မှတ်တာရှိတယ်။ ဒါလေးကို ငယ်ကတည်းက အဲ့ဒီဟာလေး မုန့်ကြာခွက် အကြောင်းပြုပြီး ဒါလေးက ဘုန်းဘုန်းက ပေါ်ထားတာ။ ဒီကောက်ညှင်းခွက်လေး အကြောင်းပြုပြီးတော့။

ကြည့်လိုက် ထမင်းဟင်းချက်ပြီဆိုရင် ဟင်းဟာ အရောင်မလှရင် ဘယ်သူမှ မစားချင်ဘူး။ ဒါ မျက်စိကစားတာပဲလေ။ ကောင်းတယ်လို့ သတ်မှတ်တာ။ ဒါပေမဲ့ ဟင်းစားတဲ့အခါမှာ ဒါခုနက မုန့်ကြာခွက်ပြောတာ ကောက်ညှင်းခွက်ပြောတာ။ တချို့တွေကျ တွက်ကြည့်ပါလား။ အစားအသောက်မှာလေ ဟိုနေပြည်တော်ကျောက်ခဲလို့ခေါ်တဲ့ နေပြည်တော်စာတမ်းလေးနဲ့ ကြက်ဥမြေပဲလှော်လေး ရှိတယ်။ ကိုက်လိုက်ရင် ကလောက်ဆို အဲ့ဒီအသံလေး ပြန်ကြားနေရရင်ကို သူက စားရတာ အရသာရှိတယ်။ နောက် ချိုချဉ်စပ်ငံ ခါးဖန် ကိုယ်ကြိုက်တဲ့ အရသာလေး လျှာပေါ်ရောက်ရင် ကောင်းတယ်လို့ သတ်မှတ်တာ။ နောက် အနံ့လေး မွှေးကြိုင်ပြီးတော့ ကိုယ်ကြိုက်တဲ့အနံ့လေးဆို ကောင်းတယ်လို့ သတ်မှတ်တာ။ နောက်ဆုံး ပျော့ပျော့လေး စားရတာကြိုက်ရင် လျှာနဲ့ပျော့ပျော့လေးနဲ့ ထိတာ။ မာမာလေးစားရတာကြိုက်ရင် လျှာနဲ့မာမာလေး ထိတာ။ ဒီငါးမျိုးသာ စုံအောင်လုပ်ပေး ဘယ်ဟာဖြစ်ဖြစ် လူတိုင်းကြိုက်တာပဲ။ အခု မုန့်ကြာခွက်ကို ကြည့်လိုက်တာနဲ့ ဘုန်းဘုန်းက သြော် အစားအသောက်ဆိုတာ ဒီလိုလုပ်ရတာပါလား။ ကြည့်လိုက်တာနဲ့ မျက်လုံးကို ဆွဲဆောင်မှုရှိအောင် မုန့်ကြာခွက်က။ ကလုပ်ကလုပ်နဲ့ ဝါးလိုက်ရင် နားကိုဆွဲဆောင်မှုရှိအောင်။ အချိုလေး လျှာပေါ်ရောက်သွားရင် ရိုးရိုးချိုတာမဟုတ်ဘူးနော်။ မထူးပါဘူး ပြောမယ့်ပြောရင် ကောက်ညှင်းပေါင်းကြီးကို ဒီအတိုင်းပေါင်းပြီးတော့ ကောက်ညှင်းပေါင်း အခြောက်လှန်းပြီး ဒီအတိုင်း ဆီနဲ့ကြော် ကြော်ပြီး ထန်းလျက်ကလေးထည့်။ အဲ့ဒီလိုတွေ မရတော့ဘူး။ ကောက်ညှင်းပေါင်းတုန်းက ဆားလေးထည့်ပေါင်းတာလေး မဟုတ်ဘူး။

တကယ် ကောက်ညှင်းပေါင်းစားတဲ့အခါ ပဲနဲ့စားတဲ့အခါကျတော့ ဆားထည့် နယ်စားတာကိုး။ ဒီကောက်ညှင်းခွက်၊ မုန့်ကြာခွက် လုပ်တဲ့အခါကျတော့ ဒီဖြန့်တဲ့အခါမှာ ဆားလေးအရည်ဖျော်ပြီး နည်းနည်းလေး ငန်ကျွက်ကျွက်လေး လုပ်ထားရတာ။ အဲ့ဒီအရသာလေးတစ်ခု ထည့်တာ ငန်တာပေ့ါ ဆားပေ့ါ။ တောမှာလုပ်တာပဲ ဟိုလို မြို့လို့ဘယ်ဟုတ်မှာတုံး။ အဲ့ဒီအရသာလေးရော ဘာရော အကုန်လုံးလုပ်ထားရင် တကယ်စားကောင်းတာ။ မြန်မာမုန့်ပေ့ါလေ။ အစားအသောက်လုပ်ရင် ဒါလေးတွေ ပြည့်စုံအောင် လုပ်ပေးရတယ်လို့ ဒီအသိလေးလည်း တိုးလာတယ်။ ဒါတင်မကဘူး ဘုန်းဘုန်း တစ်ချက်ကလေး မှားပြီးတော့ ပိုပြီး ကောက်ညှင်းပေါင်းမိတာကို အမေက ပိုတယ်လေဆို သွန်ပစ်တာမျိုး မရှိဘူး။ စွန့်ပစ်ပစ္စည်း ဖြစ်သွားပြီပေ့ါလေ စားလို့မကုန်ရင်။ အဲ့ဒီစွန့်ပစ်ပစ္စည်းကို ဒါခေတ်ပြောပြောတာပါ။ ငယ်တုန်းကတော့ ဘယ်စွန့်ပစ်ပစ္စည်းရမှာတုံး ဘယ်သိမှာတုံး။ ပိုတဲ့ပစ္စည်းကို အသုံးပြန်ချသွားတာ။ ဒါလေးလည်း တစ်ချက် သွားတွေ့တယ်။ နောက်ပြီးတော့ မိဘက သားသမီးကို ကိုယ့်ပညာရပ်ကို သင်ပေးခဲ့တယ်။ ဒါလေးလည်း သွားတွေ့တယ်။ ဒီလို ကိုယ့်ဘဝအတွေ့အကြုံ တွေ့ကြုံရတာလေးတွေက ဒါလေးတွေ တစ်ချက်တစ်ချက် ဘုန်းဘုန်းက ဒီလောက်ကလေးမြင်တာ ဒါပြောပြလို့ ဘုန်းဘုန်းထက်တောင် ပိုမြင်တဲ့သူတွေ ရှိဦးမယ်။ မိဘဆီက မျိုးရိုးအမွေခံတာရော စားသောက်ကုန်လုပ်ငန်း ထုတ်လုပ်တာရော နောက်ပြီးတော့ အဖြုန်းမရှိဘဲနဲ့ အသုံးဖြစ်အောင်ရော စွန့်ပစ်အပိုပစ္စည်းတွေကို အလဟဿ မဖြစ်စေတာရော။ နောက်ပြီးတော့ ကိုယ်တောင်စားချင်ရင် သူများတွေလည်း စားချင်မှာပဲ ဆိုတဲ့ စိတ်စေတနာနဲ့ ဈေးရောင်းတာရော။ ဒီအထဲမှာ အများကြီးပဲ ဒီဓာတ်ကလေးတွေ ပါလာတယ်။

အဲ့ဒီစိတ်ဓာတ် အဲ့ဒီစိတ်ဓာတ်ကောင်းလေးတွေဟာ လူဆိုရင် လူ့အတွက် ဘဝတိုးတက်တာပဲ။ အဲ့ဒီစိတ်ဓာတ်ကောင်း အဲ့ဒီအသိ အဲ့ဒီသဘောလေးတွေနဲ့ တကယ်ကိုယ့်မှာ ထဲထဲဝင်ဝင်ကို မျက်စိနဲ့လည်းမြင် နားနဲ့လည်းကြား တကယ်ခံစားချက် အပြည့်ရှိရင် ဒီလမ်းကြောင်းအတိုင်းလျှောက်ရင် ဖြောင့်တော့တာပေ့ါ။ ဘဝဖြောင့်ကြောင်း တစေ့တစောင်းဆိုတာ ဒီလိုဟာမျိုးလေးတွေ။ ဒီလိုလုပ်ရမယ် ပြောတာမဟုတ်ဘူး။ ဟာ ဘုန်းကြီးကပြောလို့ မုန့်ကြာခွက်လုပ်သလို လုပ်ချင်သပဆို လုပ်။ ဟာ ဒီလိုပဲ တို့ကလုပ်ရမှာ တခြားဟာလုပ်မရဘူး။ မဟုတ်ဘူး တခြားဟာကို ဒါလေးနည်းမှီပြီးတော့ လုပ်တတ်စေချင်တာ။ လုပ်စေချင်တာ လုပ်ဖြစ်သွားတာဟာ အဲ့ဒါ ဘဝဖြောင့်ဖို့ပဲ။ အဓိကကတော့ ဒီအတွေ့အကြုံပေါ်မှာ ဒီအသိလေးတွေ ဝင်လာတာ။ ဒီအသိလေးတွေ ဝင်လာတာလည်း ဒီစိတ်ဓာတ်ကြောင့်မို့စသည်အားဖြင့် အတွေ့အကြုံရယ်၊ အသိတရားရယ် ဒီစိတ်ဓာတ်ရယ်။ အဲ့ဒီဟာလေးတွေ သုံးခုလေးခု စသည်အားဖြင့် သူတို့ မိမိကြုံခဲ့ရတာလေးတွေကို အမှတ်ရပြီးတော့ ဒါလေးတွေဟာ ဘဝဖြောင့်ကြောင်းလေးတွေပဲလို့ သဘောပေါက်ပြီး အဲ့ဒါလေးတွေ လက်ကိုင်ထား ဆောင်ရွက်ရင် ဘဝဖြောင့်သထက် ဖြောင့်ပါတယ်။ လိုရာခရီး ရောက်ပါတယ်။ လိုရာခရီး ဘဝလမ်းကြောင်း ဖြောင့်ဖြောင့်တန်းတန်းနဲ့ ရောက်နိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း။

■ ဓမ္မဒူတအရှင်ဆေကိန္ဒ

# လက်မောင်းနေရာအတွက် တစ်နှစ်လျှင် စပွန်ဆာကြေး ပေါင် ၁၅ သန်းရရှိရန် မန်ယူ ရည်မှန်း

**မန်ချက်စတာ၊ မတ် ၂၉**

မန်ယူအသင်းသည် လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီတွင် အသင်းဂျာစီ၏ လက်မောင်းနေရာ၌ စပွန်ဆာအမှတ်တံဆိပ် ထည့်သွင်းလိုသော စီးပွားရေးလုပ်ငန်းစုများနှင့် စတင်ဆွေးနွေးနေပြီဖြစ်ကာ ၎င်းတို့အနေနှင့် လက်မောင်းနေရာအတွက် စပွန်ဆာစာချုပ် ချုပ်ဆိုရာက တစ်ဆင့် တစ်နှစ်ဝင်ငွေပမာဏ ပေါင် ၁၅ သန်းအထိ ရရှိနိုင်ရန် ရည်မှန်းထားကြောင်း မန်ယူက ထုတ်ပြန်ကြေညာထားသည်ဟု The Mirror က ဖော်ပြထားသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီသည် ပရီးမီးယားလိဂ်ပြိုင်ပွဲဝင်ကလပ်အသင်းများ ဝင်ငွေပိုမိုရရှိနိုင်စေရန်အတွက် လက်မောင်းနေရာတွင် စပွန်ဆာအမှတ်တံဆိပ် ထည့်သွင်းခွင့်ပေးအပ်လိုက်ခြင်းဖြစ်ကာ လက်ရှိတွင် မန်ယူ၏မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းက လက်မောင်းနေရာအတွက် တောင်ကိုရီးယားနိုင်ငံအခြေစိုက် ထိပ်တန်းစီးပွားရေးလုပ်ငန်းစုကြီးဖြစ်သည့် နီဇင်းတာယာနှင့် စပွန်ဆာစာချုပ် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

မန်စီးတီးသည် နီဇင်းတာယာထုတ်လုပ်ရေးလုပ်ငန်းစုနှင့် ဂျာစီအင်္ကျီလက်မောင်းနေရာအတွက် စပွန်ဆာစာချုပ် ချုပ်ဆိုခဲ့ရာကတစ်ဆင့် တစ်နှစ်ဝင်ငွေပမာဏ ပေါင် ၁၂ သန်း ရရှိလိမ့်မည်ဖြစ်ကာ နီဇင်းနှင့် ၎င်းတို့အကြားတွင် ချုပ်ဆိုခဲ့သော စပွန်ဆာစာချုပ်၏သက်တမ်းမှာ သုံးနှစ်ဖြစ်သည်ဟု မန်စီးတီးက ထုတ်ပြန်ကြေညာထားသည်။

မန်ယူအသင်းတာဝန်ရှိသူများသည် ၎င်းတို့အနေနှင့် ဂျာစီအင်္ကျီ၏လက်မောင်းနေရာအတွက် စပွန်ဆာစာချုပ် ချုပ်ဆိုနိုင်ရန် လွန်စွာနီးစပ်နေပြီဖြစ်ကြောင်း အသိပေးထားပြီး ၎င်းတို့နှင့်ဆွေးနွေးနေသော စီးပွားရေးလုပ်ငန်းစုများအနက် AON၊ DHLတို့နှင့်အတူ တရုတ်နှင့် အခြားသောပြည်ပနိုင်ငံများက စီးပွားရေးလုပ်ငန်းစုများ ပါဝင်သည်ဟု မန်ယူက ဆိုသည်။

မန်ယူသည် Deloitte က ထုတ်ပြန်သည့် ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးကလပ်အသင်းများစာရင်းတွင် စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်ကိုကျော်ဖြတ်၍ ထိပ်ဆုံးနေရာသို့ တက်လှမ်းရောက်ရှိလာခဲ့ပြီဖြစ်ကာ ၂၀၁၅-၁၆ ဘောလုံးရာသီတွင် ကဏ္ဍအရပ်ရပ်မှနေ၍ မန်ယူရှာဖွေရရှိခဲ့သည့် ဝင်ငွေပမာဏမှာ ၅၁၅ ဒသမ ၃ သန်းအထိ ရှိခဲ့သည်။ ■ E-11



BBC

# ပြည်တွင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျပ်သိန်း ၇၀၀ ခန့် ကုန်ကျမည်

**ရန်ကုန်၊ မတ် ၂၉**

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် ၂၀၁၇ ခုနှစ် ပြည်တွင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ကျပ်သိန်း ၇၀၀ ခန့် ကုန်ကျခံမည်ဟု ယင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုလေးကပြောကြားသည်။

ယင်းပြိုင်ပွဲကို မုတ္တမဟိုးဒင်း၊ မြန်မာဇွဲမာန်၊ မြဝတီဘဏ်လီမိတက်၊ ဖြိုးစည်သူကုမ္ပဏီလီမိတက်၊ KBZ Bank၊ အင်းဝဘဏ်လီမိတက်တို့က ထောက်ပံ့ပေးမည်ဖြစ်ကာ မေလမှ ဒီဇင်ဘာလအထိ ပြိုင်ပွဲခြောက်ခုဖြင့် ကျင်းပမည်ဟု ၎င်းက ပြောကြားသည်။

"ဒီပြိုင်ပွဲအတွက် ကုန်ကျစရိတ် ကျပ်သိန်း ၇၀၀ လောက် သုံးစွဲရမှာပါ။ ပြိုင်ပွဲမှာ ပရော်ဖက်ရှင်နယ်၊ အပျော်တမ်း၊ အမျိုးသမီးဂေါက်ရိုက် ပြိုင်ပွဲတွေအတွက် ချီးမြှင့်ပေးရမယ့် ဆုကြေးတင် ကျပ်သိန်းလေးရာနီးပါးရှိတယ်"ဟု ၎င်းက ရှင်းပြသည်။

ယင်းပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်၊ အပျော်တမ်း၊ အမျိုးသမီးဂေါက်ရိုက်ပြိုင်ပွဲဟူ၍ သုံးမျိုးကျင်းပမည်ဖြစ်ရာ ပရော်ဖက်ရှင်နယ်ပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် ကျပ်သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ကာ အပျော်တမ်းပြိုင်ပွဲ ချန်ပီယံကို ကျပ် ၁၀ သိန်းနှင့်တူညီသည့်ဆုများ၊ အမျိုးသမီးဂေါက်ရိုက်ပြိုင်ပွဲတွင် ပထမဆုရသူကို ကျပ်ရှစ်သိန်းနှင့်တူညီသည့်ဆုများ ချီးမြှင့်မည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ထားသည်။

နေပြည်တော်ရှိ ရေပြာတပ်မတော်ဂေါက်ကွင်းတွင် မေလ ၃ ရက်မှ ၆ ရက်အထိ၊ မော်လမြိုင်မြို့ရှိ ရွှေနတ်တောင်ဂေါက်ကွင်းတွင် မေလ ၂၅ ရက်မှ ၂၈ ရက်အထိ၊ ပဲခူးမြို့ရှိ ဟံသာဝတီဂေါက်ကွင်းတွင် ဇွန်လ ၁၅ ရက်မှ ၁၈ ရက်အထိ၊ ရန်ကုန်မြို့ရှိ ဥက္ကလာဂေါက်ကွင်းတွင် စက်တင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ၊ မြိတ်မြို့မြိတ်ဂေါက်ကွင်းတွင် နိုဝင်ဘာ၈ ရက်မှ ၁၁ ရက်အထိ၊ နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကွင်းတွင် ဒီဇင်ဘာ ၆ ရက်မှ ၉ ရက်အထိ အစဉ်လိုက် ကျင်းပမည်ဖြစ်သည်။

ယခုပြိုင်ပွဲသည် စတုတ္ထအကြိမ်မြောက်ကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး ကစားသမား ၂၀၀ ဦးခန့် ယှဉ်ပြိုင်မည်ဟု ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ထံမှ သိရသည်။ ■ J-04



# မက်ဆီကို လေးပွဲပယ် ပြစ်ဒဏ်ချမှတ်၊ မက်ဆီ မပါဝင်သည့်ပွဲများတွင် အာဂျင်တီးနား ရလဒ်ဆိုး

BBC

**ဇူးရစ်၊ မတ် ၂၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အာဂျင်တီးနားက ချီလီကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် စည်းကြပ်ဒိုင်လူကြီးများကို အမေနှင့်နှိုင်း၍ ရန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုခဲ့သည့် အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီကို လေးပွဲပယ်ပြစ်ဒဏ် ချမှတ်လိုက်ပြီဖြစ်ကြောင်း BBC က ဖော်ပြထားသည်။

မက်ဆီသည် ချီလီကစားသမားများက ၎င်းကို အကြိမ်ကြိမ် လူချကစားခဲ့သည်အား ဒိုင်လူကြီးများက ထိရောက်စွာ အရေးယူရန် ပျက်ကွက်ခဲ့သည့်အတွက် ဒေါသပေါက်ကွဲခဲ့ခြင်းဖြစ်ကာ ၎င်း၏မကျေနပ်ချက်များကို စည်းကြပ်ဒိုင်လူကြီးများထံ သွားရောက်စောဒကတက်ရာ၌ ယင်းကဲ့သို့ ဆဲဆိုသည့်အသုံးအနှုန်းကို မက်ဆီက ထည့်သွင်းသုံးလိုက်မိခြင်းဖြစ်သည်။

အာဂျင်တီးနားနှင့် ချီလီတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါကမ္ဘာ့ဖလား ခြေစစ်ပွဲကို တာဝန်ယူပွဲကြီးကြပ်ခဲ့သည့် ဘရာဇီးကွင်းလယ်ဒိုင်လူကြီး ဆန်ဒရိုရစ်စီသည် ကနဦး၌ ပွဲအပြီးအစီရင်ခံစာတွင် ယင်းကိစ္စကို ထည့်သွင်းဖော်ပြခဲ့ခြင်းမရှိဘဲ လွန်ခဲ့သည့် တနင်္လာနေ့သို့ရောက်မှသာ နောက်ဆက်တွဲအစီရင်ခံစာ ဆက်လက်ရေးသား၍ မက်ဆီကို အရေးယူသင့်ကြောင်း ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီထံသို့ တင်ပြလိုက်ခြင်းဖြစ်သည်။

ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ဘိုလီးဗီးယားနှင့် အာဂျင်တီးနားတို့၏ခြေစစ်ပွဲမစတင်မီ ငါးနာရီခန့်အလို၌ မက်ဆီကိုလေးပွဲပယ်ပြစ်ဒဏ် ချမှတ်အရေးယူလိုက်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်ခြင်းဖြစ်ပြီး အာဂျင်တီးနားမှာလည်း ဘိုလီးဗီးယားကို နှစ်ဂိုး ဂိုးမရှိဖြင့် အရေးနိမ့်ကာ ခြေစစ်ပွဲအောင်မြင်ရေးအတွက် ရုန်းကန်ရမည့်အခြေအနေများ ဖြစ်ပေါ်လာခဲ့ရပြီဖြစ်သည်။

အာဂျင်တီးနားသည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ခြေစစ်ပွဲများယှဉ်ပြိုင်ရာတွင် မက်ဆီမပါဝင်သည့်ပွဲများ၌ ရလဒ်ဆိုးများဖြင့် ရင်ဆိုင်ရလေ့ရှိပြီး မက်ဆီပါဝင်ခြင်းမရှိသည့် ခြေစစ်ပွဲ ရှစ်ပွဲတွင် အာဂျင်တီးနားက တစ်ပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးရလဒ်ဖြင့် ရမှတ်ခုနစ်မှတ်သာ ရယူနိုင်ခဲ့သည်။

အာဂျင်တီးနားသည် မက်ဆီပါဝင်သည့် ခြေစစ်ပွဲ ခြောက်ပွဲတွင်မူ ငါးပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၁၅ မှတ် ရယူနိုင်ခဲ့ပြီး မက်ဆီ၏ပွဲပယ်ပြစ်ဒဏ်အရ ဥရုဂွေး၊ ဗင်နီဇွဲလား၊ ပီရူးတို့နှင့် ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားပွဲစဉ်များကို မက်ဆီမပါဝင်ဘဲ အာဂျင်တီးနားက ဆက်လက်ယှဉ်ပြိုင်သွားရတော့မည်ဖြစ်သည်။

ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် မက်ဆီကို ပွဲပယ်ပြစ်ဒဏ်အပြင် ဒဏ်ကြေးငွေအဖြစ် ပေါင် ၈,၁၀၀ ပေးဆောင်စေခဲ့ပြီး မက်ဆီ၏ပွဲပယ်ပြစ်ဒဏ်အတွက် အယူခံတင်သွင်းမည်၊ မသွင်းမည်ကိုမူ အာဂျင်တီးနား ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။ ■ E-11

# ပေါင်ဒဏ်ရာရခဲ့သည့်အတွက် လယ်လာနာ တစ်လနားရမည်

**လန်ဒန်၊ မတ် ၂၉**

လီဗာပူးကွင်းလယ်ကစားသမား လယ်လာနာသည် အင်္ဂလန်လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ နိုင်ငံတကာပွဲစဉ်များ ပါဝင်ကစားပေးခဲ့ရာတွင် ပေါင်ဒဏ်ရာရရှိသွားခဲ့သည့်အတွက် တစ်လကြာ အနားယူရတော့မည်ဖြစ်ကာ လယ်လာနာ ဒဏ်ရာရသွားသည်မှာ အသင်းအတွက် ကြီးစွာသော ထိုးနှက်ချက်ပင်ဖြစ်ကြောင်း လီဗာပူးနည်းပြ ဂျာဂင်ကလော့ပ်က ပြောကြားလိုက်သည်ဟု Sportmail က ဖော်ပြထားသည်။

လယ်လာနာသည် ဂျာမနီနှင့် ခြေစမ်းပွဲ၊ လစ်သူယေးနီးယားနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲတို့ကို အင်္ဂလန်အတွက် ပါဝင်ကစားပေးခဲ့ကာ လက်ရှိတွင် လယ်လာနာ၏ဒဏ်ရာကို လီဗာပူးအသင်းဆေးအဖွဲ့တာဝန်ရှိသူများက စစ်ဆေးမှုများ စတင်ဆောင်ရွက်နေပြီလည်းဖြစ်သည်။

လယ်လာနာသည် လက်ရှိဘောလုံးရာသီတွင် လီဗာပူးအတွက် ပရီးမီးယားလိဂ်ပွဲစဉ်ပေါင်း ၂၇ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ဒဏ်ရာအခြေအနေအရ လယ်လာနာမှာ လီဗာပူးအသင်း၏ရှေ့လာမည့်ပွဲစဉ် ငါးပွဲခန့်ကို လွဲချော်နိုင်ကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်နေသည်။



AP

လီဗာပူးသည် လာမည့်စနေနေ့တွင် အဲဗာတန်အသင်းနှင့် မာဆေးဆိုက်ဒါဘီ ပရီးမီးယားလိဂ်ပွဲစဉ် ယှဉ်ပြိုင်ရလိမ့်မည်ဖြစ်ကာ ယင်းပွဲစဉ်အပါအဝင် ဘုန်းမောက်၊ စတုတ်စီးတီး၊ ဝက်စ်ဘရွန်း၊ ခရစ္စတယ်လ်ပဲလေ့စ်တို့နှင့်ကစားရမည့် ပရီးမီးယားလိဂ်ပွဲစဉ်များကို လယ်လာနာက လွဲချော်ရဖွယ်ရှိနေသည်။

လယ်လာနာသည် လက်ရှိဘောလုံးရာသီတွင် လီဗာပူးအတွက် သွင်းဂိုး ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ် ရယူပံ့ပိုးပေးနိုင်ခဲ့ပြီး အစောဆုံးအဖြစ် မေလ ၁ ရက်နေ့တွင် ဝက်ဖို့ဒ်နှင့်ယှဉ်ပြိုင်ရမည့် ပရီးမီးယားလိဂ်ပွဲစဉ်သို့ရောက်မှသာ လီဗာပူးအတွက် လယ်လာနာက ပြန်လည်ကစားပေးနိုင်ဖွယ်ရှိနေပြီဖြစ်သည်။

လီဗာပူးသည် လက်ရှိတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ချန်ပီယံလိဂ်ပြိုင်ပွဲပါဝင်ကစားခွင့်တစ်နေရာစာကို ရယူနိုင်ရန် စပါး၊ မန်စီးတီး၊ မန်ယူ၊ အာဆင်နယ်တို့နှင့်အပြိုင်ဖြစ်နေပြီး အသင်းခေါင်းဆောင် ဟန်ဒါဆန်နှင့် တိုက်စစ်မှူး စတာရစ်ချ်တို့ ကြံ့ခိုင်မှုမပြည့်ဝသည့်အချက်များကလည်း လီဗာပူးအတွက် ထိုးနှက်ချက်များဖြစ်နေသည်။ ■ E-11



# အာဆင်နယ်ကစားသမားများကို ခေါ်ယူရန် ပရီးမီးယားလိဂ်ပြိုင်ဘက်များ စောင့်ကြည့်

**လန်ဒန်၊ မတ် ၂၉**

ပရီးမီးယားလိဂ်ပြိုင်ဘက်ကလပ်အသင်းများသည် အာဆင်နယ်အသင်းတည်ငြိမ်မှုကင်းမဲ့နေသည်ကို အကြောင်းပြု၍ အာဆင်နယ်အသင်းအမာခံပွဲထွက်ကစားသမားများကို ၎င်းတို့ထံသို့ခေါ်ယူရန်အတွက် ချဉ်းကပ်မှုများရှိနေကြပြီဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။

ချယ်လ်ဆီးနည်းပြ ကွန်တီသည် အာဆင်နယ်နှင့် စာချုပ်သစ်ဆွေးနွေးရာတွင် အဆင်မပြေဖြစ်နေသော တိုက်စစ်မှူးဆန်းချက်ဇ်ကို ခေါ်ယူရန် ဆန္ဒရှိနေကာ မန်ယူနည်းပြမော်ရင်ညိုကလည်း ရီးရဲလ်မက်ဒရစ်ကို တာဝန်ယူခဲ့စဉ်ကာလအတွင်း ၎င်းနှင့်လက်တွဲအလုပ်လုပ်ခဲ့ဖူးသော ကွင်းလယ်လူ အိုဇေးလ်ကို အခွင့်အရေးရပါက မန်ယူထံသို့ ခေါ်ယူရန် စောင့်ကြည့်မှုများရှိနေသည်။

ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့သည် လက်ရှိဘောလုံးရာသီ ပြီးဆုံးချိန်တွင် အာဆင်နယ်နှင့် စာချုပ်သက်တမ်း တစ်နှစ်သာ ကျန်ရှိကြတော့မည်ဖြစ်ကာ လက်ရှိအခြေအနေများအရ ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့တောင်းဆိုထားသည့် လုပ်ခလစာများကို အာဆင်နယ်အသင်းတာဝန်ရှိသူများက လိုက်လျောခြင်းမရှိပါက ယင်းကစားသမားနှစ်ဦးကို စာချုပ်သစ်ချုပ်နိုင်ရန်မှာ မလွယ်ကူနိုင်တော့သည့် အခြေအနေ ဖြစ်လျက်ရှိသည်။

ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့သည် စာချုပ်သစ်ချုပ်ရန်အတွက် ၎င်းတို့၏ တစ်ပတ်လုပ်ခလစာ အကျိုးခံစားခွင့်ကို ပေါင် နှစ်သိန်းခွဲအထိ တိုးမြှင့်ပေးရန် တောင်းဆိုထားပြီး အာဆင်နယ်အသင်းတာဝန်ရှိသူများဘက်က အမြင့်ဆုံးအဖြစ် တစ်ပတ်လုပ်ခ လစာကို ပေါင်နှစ်သိန်းသာ ပေးချေနိုင်မည်ဟု တင်းခံလိုက်အပြီးတွင် ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့က စာချုပ်သစ်ကိစ္စကို ရာသီကုန်မှသာ ဆက်လက်ဆွေးနွေးတော့မည်ဟု အချိန်ရွှေ့လိုက်ကြပြီဖြစ်သည်။

အခြားသော အာဆင်နယ်ကစားသမားများဖြစ်ကြသည့် တိုက်စစ်တောင်ပံကစားသမား ချိန်ဘာလိန်းနှင့် ဘုန်းမောက်ထံသို့ အငှားသွားရောက်ကစားနေသော ကွင်းလယ်လူ ဝီလ်ရှိုင်းယားတို့သည်လည်း အသင်းကိုစွန့်ခွာရန် စဉ်းစားနေကြပြီဖြစ်ကာ မန်ယူနည်းပြမော်ရင်ညိုခေါ်ယူလိုလျက်ရှိသည့် ကစားသမားစာရင်းတွင် အိုဇေးလ်အပြင် ချိန်ဘာလိန်းလည်း ပါဝင်နေကြောင်း သတင်းများထွက်ပေါ်နေသည်။

အာဆင်နယ်အသင်း တာဝန်ရှိသူများသည် အသင်း၏ကစားသမားများကို ပြိုင်ဘက်ပရီးမီးယားလိဂ်ကလပ်အသင်းများထံ လက်မလွှတ်ရစေရေးအတွက် အစီအစဉ်တစ်ရပ် ရေးဆွဲနေပြီး အကယ်၍ အိုဇေးလ်၊ ဆန်းချက်ဇ်နှင့် ချိန်ဘာလိန်းတို့ကို ရောင်းထုတ်ရမည့်အခြေအနေဖြင့် မလွဲမသွေ ရင်ဆိုင်လာခဲ့ရပါက ပြည်ပကလပ်များသို့သာ ရောင်းထုတ်မည်ဟု အာဆင်နယ်အသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်။ ■ E-11

# ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်သည့် ပထမဆုံးအသင်းအဖြစ် ဘရာဇီး မှတ်တမ်းဝင်

**ဆော်ပေါ်လို၊ မတ် ၂၉**

ဘရာဇီးလက်ရွေးစင် ဘောလုံးအသင်းသည် ရုရှားနိုင်ငံတွင်ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပထမဆုံး ခြေစစ်ပွဲအောင်မြင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်ကာ နည်းပြတီတီ၏လက်အောက်တွင် ဘရာဇီးလက်ရွေးစင်အသင်းမှာ ခြေစမ်းပွဲအပါအဝင် ပွဲစဉ်ပေါင်းကိုးပွဲဆက်တိုက် အနိုင်ရထားပြီဖြစ်ကြောင်း AFP က ဖော်ပြထားသည်။

ဘရာဇီးသည် ၂၀၁၈ ကမ္ဘာ့ဖလား တောင်အမေရိကဇုန် ခြေစစ်ပွဲ ပွဲစဉ်(၁၄)တွင် ပါရာဂွေးအသင်းနှင့်ယှဉ်ပြိုင်ခဲ့ရပြီး အဆိုပါပွဲစဉ်ကို ကော်တင်ညို၊ နေမာနှင့် မာဆယ်လိုတို့၏ သွင်းဂိုးများနှင့်အတူ ဘရာဇီးက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘရာဇီးသည် တောင်အမေရိကဇုန်တွင် ခြေစစ်ပွဲ ၁၄ ပွဲယှဉ်ပြိုင်အပြီး၌ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခွင့်ကို ရယူသွားနိုင်ခဲ့ခြင်းဖြစ်ပြီး ကစားခဲ့ပြီးသည့် ခြေစစ်ပွဲ ၁၄ ပွဲတွင် ဘရာဇီးက ၁၀ ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ်ပေါင်း ၃၃ မှတ်ရရှိကာ ခြေစစ်ပွဲအောင်မြင်သွားခဲ့ခြင်းဖြစ်သည်။

ပီရူးက ဥရုဂွေးကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် ခြေစစ်ပွဲသည် ဘရာဇီးအသင်း တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်ခွင့်ရစေရန် ကြီးစွာသောအထောက်အပံ့တစ်ရပ်ဖြစ်ခဲ့ပြီး ယင်းပွဲစဉ်တွင် ဥရုဂွေးအသင်း အရေးနိမ့်သွားခဲ့ခြင်းက ဘရာဇီးကို တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်စေရန် ပံ့ပိုးပေးလိုက်ခြင်းဖြစ်သည်။

အီကွေဒေါအသင်းကို အဝေးကွင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ကိုလံဘီယာသည် ဥရုဂွေးကို ကျော်ဖြတ်၍ ခြေစစ်ပွဲအမှတ်ပေးဇယား၏ဒုတိယနေရာသို့ တက်လှမ်းရောက်ရှိလာခဲ့ပြီဖြစ်ကာ ဘိုလီးဗီးယားကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သော အာဂျင်တီးနားကမူ ခြေစစ်ပွဲအမှတ်ပေးဇယား၏အဆင့်ငါးနေရာသို့ ကျဆင်းရောက်ရှိသွားခဲ့ပြီဖြစ်သည်။

တောင်အမေရိကဇုန်သည် ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခွင့်အတွက် ဝင်ခွင့်ပမာဏ ၄ ဒသမ ၅ နေရာရရှိထားပြီး အဆင့်တစ်မှ အဆင့်လေးအတွင်း ရပ်တည်နိုင်သောအသင်းများမှာ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ခွင့်ကို ရယူနိုင်ကြလိမ့်မည်ဖြစ်သည်။ အဆင့်ငါးနေရာရရှိသောအသင်းကမူ ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားခွင့်အတွက် ထပ်ဆင့်ခြေစစ်ပွဲ ဆက်လက်ယှဉ်ပြိုင်ရလိမ့်မည်ဖြစ်သည်။ ■ E-11

**၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲများ (တောင်အမေရိကဇုန်)**

ဘရာဇီး ၃ - ၀ ပါရာဂွေး
ဘိုလီးဗီးယား ၂ - ၀ အာဂျင်တီးနား
အီကွေဒေါ ၀ - ၂ ကိုလံဘီယာ
ပီရူး ၂ - ၁ ဥရုဂွေး
ချီလီ ၃ - ၁ ဗင်နီဇွဲလား



# စပိန်နှင့် ပြင်သစ်တို့၏ခြေစမ်းပွဲတွင် အရေးပါသော ဆုံးဖြတ်ချက်နှစ်ခုကို ဗီဒီယိုနည်းပညာအကူအညီဖြင့် ချမှတ်




**ပဲရစ်၊ မတ် ၂၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် စပိန်က ပြင်သစ်ကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် နိုင်ငံတကာခြေစမ်းပွဲတွင် ဗီဒီယိုနည်းပညာအကူအညီဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ထည့်သွင်းအသုံးပြုစေခဲ့ကာ ယင်းပွဲစဉ်ကို တာဝန်ယူ ကိုင်တွယ်ခဲ့သည့် ဂျာမနီကွင်းလယ်ဒိုင်လူကြီး ဖီးလစ်ခ်ဇွာယာမှာ ဗီဒီယိုဒိုင်လူကြီးအကူအညီဖြင့် အရေးပါသောဆုံးဖြတ်ချက်နှစ်ခုကို မှန်ကန်စွာ ချမှတ်နိုင်ခဲ့ကြောင်း ESPN က ဖော်ပြထားသည်။

ဒိုင်လူကြီး ဇွာယာသည် ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်း၏ခေါင်းတိုက်သွင်းဂိုးကို ဗီဒီယိုနည်းပညာအကူအညီအဖြင့် လူကျွံဘောအဖြစ် ပြောင်းလဲသတ်မှတ်ပေးနိုင်ခဲ့ကာ စပိန်ကွင်းလယ်လူ ဒယ်လ်လိုဖူ၏သွင်းဂိုးမှာလည်း ဗီဒီယိုဒိုင်လူကြီး၏အဆုံးအဖြတ်ကြောင့် ဂိုးအဖြစ်သတ်မှတ်ပေးခံခဲ့ရခြင်းဖြစ်သည်။

ဂရစ်ဇ်မန်းသည် ကွင်းလယ်လူ ကာဇာဝါက ခေါင်းတိုက်ချပေးလိုက်သည့် ဘောလုံးကို ဂိုးအဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး ဘောလုံးကို ခေါင်းတိုက်ချပေးလိုက်ချိန်တွင် ကာဇာဝါက လူကျွံအနေအထား၌ ရှိနေခဲ့ကြောင်းကို ဗီဒီယိုနည်းပညာဖြင့် စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက် ယင်းဂိုးကို ဒိုင်လူကြီးဇွာယာက ချက်ချင်းပင် ပယ်ဖျက်ပစ်ခဲ့ခြင်းဖြစ်သည်။

စပိန်ကွင်းလယ်လူ ဒယ်လ်လိုဖူသည် အသင်းအတွက် ဒုတိယမြောက်အနိုင်ဂိုးကို ပွဲကစားချိန် ၇၇ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ယင်းဂိုးကို သွင်းယူချိန်၌ ဒယ်လ်လိုဖူမှာ လူကျွံနေသည်ဟု စည်းကြပ်ဒိုင်လူကြီးက အလံထောင်ခဲ့သော်လည်း ဗီဒီယိုနည်းပညာအကူအညီဖြင့် စစ်ဆေးရာတွင် လူမကျွံကြောင်းတွေ့ရှိလိုက်ရသည့်အတွက် ဒိုင်လူကြီးဇွာယာက ဂိုးအဖြစ်သတ်မှတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဗီဒီယိုဒိုင်လူကြီးများသည် အငြင်းပွားဖွယ်ဖြစ်စဉ်တစ်ရပ်ကို စက္ကန့် ၃၀ အတွင်း တိကျစွာ အဖြေထုတ်ပေးနိုင်စွမ်းရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကာ လာမည့် ၂၀၁၇ ခုနှစ် တိုက်ကြီးများဖလားပြိုင်ပွဲနှင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲတို့တွင် ဗီဒီယိုဒိုင်လူကြီးများ၏အခန်းကဏ္ဍမှာ ယခုထက်ပို၍ အရေးပါလာလိမ့်မည်ဟု ဖီဖာက ယုံကြည်ချက်ထားရှိနေပြီလည်း ဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများသည် ပြင်သစ်နှင့် စပိန်တို့ ယှဉ်ပြိုင် ကစားခဲ့သည့် ခြေစမ်းပွဲတွင် ဗီဒီယိုနည်းပညာက လွန်စွာအရေးပါခဲ့ကြောင်း ထောက်ခံပြောဆိုထားပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း ယင်းနည်းပညာကို အမြန်ဆုံးအသုံးပြုရန် စဉ်းစားသင့်ပြီဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီကို ၎င်းတို့က တိုက်တွန်းနေပြီဖြစ်သည်။ ■ E-11

# မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှယူ-၂၀ ဖူဆယ်ပြိုင်ပွဲ ယနေ့အုပ်စုမဲခွဲမည်

**ရန်ကုန်၊ မတ် ၂၉**

မြန်မာ့လက်ရွေးစင် ယူ-၂၀ ဖူဆယ်အသင်း ပါဝင်ယှဉ်ပြိုင်မည့် ပထမအကြိမ် အာရှယူ-၂၀ ဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ထိုင်းနိုင်ငံ၌ ယနေ့ (မတ်လ ၃၀ ရက်) တွင် ပြုလုပ်မည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် ဖူဆယ်ပြိုင်ပွဲများအနက် ပထမဆုံးအကြိမ်ကျင်းပမည့် သက်တမ်းအလိုက်ပြိုင်ပွဲကို ယခုနှစ်တွင် စတင်ကျင်းပခြင်းဖြစ်ပြီး အသင်းပေါင်း ၂၂ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ မေလ ၃၀ ရက်၊ မြန်မာစံတော်ချိန် ၂ နာရီ ၃၀ မိနစ်၌ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် အုပ်စုမဲခွဲပွဲ ပြုလုပ်မည်ဟု ယင်းအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

မေ ၁၆ ရက်မှ ၂၆ ရက်အထိကျင်းပမည့် ယင်းပြိုင်ပွဲတွင် အသင်းခြောက်သင်းပါဝင်မည့် အုပ်စုနှစ်ခုနှင့် အသင်းငါးသင်းပါဝင်မည့် အုပ်စုနှစ်ခု ပါဝင်မည်ဖြစ်ပြီး ပထမနှင့် ဒုတိယရရှိသည့်အသင်းများ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရန် အိမ်ရှင်ထိုင်း၊ အီရန်၊ ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်၊ ဂျပန်၊ အီရတ်၊ ပါကစ္စတန်၊ ကာတာ၊ လက်ဘနွန်၊ ဆော်ဒီအာရေဗျ၊ တရုတ်တိုင်ပေ၊ တာဂျစ်ကစ္စတန်၊ တရုတ်၊ မလေးရှား၊ မြန်မာ၊ အာဖဂန်နစ္စတန်၊ ဘာရိန်း၊ ဘရူနိုင်း၊ ဟောင်ကောင်၊ မွန်ဂိုလီးယားနှင့် ယူအေအီးအသင်းတို့ စာရင်းပေးထားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသား ယူ-၂၀ ဖူဆယ်အသင်းကို လက်ရှိကျင်းပနေသည့် ၂၀၁၇ မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲမှ ထူးချွန်သည့် လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားပြီး ဧပြီလကစ၍ တစ်လကြာ စခန်းဝင်လေ့ကျင့်မည်ဟု ကစားသမားရွေးချယ်ရေးအဖွဲ့ဝင် ဦးဌေးမြင့်က ပြောကြားသည်။ ■ J-04



Getty Images

## အလုပ်မပြီးသေးဘဲ မထွက်ခွာဟု အီဘရာဟီမိုဗစ် ဖွင့်ဟ၊ အီရစ်ဒီယာကိုခေါ်ယူရန် မော်ရင်ညို စောင့်ကြည့်

**မန်ချက်စတာ၊ မတ် ၂၉**

မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ၎င်းအနေနှင့် အလုပ်တစ်ခုကို ဆုံးခန်းတိုင်အောင် လုပ်တတ်လေ့ရှိသူဖြစ်ကာ အလုပ်မပြီးဘဲနှင့် နေရာတစ်ခုကို စွန့်ခွာသွားရန် မည်သည့်အခါကမျှ မစဉ်းစားခဲ့ဖူးကြောင်း ဖွင့်ဟပြောကြားလိုက်သည်ဟု Sportmail က ဖော်ပြထားသည်။

အီဘရာဟီမိုဗစ်သည် မန်ယူနှင့် စာချုပ်သက်တမ်းတိုးမည်၊ မတိုးမည်ကို သတင်းထောက်များက မေးမြန်းရာတွင် ယင်းသို့ ဖြေကြားသွားခဲ့ခြင်းဖြစ်ပြီး ၎င်း၏ ပြောစကားများကိုထောက်ချင့်သုံးသပ်ပါက အီဘရာဟီမိုဗစ်မှာ မန်ယူထံတွင် ဆက်ရှိနေရန် သေချာလုနီးပါးရှိနေပြီဖြစ်သည်။

အီဘရာဟီမိုဗစ်သည်ကမ္ဘာ့အကောင်းဆုံး ကလပ်အသင်း၊ ကမ္ဘာ့အကောင်းဆုံး ထိပ်တန်းနည်းပြတို့နှင့် လက်တွဲ အလုပ်လုပ်ခွင့်ရနေသည်ကို ၎င်းအနေနှင့် လွန်စွာကျေနပ်အားရမိကြောင်း အသိပေးသွားခဲ့သေးကာ အင်္ဂလန်နိုင်ငံ၏အကောင်းဆုံး ကလပ်အသင်းနှင့်အတူ ထိပ်တန်းအဆင့် အောင်မြင်မှုများကို မရယူနိုင်သေးသည့်အတွက် ရည်မှန်းထားသောအလုပ် မပြီးမြောက်သေးဟု ၎င်းအနေနှင့် ခံစားနေရခြင်းဖြစ်ကြောင်းလည်း အီဘရာဟီမိုဗစ်က ဆက်လက်ရှင်းပြခဲ့သည်။

မန်ယူနည်းပြ မော်ရင်ညိုသည် အသင်းကွင်းလယ်ကိုအင်အားဖြည့်တင်းရန်အတွက် လာမည့် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် စပါးကွင်းလယ်လူ အီရစ်ဒီယာကိုခေါ်ယူရန် ပြင်ဆင်နေပြီဖြစ်ကာ အီရစ်ဒီယာကို ရရှိရန်အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၄၀ နှင့်အထက် အသုံးပြုသွားမည်ဟု မော်ရင်ညိုက ရည်မှန်းထားလျက်ရှိသည်။

အသက် ၂၃ နှစ်အရွယ်ရှိအီရစ်ဒီယာသည် ၂၀၁၄ ခုနှစ်တွင် ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းမှနေ၍ စပါးထံသို့ ပြောင်းရွှေ့ကြေးပမာဏ ပေါင်သုံးသန်းဖြင့် ရွှေ့ပြောင်းရောက်ရှိလာခဲ့သူဖြစ်ကာ စပါးအသင်း ချန်ပီယံလိဂ်ပါဝင် ကစားခွင့်လွဲချော်၍ မန်ယူက ချန်ပီယံလိဂ်ဝင်ခွင့်ရသည့်အခြေအနေမျိုး ဖြစ်ပေါ်လာခဲ့ပါကမူ အီရစ်ဒီယာအပြောင်းအရွှေ့အထမြောက်သွားနိုင်သည်ဟု ပရီးမီးယားလိဂ်ပြိုင်ပွဲအကဲဖြတ်များက သုံးသပ်ထားကြသည်။

မော်ရင်ညိုသည် အီရစ်ဒီယာမှာ ကာရစ်၏နေရာကို အစားဝင်နိုင်မည့်သူဟု အခိုင်အမာ ယုံကြည်ထားပြီး မန်ယူနှင့် ကာရစ်အကြားတွင် ချုပ်ဆိုထားသော စာချုပ်မှာ လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ မန်ယူသည် ကာရစ်ကို တစ်နှစ်သက်တမ်း စာချုပ်သစ်ချုပ်ရန် စီစဉ်ထားသော်လည်း တရားဝင်ကမ်းလှမ်းခြင်း မရှိသေးပေ။

■ E-11

## ခြေစစ်ပွဲအောင်မြင်ရန် အခွင့်အရေးရှိဆဲဟု ဂတ်ဆီဇီဆို

**ရန်ကုန်၊ မတ် ၂၉**

အာရှဖလားခြေစစ်ပွဲ အဖွင့်ပွဲစဉ်တွင် အိန္ဒိယအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း မြန်မာအသင်းအနေနှင့် ခြေစစ်ပွဲအောင်ရန် အခွင့်အရေး ရှိနေဆဲဖြစ်ကြောင်း မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဆီဇီက ပြောကြားသည်။

ယူအေအီးနိုင်ငံတွင် ကျင်းပမည့် အာရှဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ခြေစစ်ပွဲ၏ အုပ်စု (က) အဖွင့်ပွဲစဉ်အဖြစ် မြန်မာအသင်းက အိန္ဒိယအသင်းကို အိမ်ကွင်းတွင် လက်ခံကစားခဲ့သော်လည်း နောက်ကျသွင်းဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းနှင့် ပတ်သက်၍ ၎င်းကပြောကြားခြင်းဖြစ်သည်။

“အသင်းအနေနဲ့ ဒီပွဲ (အိန္ဒိယနှင့်ပွဲ) မှာ ကစားပုံကောင်းခဲ့ပေမယ့် အဆုံးသတ်အားနည်းခဲ့လို့ ရှုံးခဲ့တာပါ။ ကျွန်တော်တို့ နောက်ပွဲတွေ ပြန်လာနိုင်မှာပါ။ မျှော်လင့်ချက်တွေ မကုန်သေးပါဘူး။ နောက်ပွဲတွေမှာ ရလဒ်ကောင်းဖို့ကြိုးစားသွားမှာပါ”ဟု ဂတ်ဆီဇီက ပြောဆိုသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အိန္ဒိယအသင်းကို အိမ်ကွင်းတွင် အသာစီးကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုကြောင့် ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ဘဲ အိန္ဒိယအသင်းက အချိန်ပိုကစားချိန်တွင် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရသွားခဲ့သည်။

အုပ်စုအခြားပွဲစဉ်အဖြစ် ကာဂျစ်စတန်အသင်းနှင့် မကာအိုအသင်းတို့၏ ပွဲတွင်လည်း ကာဂျစ်စတန်အသင်းက မကာအိုအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်ပင် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲစဉ်အဖြစ် ဇွန်လ ၁၃ ရက်တွင် မကာအိုနိုင်ငံတွင် ကစားရမည်ဖြစ်ကာ စက်တင်ဘာ ၅ ရက်နေ့တွင်လည်း ကာဂျစ်စတန်အသင်း၏ကွင်းတွင် ကစားရမည်ဖြစ်ရာ နှစ်ပွဲဆက်တိုက် အဝေးကွင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အုပ်စုအသီးသီးမှ ပထမနှင့် ဒုတိယရရှိသည့်အသင်းများသာ ယူအေအီးနိုင်ငံတွင် ကျင်းပမည့် နောက်ဆုံးအဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။■J-04

## နိုင်ငံတကာသွင်းဂိုး အများဆုံးကစားသမားစာရင်းတွင် စီရော်နယ်ဒို အဆင့်ကိုးသို့ တက်လှမ်း



**လစ္စဘွန်း၊ မတ် ၂၉**

ပေါ်တူဂီလက်ရွေးစင်အသင်း ခေါင်းဆောင် စီရော်နယ်ဒိုသည် နိုင်ငံတကာသွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် အဆင့်ကိုးနေရာသို့ တက်လှမ်းရောက်ရှိလာခဲ့ပြီဖြစ်ကာ လက်ရှိတွင် စီရော်နယ်ဒို၏နိုင်ငံတကာသွင်းဂိုး အရေအတွက်မှာ ၇၁ ဂိုး ရှိနေပြီဖြစ်ကြောင်း Inside Football က ဖော်ပြထားသည်။

စီရော်နယ်ဒိုသည် ဆွီဒင်က ပေါ်တူဂီကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် ခြေစမ်းပွဲတွင် အသင်းအတွက် အဖွင့်ဂိုးကို ပွဲကစားချိန် ၁၈ မိနစ်၌ ရယူပေးနိုင်ခဲ့ပြီး ယင်းဂိုးမှာ စီရော်နယ်ဒို၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း ၇၁ ဂိုးမြောက် နိုင်ငံတကာသွင်းဂိုးအဖြစ် မှတ်တမ်းဝင်သွားခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ထိုင်းတိုက်စစ်မှူး ကိုင်တီဆတ်၊ ဆော်ဒီအာရေဗျတိုက်စစ်မှူး မာဂျစ်၊ ဂျာမနီတိုက်စစ်မှူး ကလိုဆေးတို့၏ နိုင်ငံတကာသွင်းဂိုးစံချိန်ကို အမီလိုက်သွားနိုင်ခဲ့ခြင်းဖြစ်ပြီး ဘရာဇီးဂန္ထဝင်တိုက်စစ်မှူး ပီလီ၏နိုင်ငံ တကာသွင်းဂိုးစံချိန်ကို လိုက်မီနိုင်ရန်အတွက်လည်း စီရော်နယ်ဒိုက သွင်းဂိုးခြောက်ဂိုးသာ လိုတော့သည်။

လက်ရွေးစင်ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း နိုင်ငံတကာသွင်းဂိုး အများဆုံးရယူထားနိုင်သည့် ကစားသမားအဖြစ် စံချိန်တင်ထားသူမှာ အီရန်တိုက်စစ်မှူး အလီဒါအီဖြစ်ပြီး အီရန်လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ၁၉၉၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်တိုင်သည်အထိ လက်ရွေးစင်ကစားသမားဘဝ ဖြတ်သန်းခဲ့ရာတွင် အလီဒါအီ ရယူနိုင်ခဲ့သော သွင်းဂိုးအရေအတွက်မှာ ၁၀၉ ဂိုး ရှိခဲ့သည်။

စီရော်နယ်ဒိုသည် ဥရောပတိုက်သားဘောလုံးကစားသမားများအနက်မှနေ၍ နိုင်ငံတကာသွင်းဂိုး အများဆုံးရယူနိုင်သူများစာရင်းတွင် တတိယနေရာသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ဒုတိယနေရာတွင် ရပ်တည်နေသော ဟန်ဂေရီတိုက်စစ်မှူး ကော့ဆစ်၏ သွင်းဂိုးစံချိန် ၇၅ ဂိုးကို အမီလိုက်နိုင်ရန်အတွက် စီရော်နယ်ဒိုက သွင်းဂိုးလေးဂိုးသာ လိုအပ်တော့သည်။

စီရော်နယ်ဒိုသည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပေါ်တူဂီလက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ခြေစစ်ပွဲများ ကစားခဲ့ရာ၌ သွင်းဂိုး ကိုးဂိုးအထိ ရယူထားနိုင်ပြီဖြစ်ပြီး လာမည့်ဇွန်လတွင် လတ်ဗီးယားနှင့်ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ရုရှားနိုင်ငံတွင်ကျင်းပမည့် တိုက်ကြီးများဖလား ပြိုင်ပွဲတို့၌ လက်ရှိအတိုင်း ခြေစွမ်းပြနိုင်ခဲ့မည်ဆိုပါက ကော့ဆစ်၏ သွင်းဂိုးစံချိန်ကို အမီလိုက်နိုင်ရန် စီရော်နယ်ဒိုက အခွင့်အလမ်းများ ရလာနိုင်ဖွယ်ရှိနေသည်။

စီရော်နယ်ဒိုသည် ပေါ်တူဂီနှင့် ဆွီဒင်တို့ယှဉ်ပြိုင်ခဲ့သည့် ခြေစမ်းပွဲမတိုင်မီတွင် ၎င်း၏ဇာတိဖြစ်သော မာဒိုင်ရာမြို့အနီးသို့ ယူရိုဆုဖလားကြီးကို လှည့်လည်သယ်ဆောင်ပြသခဲ့ပြီး ယင်းခြေစမ်းပွဲအပြီး တစ်ရက်အကြာတွင် မာဒိုင်ရာလေဆိပ်ကို စီရော်နယ်ဒိုလေဆိပ်ဟု အမည်ပြောင်းအခမ်းအနားသို့ ၎င်းက ဆက်လက်တက်ရောက်ချီးမြှင့်ခဲ့သည်။

■ E-11

**နိုင်ငံတကာသွင်းဂိုးအများဆုံးကစားသမား ငါးဦး**

| | |
|---|---|
| ၁။ အလီဒါအီ(အီရန်) | - ၁၀၉ ဂိုး |
| ၂။ ကာမာမိုတို(ဂျပန်) | - ၈၀ ဂိုး |
| ၃။ ဟူဆိန်ဆအိဒ်(အီရတ်) | - ၇၈ ဂိုး |
| ၄။ ပီလီ(ဘရာဇီး) | - ၇၇ ဂိုး |
| ၅။ ချီတာလူး(ဇမ်ဘီယာ) | - ၇၆ ဂိုး |

**ဥရောပတိုက်သားများအနက်မှ နိုင်ငံတကာသွင်းဂိုးအများဆုံးကစားသမား ငါးဦး**

| | |
|---|---|
| ၁။ ပွတ်ရှ်ကပ်စ်(ဟန်ဂေရီ) | - ၈၄ ဂိုး |
| ၂။ ကော့ဆစ်(ဟန်ဂေရီ) | - ၇၅ ဂိုး |
| ၃။ စီရော်နယ်ဒို(ပေါ်တူဂီ) | - ၇၁ ဂိုး |
| ၄။ ကလိုဆေး(ဂျာမနီ) | - ၇၁ ဂိုး |
| ၅။ ရော်ဘီကိန်း(အိုင်ယာလန်) | - ၆၈ ဂိုး |

## မန်စီးတီးနှင့်ပွဲအပြီးတွင် ဆုံးဖြတ်ချက်ကို အာစင်ဝင်းဂါး ကြေညာမည်၊ တာဝန်ဆက်ယူရန် သေချာလုနီးပါးရှိ

**လန်ဒန်၊ မတ် ၂၉**

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် လာမည့်တနင်္ဂနွေနေ့တွင် မန်စီးတီးနှင့်ယှဉ်ပြိုင်ရမည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီး၌ ၎င်း၏အနာဂတ်နှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်ကို အသိပေးကြေညာလိမ့်မည်ဖြစ်ကြောင်း The Sun က ဖော်ပြသည်။



AP

အသက် ၆၇ နှစ်အရွယ်ရှိ အာစင်ဝင်းဂါးသည် လွန်ခဲ့သည့်သီတင်းပတ်အနည်းငယ်ခန့်ကတည်းကပင် အနာဂတ်အတွက် အပြီးသတ်ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်ကြောင်း ဖွင့်ဟပြောကြားထားကာ အသင်းအားပေး သူပရိသတ်များက ဆန့်ကျင်ကန့်ကွက်နေသော်လည်း အာဆင်နယ်နည်းပြအဖြစ် အာစင်ဝင်းဂါး ဆက်ရှိနေရန်မှာ သေချာလုနီးပါးရှိနေပြီဖြစ်ကြောင်း သတင်းများလည်း ထွက်ပေါ်နေသည်။

အာဆင်နယ်အသင်း အဓိကရှယ်ယာရှင် အမေရိကန်သန်းကြွယ်သူဌေး ခရွန်ကီသည် အာစင်ဝင်းဂါးကို ၂ နှစ်သက်တမ်း စာချုပ်သစ်တစ်ရပ် ကမ်းလှမ်းထားပြီးဖြစ်ကာ အာဆင်နယ်ထံတွင် နည်းပြအဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသော အသင်း ကွင်းလယ်ကစားသမားဟောင်း ရောဘတ်ပီရက်စ်ကလည်း အာဆင်နယ်နည်းပြအဖြစ် အာစင်ဝင်းဂါး ဆက်လက်တာဝန်ထမ်းဆောင်သွားလိမ့်မည်ဟု ၎င်းအနေနှင့် အခိုင်အမာယုံကြည်ထားကြောင်း ဖွင့်ဟပြောကြားထားသည်။

အာစင်ဝင်းဂါးသည် နိုင်ငံတကာပွဲစဉ်များ ကျင်းပနေခဲ့သည့် လွန်ခဲ့သည့်သီတင်းပတ်အတွင်း၌ ပြင်သစ်နိုင်ငံသို့ သွားရောက်ကာ အာဆင်နယ်၏ပြင်သစ်နိုင်ငံဆိုင်ရာ ဘောလုံးကင်းထောက်လုပ်ငန်းစဉ်များကို တိုးချဲ့ရန် သွားရောက်ဆွေးနွေးခဲ့ပြီး ပြင်သစ်နိုင်ငံဆိုင်ရာ အာဆင်နယ်အသင်း ကင်းထောက်အကြီးအမှူး ဂျီမန်ဒီကလည်း အာစင်ဝင်းဂါးထံတွင် အာဆင်နယ်အတွက် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ အစီအမံများ ရှိနေသေးသည်ကို သိရှိလိုက်ရပြီးသည့်နောက်၌ ၎င်းအနေနှင့် အသင်းနည်းပြရာထူး၌ အာစင်ဝင်းဂါး ဆက်ရှိနေဦးမည်ကို ခန့်မှန်းလိုက်နိုင်သည်ဟု အသိပေးသွားခဲ့သည်။

အာစင်ဝင်းဂါးသည် အသင်းကို ပြင်သစ် လူငယ်မျိုးဆက်သစ်များဖြင့် ပြင်ဆင်ဖွဲ့စည်းသွားရန် ဆန္ဒရှိကြောင်း ဂျီမန်ဒီကို အသိပေးခဲ့ပြီး အာဆင်နယ်၏ ပြင်သစ်နိုင်ငံဆိုင်ရာ ကင်းထောက်ကွန်ရက်မှာ အသင်းအတွက် ပီတစ်၊ အနယ်လ်ကာ၊ ပီရက်စ်၊ နာဆရီနှင့် အဒီဘာယောတို့ကဲ့သို့သော ပါရမီရှင်ကစားသမားများကို အတိတ်ကာလက ရှာဖွေပေးနိုင်ခဲ့ဖူးသည်။

■ E-11

# FOREIGN AFFAIRS



BBC

ကျောက်မီးသွေးတူးဖော်မှုကို အမေရိကန်ပြည်ထောင်စုအနေနှင့် ဆက်လက်တိုက်ဖျက်တော့မည်မဟုတ်ဟု ထရမ့်ကဆိုထားသည်

## အိုဘားမား၏ ရာသီဥတုပြောင်းလဲမှုထိန်းချုပ်ရေး မူဝါဒများ ပြင်ဆင်ရန် ထရမ့်အမိန့်ထုတ်

**ဝါရှင်တန် မတ် ၂၈**

ရာသီဥတုပြောင်းလဲလာမှုထိန်းချုပ်ရေးအတွက် အိုဘားမားလက်ထက်က ချမှတ်ခဲ့သော စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်သော ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်တစ်ရပ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်ကြောင်း BBC သတင်းက ဖော်ပြထားသည်။

ယခုအမိန့်က "ကျောက်မီးသွေး စစ်ပွဲ" နှင့် "အလုပ်အကိုင်ဆုံးရှုံးစေသော စည်းမျဉ်းများ" ကို အဆုံးသတ်စေလိမ့်မည်ဟု ထရမ့်က ပြောကြားခဲ့သည်။

စွမ်းအင်လွတ်လပ်မှုဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်မှာ အိုဘာမားလက်ထက်က ချမှတ်ခဲ့သော စည်းမျဉ်းစည်းကမ်း ဒါဇင်ဝက်ခန့်ကို ရုပ်ဆိုင်းခဲ့ပြီး ရုပ်ကြွင်းလောင်စာ သုံးစွဲမှု ပြန်လည်အားကောင်းစေမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းကြီးများက ထရမ့်၏လုပ်ရပ်ကို ထောက်ခံခဲ့ကြသော်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများက ရှုတ်ချခဲ့ကြသည်။

အိမ်ဖြူတော်ရှေ့တွင် ရာဂဏန်းခန့်ရှိသော ဆန္ဒပြသူများစုဝေးပြီး ထရမ့်၏ အမိန့်ကို ကန့်ကွက်ခဲ့ကြသည်။

ထရမ့်သည် ကျောက်မီးသွေးတွင်းတူးလုပ်သားများခြံရံပြီး ယခုအမိန့်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

"ဒီကနေ့ ကျွန်တော်လက်မှတ်ရေးထိုးလိုက်တဲ့ အမိန့်ဟာ အမေရိကန်စွမ်းအင်အပေါ် ကန့်သတ်မှုတွေကို ဖယ်ရှားပေးမယ့်သမိုင်းဝင်ခြေလှမ်းဖြစ်ပြီးအစိုးရရဲ့ ဝင်ရောက်စွက်ဖက်မှုကို ပြောင်းပြန်လှန်ပစ်ဖို့၊ အလုပ်အကိုင်ဆုံးရှုံးစေတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ဖျက်သိမ်းဖို့ရည်ရွယ်တာပါ" ဟု ထရမ့်က ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရရှိခဲ့သည့် ပါရီ နိုင်ငံတကာ ရာသီဥတုပြောင်းလဲလာမှု ထိန်းချုပ်ရေးသဘောတူစာချုပ်မှ နုတ်ထွက်မည်ဟုလည်း ထရမ့်က မဲဆွယ်ကာလအတွင်း ပြောကြားထားခဲ့ဖူးသည်။

အိုဘားမားသည် ရာသီဥတုပြောင်းလဲလာမှုမှာ အမှန်တကယ်ဖြစ်ပွားနေသည့် ဖြစ်စဉ်ဖြစ်ပြီး လျစ်လျူရှု၍ မရနိုင်ဟု သတ်မှတ်ခဲ့သော်လည်း ထရမ့်ကမူ လုပ်ဇာတ်သာဖြစ်သည်ဟု မှတ်ချက်ပေးခဲ့ဖူးသည်။

ပါရီသဘောတူစာချုပ်ပါ အမေရိကန်ကတိကဝတ်များ ပြည့်မီနိုင်စေရန် အိုဘားမား ချမှတ်ထားခဲ့သည့် ပြည်နယ်များကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး သန့်ရှင်းသော စွမ်းအင်စီမံချက်ကို ထရမ့်က ပယ်ဖျက်လိုက်ပြီဖြစ်သည်။

အိုဘားမား၏ယင်းစီမံချက်မှာ ရေနံ၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ အမြောက်အမြား သုံးစွဲမှုအပေါ် မှီခိုနေရသည့် စီးပွားရေးလုပ်ငန်းများရှိသော ရီပတ်ဘလစ်ကန်တို့ လွှမ်းမိုးထားသည့် ပြည်နယ်များတွင် လူကြိုက်မများခဲ့ပေ။

ယမန်နှစ်က အိုဘားမား၏ ယင်းအစီအစဉ်ကို ပြည်နယ်အချို့က ကန့်ကွက်ခဲ့ကြပြီး ဆိုင်းငံ့ထားရန် တရားရုံးချုပ်က ဆုံးဖြတ်ခဲ့သည်။

ထရမ့်အစိုးရက ယင်းအစီအစဉ်ကို ပယ်ဖျက်လိုက်ခြင်းဖြင့် ပြည်သူအများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေမည်ဖြစ်ပြီး တင်သွင်းသည့်လောင်စာအပေါ် မှီခိုနေရမှု လျှော့ချနိုင်မည်ဟု သုံးသပ်ထားသည်။

အမေရိကန်၏ စွမ်းအင်ထုတ်လုပ်မှု ရှေ့ဆက်သွားရန် ရည်ရွယ်ထားသည်ဟုလည်း ထရမ့်အစိုးရက ထုတ်ပြန်ခဲ့သည်။

■ F-03

# ALSO IN NEWS

## အမေရိက အငယ်ဆုံး ၁၁ နှစ်သား ယောဂဆရာ

တာဘေးအက်ကင်စ်ဟာ အသက်ခြောက်နှစ်ကတည်းက ယောဂကို လေ့ကျင့်ကစားခဲ့တာဖြစ်ပါတယ်။ အသက် ၁၀ နှစ်မှာ ယောဂဆရာဖြစ်သင်တန်းကို တက်ရောက်ခဲ့ပြီး လက်မှတ်ရရှိခဲ့ပါတယ်။ ယခုအခါ အသက် ၁၁ နှစ်ရှိသွားပြီဖြစ်ပြီး ကယ်လီဖိုးနီးယားပြည်နယ် ဆန်ကလီမန်တီမြို့က Care4Yoga သင်တန်းကျောင်းမှာသင်ကြားပေးနေတာဖြစ်ပါတယ်။ ငယ်ရွယ်တဲ့ ဒီဂုရုလေးရဲ့ လေးစားအားကျရသူကတော့ ယောဂဆရာမ သူ့မိခင်ဖြစ်ပါတယ်။ သူ့မိခင်ရဲ့ယောဂလေ့ကျင့်တဲ့ စခန်းလေးကို ဒေသခံလူကြီးတွေရော လူငယ်တွေပါ နှစ်သက်ကြပါတယ်။ ကင်ဆာဝေဒနာ စတင်ခံစားရစဉ်က မိခင်ဖြစ်သူ ဆာဟယ်အန်ဗာရီနီဂျက် က ယောဂကစားခဲ့ပြီး ကင်ဆာပျောက်လည်း ဆက်ကစားနေခဲ့တာဖြစ်ပါသတဲ့။ ဒီနောက်မှာ ပတ်ဝန်းကျင်ကလူတွေလည်း ကျန်းမာတဲ့ဘဝနေနည်းကို ရရှိအောင် ယောဂ အတန်းလေးဖွင့်ခဲ့တာဖြစ်ပါတယ်။ ခုတော့ သားဖြစ်သူက မိခင်ခြေရာနင်းနေပါပြီ။

■ F-02



## ဘရာဇီးမှာ ရောမအန်နာကွန်ဒါမြွေကြီးက သွားနေတဲ့ကားကို တိုက်ခိုက်

တောလမ်းလေးအတိုင်း အေးအေးလူလူ ကားမောင်းလာတဲ့အခါ ကားလေကာမှန်ပေါ်ကို ရောမမြွေကြီးတစ်ကောင် ခုန်တက်လာမယ်လို့ ဘယ်သူက ထင်ပါ့မလဲ။ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ကားကိုတိုက်ခိုက်နေလိုက်တာ ယာဉ်မောင်းသူခမျာ ကားကို မနည်းထိန်းခဲ့ရပါတယ်။ ဘရာဇီးမှာဖြစ်ပျက်ခဲ့တဲ့ ဒီကာလအတွင်းမှာ ဗီဒီယိုရိုက်ကူးလိုက်သူက အင်တာနက်ပေါ် ပြန်တင်ခဲ့တာဖြစ်ပါတယ်။

အန်နာကွန်ဒါမြွေမျိုးဟာ ကမ္ဘာပေါ်မှာ အကြီးဆုံးမြွေအမျိုးအစားဖြစ်ပြီးတော့ ပေ ၂၀ လောက်အထိ ရှည်လျားကာ လူကို လွယ်လွယ်လေး သတ်လိုက်နိုင်ပါတယ်။ ဒီမြွေမျိုးတွေဟာ တောင်အမေရိက တောတွေထဲမှာ တောဘုရင်တွေဖြစ်ကြပြီး သူ့လမ်းကြောင်းပေါ်က ဘယ်လိုသတ္တဝါကိုမဆို ရန်ပြုနိုင်ပါတယ်။ ယာဉ်မောင်းကတော့ မြွေကြီးတိုက်ခိုက်နေတာတောင် တည်ငြိမ်စွာနဲ့ ကားကိုမောင်းပြီး ပြန်လည်ရင်ဆိုင်ခဲ့ပါတယ်။ နောက်ဆုံးတော့ သူဟာ အဲဒီမြွေဆိုးကြီးရဲ့ရန်ကနေ လွတ်မြောက်သွားခဲ့ပါတယ်။

■ F-02

